စိတ်ကူးချိုချိုအနုပညာ

ပျဉ်းမနားမြို့
စိုက်ပျိုးရေးသင်တန်းကျောင်း
တည်ထောင်သူ

# ဗိုလ်ကိတ်ကြီး၏ အတ္ထုပ္ပတ္တိ

မောင်ယု(ဘီအေ)

ဒုတိယအကြိမ်



မြန်မာပြည်မှာ မွေး၍ ၁၂ နှစ်သားထိ နေထိုင်ကြီးပြင်းခဲ့သူ၊
ထိုမှ အမေရိကန်ပြည်သို့ ပညာဆက်လက် သွားရောက်သင်ကြားပြီး
စိုက်ပျိုးရေးပညာ မဟာဝိဇ္ဇာဘွဲ့ရသည့်အခါ ပြန်လာလျက်
သာသနာ့လုပ်ငန်း အခြေခံကာ မြန်မာပြည်နှင့်
မြန်မာလူမျိုးတို့အတွက် ၃၁ နှစ်တိုင် ဆောင်ရွက်သွားခဲ့သူ၊
မြန်မာပြည်ပေါက် မျက်နှာဖြူ အညာသား၊
အားလုံးက ဗိုလ်ကိတ်ကြီးဟု ချစ်စနိုးခေါ်ကြသူ၊
သူတကာထက် ထွားကျိုင်းပြီး သူတကာ့ထက် မြင့်မြင့်မားမားကြံစည်သူ၊
**ငြိမ်းချမ်းရေးပြဿနာကြီး၏ အဖြေသည် သီလနှင့် မနဖြစ်ကြောင်းကို**
**သိရှိကြိုးပမ်းခဲ့သူ၊ အူမပေါ်မှာ သီလတည်ကြောင်း၊**
**ဗမာသစ် ကမ္ဘာသစ်တည်ထောင်မည်ဆိုလျှင် လူတိုင်း**
**သီလစောင့်ကြရမည်။ သို့သော်**
**သီလမစောင့်မီ အူမတောင့်ပြီးဖြစ်ရမည်ဟု ယုံကြည်လျက်**
မြန်မာပြည်အနှံ့သာမက ကမ္ဘာအထိ သတင်းပျံ့လွှင့်ကာ
နိုင်ငံခြားတိုင်းပြည်များက လာရောက်နည်းယူခဲ့ရသည့်
ပျဉ်းမနားစိုက်ပျိုးရေးသင်တန်းကျောင်းကြီးကို မဖြစ်မနေ
အပြင်းအထန် တည်ထောင်ဆောင်ရွက်ခဲ့သူတစ်ဦး၏
ဖြစ်ရပ်မှန် အတ္ထုပ္ပတ္တိ။



ISBN9789997110794
ANB89
9 789997 110794
1,700.00KS

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း–၅၄၆၈၄၅၊ ၅၄၈၂၀၈

ဗိုလ်ကိတ်ကြီး၏အတ္ထုပ္ပတ္တိ၊ မောင်ယု(ဘီအေ)
စာမျက်နှာ ၁၂၆++ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၁ အမြင်သစ်စာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁ ၇ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

ပျဉ်းမနားစိုက်ပျိုးရေးသင်တန်းကျောင်းကို
တည်ထောင်ခဲ့သော

# ဗိုလ်ကိုတ်ကြီး၏အတ္ထုပ္ပတ္တိ

## မောင်ယု(ဘီအေ)

ဒုတိယအကြိမ်၊ ၂၀၁၉

ပျဉ်းမနားမြို့ စိုက်ပျိုးရေးသင်တန်းကျောင်းကို

တည်ထောင်ခဲ့သော

# ဗိုလ်ကိတ်ကြီး၏ အတ္ထုပ္ပတ္တိ

# Life of Brayton Clarke Case

Missionary to Burma, 1914-1944

By

Mg Yu B.A.

(Based on the letters of B.C.Case)

**To all interested in improvement of Agriculture in Burma.**

---

"It is better to lose life like a spendthrift than to waste it like a miser. It is better to live and be done with it than to die daily in fear of death. It is not only in finished undertakings that we ought to honour useful labour. A spirit goes out of the man who means execution, which outlives the most untimely ending. All who have meant good work with their whole hearts, have done good work, although they may die before they have time to sign it. Every heart that has beat strong and cheerfully has left a hopeful impulse behind it in the world, and bettered the tradition of mankind. And even if death catch people, like an open pitfall, and in mid career, laying out vast projects, and planning monstrous found dations, flushed with hope, is there not something brave and spirited in such a termination and does not life go down

with a better grace, foaming in full body over a precipice, than miserably. straggling to an end in sandy deltas? When the Greeks made their fine saying that those whom the gods love die young, I cannot help believing thay had this sort of death in their eye. For surely, at whatever age it overtake, the man this is to die young. Death has not been suffered to take so much as an illusion from his heart. In the hot fit of life, a tip-toe on the highest point of being, he passes at a bound on to the other side. The noise of mallet and chisel is scarcely quenched, the trumpets are hardly done blowing, when trailing with him clouds of glory, this happy-starred, full-blooded spirit shoots into the spiritual land."

Robert Louis Stevenson, in "Æs Triplex"

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏ အမှာစကား | က |
| – | အချီး | င |
| ၁။ | သာသနာ့ဝန်ထမ်းနှင့် ဟသ်ာတ | ၁ |
| ၂။ | ဥယျာဉ်အစ ဟသ်ာတ | ၁၄ |
| ၃။ | လက်သီးလက်ဝါး | ၂၀ |
| ၄။ | ကျောင်းဆောက်ပြီ | ၂၇ |
| ၅။ | ဗိုလ်(ဘို)ကိတ်ကြီး | ၃၃ |
| ၆။ | အကြံအောင်စပြုပြီ | ၄၂ |
| ၇။ | ကြို့ပင်သာရွာ | ၅၀ |
| ၈။ | ဗိုလ်ကြီးကိတ် | ၅၉ |
| ၉။ | စကားထဲက တရားပါ | ၆၇ |
| ၁၀။ | ဝက်တရား၊ ကြက်တရား | ၇၆ |
| ၁၁။ | ဗိုလ်ကိတ်ဆိုမှပဲ | ၉၆ |
| ၁၂။ | ဆရာမကြီး ကိတ် | ၁၀၅ |
| ၁၃။ | ဂျပန်တွေ လာပြီ | ၁၀၉ |
| ၁၄။ | ငါ့သား | ၁၁၄ |
| ၁၅။ | ပြည်တော်ပြန် | ၁၁၉ |


□

## စာရေးသူ၏ အမှာစကား

၁၉၂၇ ခုလောက်က ရန်ကုန်မြို့တွင် ကျရောက်သည့် ပြည်လုံးကျွတ် သာသနာစည်းဝေးတွင် သင်းအုပ်ဆရာများ တရားပွဲသို့ တက်ရောက်ဖူးသည်။ တရားပွဲဆိုလျှင် အကြော တက်လွယ်လှသည်။ အညောင်းဖြေဆိုသလို တရားပွဲအပြင် သို့ ခေတ္တလစ်၍ ခြေလက်ဆန့်ခိုက် အစည်းအဝေးအတွင်းမှ ကျယ်လောင်လောင်နှင့် အညာသားကြီးတစ်ယောက် ထ၍ ကြိမ်းဝါးနေယောင်ယောင် ကြားသဖြင့် အမေရိကန်အသိုက် ကို ဘယ်ဗမာများ ဝင်စီးပါလိမ့်မလဲလို့။ တရားပွဲသို့ ခပ်သုတ်သုတ် ဝင်လာရာ မျက်နှာဖြူ အညာသားကြီး တစ် ယောက် လက်သီးလက်မောင်းတန်း၍ လယ်သဲမား မြင့်တင် ရေးတရားကို မာန်ပါပါ ကျဲနေသည်ကို မြင်လိုက်မိသည်။ အနားက တရားဟောဆရာတစ်ဦးကို လက်တို့၍ ဒါ

---

* ဤစာအုပ်တွင် 'ဗိုလ်၊ ဘို' အသုံးများကို ကွဲလွဲရေးသားခြင်း များမှာ အဓိပ္ပာယ်ပါသော အသုံးများဖြစ်၍ ပြန်လည်မညှိနှိုင်း တော့ဘဲ မူရင်းစာအုပ်အတိုင်းသာ ဖော်ပြထားပါသည်။

ဘယ်သူလဲဗျလို့ မေးလိုက်တော့ ဘိုကိတ်ကြီးပေါ့။ ခင်ဗျား မသိဘူးလားလို့၊ ကျွန်တော့်ကို လှည့်မေးလိုက်သည်။

ဗိုလ်ကိတ်ကြီးကို ဒုတိယမွိ သိကျွမ်းရသည်မှာ ၁၉၄၀ ပြည့်နှစ် တန်ခူးလပင်ဖြစ်သည်။ ပျဉ်းမနားမြို့ စိုက်ပျိုးရေး ကျောင်း၌ နွေရာသီ ၁၀ ရက်သင်တန်း အဖွင့်တွင် ဧည့်သည် အဖြစ် တက်ရောက်မိသည်။ ကြာသပတေးနေ့ ဧည့်ခံပွဲ၌ အသီးအသီး ဝါသနာအလိုက် အက၊ အဆိုတို့ဖြင့် ဧည့်သည် တို့ကို ဖျော်ဖြေကြသည်။ ဘိုကိတ်ကြီးမှာ ဗမာမိန်းမလိုဝတ် လျက် ဆံထုံးကြီးတောင်ဆုပ်ကို ပန်းတွေ ဝေဝေစည်စည် ပန်ကာထွက်လာသည်။ 'လင်ဆိုးမယား တဖားဖား' ဆို သည့် ဓာတ်ကွက်ကလေးကို သရုပ်ပေါ်အောင် ပြောဆို ညည်းတွားပြီးသည်အဆုံး၌ မကြည်အောင်ဆိုသည့် 'ဒင်းနား ပါတီ' သီချင်းကို အသံသြကြီးနှင့် စည်းဝါးကျကျ သီဆို သည်မှာ ပွဲကျလှသည်။

ဗိုလ်ကိတ်ကြီးကို ဤနှစ်ကြိမ် တွေ့ဖူးရုံမျှနှင့် သူ့ အတ္ထုပ္ပတ္တိကို ရေးနိုင်ရန်ကား ခဲယဉ်းလှ၏။ သူ့တပည့်ရင်း များကို ရှာ၍ မေးမြန်းပါသော်လည်းအစီအစဉ်မရှိ၊ ကွက်တိ ကွက်ကျား အမှတ်တရအကြောင်း ကလေးများသာ သိရ သည်။ ဤသို့ အတ္ထုပ္ပတ္တိ အခြေခံခိုင်ခိုင်ကို အပိုင်အနိုင် အမိအရ ရှာကြံဆည်းပူးနေဆဲတွင် အမေရိကန်ပြည်ရှိ ဗိုလ်ကိတ်ကြီး၏သား ဒေါက်တာ ကလား( စ်)(ခ်)၊ ကေ့(စ်) နှင့် သာသနာပြုအဖွဲ့ကြီး၏ အတွင်းရေးမှူးထံ ဗိုလ်ကိတ် ကြီး အသက်ရှင်စဉ်က ရေးသားသည့် မေတ္တာစာတို့ကို ဒေါက်တာ ရင်း ဒေ့ါ(ဖ်)၊ အဲ(လ်)၊ ဟိုးဝါ(ဒ်)က စုဆောင်း၍

"Lazy Man Rest Not" ဟူသော အမည်နှင့် ပုံနှိပ်ထုတ်ဝေလိုက်သည်။

ယခုအတ္ထုပ္ပတ္တိမှာ ထိုမေတ္တာစာပေါင်းချုပ်ကို မှီငြမ်းပြု၍ ရေးသားလိုက်ရပါတော့သည်။ စကားချီးမှာ ဒေါက်တာဟိုးဝါး(ဒ်)၏ စကားချီးကိုပင် မြန်မာလို အလျဉ်းသင့်အောင် ပြန်၍ ရေးသွင်းလိုက်ပါသည်။ ဤစာအုပ်တွင် ပါဝင်သော နာမည်များကိုလည်း မေတ္တာစာများထဲတွင် ပါသည့်အတိုင်း မလွဲမပြောင်းဘဲ ထည့်သွင်းလိုက်ပါသည်။ အခန်း (၇) ကြို့ပင်သာရွာ၊ အခန်း (၈) ဘိုကြီးကိတ်၊ အခန်း (၉) စကားထဲက တရားပါ၊ အခန်း (၁၀) ဝက်တရား၊ ကြက်တရား။ ဤအခန်းလေးခန်းကို ရေးရာ၌ အထွေထွေ အမှတ်အသားကလေးများကို စုဆောင်း၍ ဘိုကိတ်ကြီး၏အာဘော် ပေါ်လွင်အောင် ရေးသားလိုက်ရပါသည်။ စာမျက်နှာ ၆၅ ရှိ ဝိဇ္ဇာရုပ်တုံးချင်းမှာ ဘိုကိတ်ကြီး ကျက်မှတ်ထားသည့်တုံးချင်း မဟုတ်သော်လည်း အစားထိုး၍ ထည့်လိုက်ရခြင်းဖြစ်ပါသည်။

ဤအတ္ထုပ္ပတ္တိကို မစုံလင်မှန်း သိ၏။ စုံလင်အောင်ဖြည့်စွက်နိုင်သည့် တပည့်ရင်းတို့သည် ဖြည့်စွက်ဖွယ်အကြောင်းရှိသမျှကို စာအုပ်ထုတ်ဝေသူတို့အား စကားကမ်းလှမ်းကြလိမ့်ဦးမည်ဟု မျှော်လင့်လျက် မစုံမလင်နှင့်ပင်ထုတ်ဝေလိုက်ရပါတော့သည်။

၁၉၅၁ ခုနှစ် | မောင်ယု
ဇန်နဝါရီလ ၄ ရက်။

# အချီး

ပျဉ်းမနားနှင့် ဗိုလ်ကိုတ် အမည်နှစ်ခုမှာ ဒွန်တွဲ၍ နေလှ သဖြင့် ပျဉ်းမနားဆိုလျှင် ဗိုလ်ကိုတ်ကိုသာ ပြေး၍ သတိရသည်။ ဗိုလ်ကိုတ်အမည်ကို ကြားလျှင်လည်း ပျဉ်းမနားကိုသာ ပြေး၍မြင်ကြသည်။

မြန်မာလယ်သမား၏ နေထိုင်စားသောက်ရေး အဆင့်အတန်းကို မြှင့်တင်ပေးလိုသော သမ္မာဆန္ဒတစ်ခုကို အခြေပြု၍ သခင်ဘုရား၏ တပည့်ကောင်းတစ်ဦးဖြစ်သော ဗိုလ်ကိုတ်ကြီးခေါ် ဘရေတန်၊ စီ၊ ကော့(စ်)သည် မိမိရည်ရွယ်ချက်ကြီး မပြီးမြောက်မချင်း အပြင်းအထန် ဆောင်ရွက်လေသည်။ ဤရည်ရွယ်ချက်ကြီးကား စိုက်ပျိုးရေး (သင်တန်း) ကျောင်းကြီးပင်ဖြစ်သည်။ ပျဉ်းမနားနှင့် စိုက်ပျိုးရေးကျောင်းကြီး၏သတင်းမှာ မြန်မာပြည်အနှံ့၊ သင်းပျံ့ မွှေးကြိုင်ရုံသာ မဟုတ်။ ကမ္ဘာအနှံ့ သတင်းပျံ့လွင့်ခဲ့သောကြောင့် အနီးအနား နိုင်ငံခြားတို့က လာရောက်နည်းယူရလောက်အောင် မြန်မာပြည်၏ ဂုဏ်ကြီးတစ်ခု ဖြစ်လာလေသည်။

မစ္စတာ ကေ့(စ်)၌ ခရစ်တော်ကို ချစ်သော မေတ္တာ အဟုန်ကြောင့် အာသီသကြီးလေးခုပေါ်လာသည်။ (၁) တရားဟောပြောရန်၊ ဤကား စရိုက်မြှင့်တင်ပေးရေးလုပ်ငန်း၊ (၂) ပညာသင်ပေးရန်၊ ဤကား အသိဉာဏ် မြှင့်တင်ပေးရေးလုပ်ငန်း၊ (၃) လူနာကိုပြုစုရန်၊ ဤကား ကျန်းမာမှု မြှင့်တင်ပေးရေးလုပ်ငန်း၊ (၄) ပွားစီးသော လုပ်ငန်းများ လုပ်ကိုင်ရေး၊ ဤကား စီးပွားမြှင့်တင်ရေးလုပ်ငန်း၊ ဤအင်္ဂါလေးရပ်နှင့် ပြည့်စုံသော သာသနာလုပ်ငန်းကို ဆောင်ရွက်ပါတော့မည်ဟု သန္နိဋ္ဌာန်ချခဲ့ခြင်းမှာ ခရစ်တော်၏ သာသနာဦး၊ တမန်တော် ရှင်ယာကုပ်၏ ခြေရာကို ထက်ကြပ်မကွာလိုက်ခြင်းပင် ဖြစ်ပေသည်။ အကြောင်းမူကား ရှင်ယာကုပ် ဩဝါဒစာ၊ ၂း၁၅၊ ၁၆ ၌ **"ညီအစ်ကိုမောင်နှမ တစ်စုံတစ်ယောက်သည် အဝတ်အချည်း စည်းရှိ၍ နေ့တိုင်း စားရသော အစာ မရှိသောအခါ သင်တို့တွင် တစ်စုံတစ်ယောက်သောသူက ငြိမ်ဝပ်စွာ သွားကြလော့၊ နွေးကြလော့၊ ဝကြလော့ဟု ပြောလျက် သူတို့ကိုယ်နှင့် သင့်လျော်သော အသုံးအဆောင်ကို မပေးဘဲ နေလျှင် အဘယ်အကျိုးရှိသနည်း"**ဟူသော ရှင်ယာကုပ်၏ ဆုံးမစကားကို မစ္စတာကေ့(စ်) ကောင်းစွာ နှလုံးပိုက်မိသည်။

ပွက်ပွက်ဆူသည့် သံရည်အိုးနှင့်တူသော ကမ္ဘာစစ်ကြီး ငြိမ်းအေး၍ သွားပြန်ပြီ။ ဤငြိမ်းအေးမှုကြီး တာရှည်ခံမည့်အကြောင်း၊ မြန်မာပြည်မှစ၍ အရပ်လေးမျက်နှာရှိ အတိုင်းတိုင်း အပြည်ပြည် တို့သည် ငြိမ်းချမ်းရေးလမ်းကို လျှောက်၍ ငြိမ်းချမ်းရေးရိပ်သာတွင် အမြဲ နေထိုင်နိုင်ကြမည်

အကြောင်း၊ မည်သို့ ပူးပေါင်းဆောင်ရွက်ကြရမည်ကား ယခုခေတ်၏ အရေးကြီးဆုံးသော ပြဿနာကြီးပင် ဖြစ်သည်။ ဗိုလ်ကိတ်ကြီး၌ ထိုပြဿနာကို ဖြေရှင်းနိုင်သော သတ္တိရှိ၏။ ဒုတိယကမ္ဘာစစ်ကြီး၌ ဖြေလက်စ ပြုခဲ့၏။

အရပ်အမောင်းအားဖြင့် သူ့တကာထက် ထွားကျိုင်းမြင့်မားသကဲ့သို့ အကြံအစည်၌လည်း မြင့်မြင့်မားမား ကြံစည်ခဲ့၏။ ဗမာပြည်သစ်၊ အာရှတိုက်သစ် တည်ထောင်တော့မည်ဟု ကြံစည်ခဲ့၏။ ငြိမ်းချမ်းရေး ပြဿနာကြီး၏ အဖြေဖြစ်သော သီလနှင့် ဓနစွယ်စုံမြင့်တင်ရေးကို ကြိုးပမ်းခဲ့၏။ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး သီလစောင့်မှ ကမ္ဘာငြိမ်းချမ်းရေး တည်မြဲမည်။ ကမ္ဘာသူ၊ ကမ္ဘာသားလည်း အဝူမတောင့်မှ သီလစောင့်နိုင်ကြမည်။ စားရမဲ့မဲ့၊ ဝတ်ရမဲ့မဲ့သူကို အဒိန္နာဒါနကံ၊ ဝေရမဏီ ခိုင်းလို့မရနိုင်ကြောင်း ဗိုလ်ကိတ်ကြီး သိ၏။ ဖောဖောသီသီ အီလောက်အောင် ဓိမ်ခံသော လူတန်းစားနှင့် မဝရေစာ အငတ်ငတ် အပြတ်ပြတ်ရှိသော လူတန်းစားအကြားတွင် မေတ္တသုတ်သည် မည်သို့မျှ တန်ခိုးမရှိနိုင်။ လူတိုင်း သီလစောင့်စေလျှင် လူတိုင်း အဝူမတောင့်ရမည်။ စိတ္တသုခသည် ကာယသုခကို မှီလျက် ရှိ၏။ ဤသီလ ကြီးပွားရေး၊ ဓန စီးပွားရေးနှစ်ရပ် ဒွန်တွဲလျက်ရှိကြောင်း၊ အရင်းစစ် အမြစ်မြေကဆိုသကဲ့သို့ ဥစ္စာပစ္စည်းဟူသမျှ၏ အရင်းမူလကား မြေကြီးပင်ဖြစ်ကြောင်း၊ မြေစိုက်ပင်ကို ထွန်ယက်လုပ်ကိုင်သော တောင်သူလယ်သမားသာလျှင် ဓနကို မူလဖန်တီးသူဖြစ်ကြောင်း၊ ကမ္ဘာ့တောင်သူလယ်သမား ဝဝလင်လင် အေးအေးချမ်းချမ်းနေရမှ ကမ္ဘာ

ကြီး အေးချမ်းနိုင်မည့်အကြောင်း ဗိုလ်ကိတ်ကြီး အတိအလင်းသိ၏။ သိသည့်အတိုင်း ဟော၏။ ဟောသည့်အတိုင်း ကျင့်၏။ သို့ကြောင့် ကမ္ဘာငြိမ်းချမ်းရေး ပြဿနာ၏ အဖြေကို ဗိုလ်ကိတ်ကြီး ဆောင်ခဲ့၏။

ဗိုလ်ကိတ်ကြီးသည် ဇာတိအားဖြင့် လည်းကောင်း၊ အထုံ ဝါသနာပညာ အလေ့အလာအားဖြင့် လည်းကောင်း လူတို့အား ဝိညာဉ်အာဟာရ၊ ကာယအာဟာရ နှစ်ပါးလုံးကို ပေးစွမ်းနိုင်သည့် သတ္တိမျိုးကို ဆည်းပူးခဲ့၏။

၁၈၈၇ ခု ဩဂုတ်လ ၁၈ ရက်နေ့ ရန်ကုန်မြို့တွင် မွေးဖွားသည်ဖြစ်၍ ဇာတိအားဖြင့် မောင်ဗမာတစ်ယောက် ဖြစ်၏။ အဖကား နှစ်ခြင်း သာသနာပြုဆရာ ဂျွန်ဧလိုင်ဂျားကေ့(စ်)၊ အမိကား နှစ်ခြင်း သာသနာပြုဆရာမ လီလီ၊ ကလား(ခ်)ကေ့(စ်)တို့ ဖြစ်ကြသည်။ အမေရိကန်ကလေးပင် ဖြစ်သော်လည်း ၁၂ နှစ်သားအထိ ဗမာပြည်မှာပင် ကြီးပြင်း၍ ဗမာကလေးတွေကိုသာ အဖော်လုပ်ရသည်။ မိဘတို့ မြင်းခြံမြို့ အေ–ဘီ–အမ် ကျောင်းကို အုပ်ချုပ်ရသည့်အခါ ဗမာကလေးများနှင့်အတူ စာသင်ခဲ့ရသည်။ ဗမာစကားကို ဗမာများထက်ပင် ဌာန်ကရိုဏ်းကျအောင် ပြောတတ်လာသည်။

၁၂ နှစ်သားအရွယ်၌ မိဘများနှင့်အတူ အမေရိကန်ပြည်သို့ ပြန်၍ ပညာဆက်လက်သင်ကြားရာ ကာလီဖိုးနီးယား ယူနီဘာစီတီမှ စိုက်ပျိုးရေးပညာတွင် မဟာဝိဇ္ဇာဘွဲ့ထူးကို ဆွတ်ခူးပြီးလျှင် ယူနီယံ အဘိမ္မော သင်္ဂဟတက္ကသိုလ်၌ သာသနာ့လုပ်ငန်း သင်တန်းဟူသမျှကို တက်ရောက်၍ ရည်ရွယ်ထားသည့် လုပ်ငန်းကြီးအတွက် ပြင်ဆင်ခဲ့သည်။



ဗိုလ်ကိတ်ကြီး၊ မေဂျာပေါလ်ဂျုံးစ်နှင့် ဂျင်နရယ်စတီဝဲလ်တို့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက။

သူ့ဝမ်းထဲ၌ အစွဲကြီးစွဲလျက်ရှိသော အာသီသကား ချက်မြှုပ် ဖြစ်သော ဗမာပြည်သို့သွား၍ ဗမာတောင်သူလယ်သမား များကို စရိုက်၏ ဆင်းရဲ၊ ကိုယ်စိတ်၏ ဆင်းရဲမှ လွတ်ရာ လွတ်ကြောင်း ကူညီတော့မည်ဟု သန္နိဋ္ဌာန်ပြုခဲ့သည်။ ဗမာ ပြည်ပေါက်လည်းဖြစ်၊ လောကဓာတ် စိုက်ပျိုးရေးကျမ်းကို လည်း ကျွမ်းကျင်၊ လောကုတ္တရာရေးကိုလည်း လေ့လာပြီး ပညာအရင်းခံတွင် အခြေစိုက်သည့် စေတနာကောင်းနှင့် ဤသာသနာပြုဆရာကြီးသည် ဗမာပြည်နှင့် ဗမာလူမျိုးတို့ ၏အကျိုးကို သုံးဆယ့်တစ်နှစ်တိတိ ဆောင်ရွက်လျက် အသက်ကို ပူဇော်ခဲ့သည်။ ဗမာလူမျိုးတို့ကလည်း ချစ်စနိုး နှင့် 'ဗိုလ်ကိတ်ကြီး' ဟူ၍သာ ပီယအာလုပ်ဖြင့် ခေါ်ကြလေ သည်။ တောင်သူလယ်သမား ဆင်းရဲသားတို့ကို သာသနာပြု ၍ မြှင့်တင်မည် ကြံစည်ကုန်သော စေတနာ့ရှင်တို့သည် လောကုတ္တရာရေးနှင့်ယှဉ်၍ လောကီရေးပါ မြှင့်တင်ခြင်း တည်းဟူသော စွယ်စုံချမ်းသာရေးကို မမေ့အပ်ကြောင်း ဗိုလ်ကိတ်ကြီးက လမ်းထွင်၍ သွားခဲ့ပြီ။ အူမပေါ်မှာ သီလ တည်ကြောင်း သူတော်ကောင်းတိုင်း သတိမူအပ်သည်။ ဗမာသစ်၊ ကမ္ဘာသစ် တည်ထောင်မည်ဆိုလျှင် လူတိုင်း သီလစောင့်ကြရမည်။ သီလမစောင့်နိုင်မီ အူမတောင့်ပြီး ဖြစ်ရမည်။

ရင်းအော့(ဖ်)၊ အဲ(လ်)၊ ဟိုးဝါး(ဒ်)

## ၁။ သာသနာ့ဝန်ထမ်းနှင့် ဟသ်ာတ

မမကိတ်ရဲ့ သားဆိုတာ မင်းလားကွယ့်၊ ကြီးလှပါကလား။ မင်းပခုံးကိုတောင် ငါ လက်လှမ်းပြီး ကိုင်နေရပြီ။ မင်းတို့ပြေ(ပြည်)မှာ ဘာတွေစားလို့ ဒါလောက် ထွားကျိုင်းတာလဲ။ ကိုယ်လုံးကိုယ်ပေါက်ကိုက ဆင်ဖြူတော်ကြီးလိုပဲ။

ဇလွန်သူ အမယ်အိုကြီးတစ်ယောက်မှာ ဇလွန်မြို့သို့ ခေတ္တအလည်လာသော သာသနာပြုဆရာကြီး၏ ခြောက်ပေကျော် အရပ်ကြီးကို မော့်ကြည့်၍ လက်မောင်းတို့ကို စမ်းသပ်ဖျစ်ညှစ်ကြည့်ရင်း မေးလိုက်သည်။

၎င်းသာသနာပြုဆရာကား ဆရာကြီး ဗရေတန် ကလား(ခ်)ကေ့(စ်)ပင် ဖြစ်သည်။ မြန်မာပြည်သို့ သာသနာပြုပုဂ္ဂိုလ်အဖြစ်နှင့် ၁၉၁၄ ခုနှစ် ဒီဇင်ဘာလ ၈ ရက်တွင် ရန်ကုန်သို့ ဆိုက်ရောက်လာ၍ ၎င်းလ ၁၃ ရက်နေ့တွင် ဆရာကြီး ကမ္ဘင်းတို့၏ သာသနာ့ဌာနဖြစ်သော ဟသ်ာတအသင်းတော်ကို အုပ်စီးရသည်။

ဟသ်ာတမြို့ကို ရောက်လျှင်ရောက်ချင်းပင် မိဘတို့ နေဖူးသော နယ်ပယ်ဖြစ်သောကြောင့် ငယ်ငယ်က သိဖူး၊ ကျွမ်းဖူးသော

မိတ်ဆွေဟောင်းတို့ကို ရှာဖွေရင်း သာသနာနယ်ပယ်၏ အဝန်းကို လည်းတိုင်းတာရင်း တောရွာများ၏ ဆင်းရဲချမ်းသာကို စုံစမ်းရင်း နယ်လှည့်ခရီးထွက်လေသည်။ ငယ်ငယ်က တတ်လက်စ ဗမာစကားကို ရုတ်တရက် လျှာရည်ပြန်မလည်သေးသော်လည်း နားယဉ်ပါးလာသည်။

ဆရာကြီး ။ ။ ဒေါ်ရွှေလုံးတို့၊ မမယ်ခင်တို့၊ အခု ဘာများ လုပ်စားကြသတုံး။

ဒေါ်ရွှေလုံး။ ။ ဟာ...အရင်လိုပေါ့ ငါ့တူရဲ့၊ သက်ငယ်ကလေးပျစ်၊ ဝက်ကလေး လေးငါးကောင်နဲ့ ငှက်ပျောခြံကလေးပဲ မှီပြီး စားနေရတာပဲ။

ဆရာကြီးသည် တောက်ခေါက်၍ ခေါင်းကုတ်လိုက်သည်။ ငှက်ပျောခြံကား မြေညြဇာအလွန်ကောင်းလှ၏။ စိုက်ပျိုးတတ်လျှင် အဖိုးတန် ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်နိုင်သည်။ အသိပညာနှင့် လုံ့လဝီရိယဘက် လိုက်ရလျှင် ချမ်းချမ်းသာသာ နေနိုင်ကြမည်။

ဆရာကြီး ။ ။ ဆယ်အိမ်ခေါင်း ဦးချစ်ဖူးအိမ်မှာ အစည်းအဝေးရှိသနော်၊ လာဖို့ မမေ့ကြနဲ့။

ဒေါ်ရွှေလုံး။ ။ ဘာမေ့ပါ့မလဲ တူကြီးရာ၊ မောင်ချစ်ဖူးက တို့တစ်တွေ ထမင်းစားဖိတ်ထားတာပဲ။

ဧင်းညနေ အစည်းအဝေး၌ ကလေးများ သီချင်းဆိုကြသည်။ ဆရာကြီးလည်း ဝိုင်း၍ဆိုသည်။ ပြီးလျှင် ထမင်းပွဲ၌ သူများတန်းတူ မြက်ခင်းပေါ်ထိုင်လျက် ငှက်ပျောဖက်ခင်း၊ ခက်ရင်း လက်ငါးချောင်းနှင့် ပရိသတ် ၁၅ဝ အလယ်တွင် ညစာစားလေသည်။ စားရရုံနှင့်မပြီး လက်ငါးချောင်းနှင့် ထမင်းကိုဆုပ်၍ ပါးစပ်သို့ ခွံ့တိုင်း ခွံ့တိုင်း မျက်လုံးအစုံ ၁၅ဝ တို့သည် ဆရာကြီးကိုသာ စိုက်၍ စိုက်၍ ကြည့်ကြသောကြောင့်

တဝါးဝါး ရော၍ ရယ်လိုက်ရသည်။

ဆရာကြီး ။ ။ ခင်ဗျားတို့ ငါးပိရည်က နည်းနည်းတော့ ငန်သဗျာ။ ကနဖော့ အတို့ကလေးကတော့ တဖောက်ဖောက်နဲ့ တို့လို့ အကောင်းသား။ ကြက်သားဟင်းက ငရုတ်သီး နည်းနည်းများသွားတယ် ထင်သဗျာ့။ ကျုပ်တို့တိုင်းပြည်မှာ ဟင်းထဲ ငရုတ်သီးလုံးလုံး မထည့်ဘူး။ အပူ၊ အစပ် စားချင်ရင် ငရုတ်ကောင်းမှုန့်ကလေး နည်းနည်း ဖြူးပေးကြတာပဲ။ ဒါကြောင့် ဗမာဟင်းစားမိတဲ့အခါ ပူရှိန်းရှိန်း မျက်တက်တက်ကလေး ရှိသွားတာပဲ။

ဆရာကြီးကိတ်သည် အမေရိကန်ပြည်မှ ရောက်ခါစပင် ဖြစ်သော်လည်း မေ့ယောင်ယောင်ရှိသော စကားကို လေ့လာ လင်းကျင်းရုံနှင့် အလျင်အမြန် ကျွမ်းကျင်လာသည်။ တခြားလူမျိုးကွဲများကဲ့သို့ 'သော' အလီလီ 'သည်' အသုံးသုံး မဟုတ်ဘဲ အရပ်စကား၊ လူပြိန်းသုံး၊ တောသားသုံးတို့ကို ဗမာဆန်ဆန်ပြောတတ်လှသည်။ သူ၏လေသံကို ကြားလိုက်သော် ဗမာတိုင်းမှာ သွေးချင်းနီးလာ၍ မိတ်ဆွေ ဖြစ်ကြသည်။

ဇလွန်မှခွာ၍ နောက်တစ်နေ့ ဓနုဖြူသို့ ခရီးဆက်ရပြန်သည်။ ဓနုဖြူမြို့ သာသနာကျောင်းဆရာကြီးကား ဆရာဓောဖြစ်၍ ဇနီးသည် ဒေါ်မယ်ဘွင့်နှင့် တူမ မသိန်းညွန့်တို့မှာ ဆရာမများ ဖြစ်ကြသည်။

ဆရာဓော ။ ။ အမယ်၊ ကြီးလာလိုက်တဲ့ ဗရေတင်ကလေးနယ်၊ မင်း ငယ်ငယ်တုန်းက တို့အိမ်လာပြီး သီချင်းလာသင်တာ မှတ်မိသေးရဲ့လား။ မမယ်ဘွင့်က ကလေးချော့တော့ မင်းက လိုက်ဆိုတာလေ။ ကြောင်ဖားကြီးရယ်တဲ့၊ မြီးတံတို၊ အဆီကို စားပါလို့၊ အသားကိုမျိုကြောင်အိုပေမေ့၊ ကိုက်လှည့်ပါလေးဆိုတာ မှတ်မိသေးရဲ့လား။

မစ္စတာကေ့(စ်)။ ။မှတ်မိတာပေါ့ဗျာ၊ ဘယ်မေ့နိုင်ပါ့မလဲ။ အမေရိကန်ရောက်သွားတော့ ဗမာစကားတွေ မေ့တော့တော့ ဖြစ်သွားတာ

တောင် အဲဒီကြောင်ဖားကြီးလေးဆစ်ကလေးကို မမေ့ဘူးဗျ။ ကျွန်တော် တော့ တက္ကသိုလ်စည်းဝေးတွေမှာ အဲဒီကြောင်ဖားကြီးနဲ့ ကျဲလာတာ နာမည်ကြီးတစ်လုံး ရလာတာပဲ။ ကျွန်တော် အဖော်အပေါင်းတွေက စည်းဝေးပွဲလယ်မှာ ထ...ထပြီး ဗရေတန်၊ ကလား(ခ်)၊ ကေ့(စ်)က ဗမာလို သီချင်းဆိုပါလိမ့်လို့ ကြေညာတိုင်း ကျွန်တော်က ဒီ ကြောင်ဖား ကြီးသီချင်း ထ...ထ...ဆိုရတာကိုး။ တစ်ခါတလေ ခပ်ရှည်ရှည် ဆွဲချင် တော့ ထပ်တွန့်တွန့်ပြီး ဆိုလိုက်ရသေးသဗျ။

ဆရာစော ။ ။ အင်း...လုပ်ကရော့မယ်၊ မင်း ငယ်ငယ်တုန်း က သတ္တိတွေ မပျောက်သေးဘဲကိုကွယ့်။ ဘယ်လိုများ ထပ်တွန့်ဆိုလိုက် သေးသလဲ။

မစ္စတာကေ့(စ်)။ ။ကြောင်ဖားကြီးရဲ့ မြီးတံတို၊ အလို... ကြောင်ညို၊ ကြောင်ပြာ၊ ကြောင်ဝါကျားနဲ့ ကြောင်အိုဖားကြီးရယ်တဲ့၊ မြီးတံ...မြီးတံတို၊ အဆီကို စားပါလို့၊ အသားကိုမျို၊ အဆီတွေ စားပါလို့၊ အရိုးတွေ ဝါးပါလို့၊ ဗိုက်ပူလို့ နံကားအောင်၊ အသားတွေမျို၊ ကြောင်အို တဲ့မှပေမေ့း၊ ကျင်စွယ်တွေ တုံးပါလို့၊ မုန်းစရာ့ ကြောင်ဘိုးအေရယ်၊ မျက်လုံးက ပေမေ့း၊ မျက်လုံးက ပေမေ့းမေ့းနဲ့၊ အိပ်နိုင်သေးတဲ့ ဒီကလေး ကို၊ ကိုက်ပါလှည့်လေး။ အေး...အေး...အေး...။

ဆရာစော ။ ။ ဟား...ဟား...ဟား၊ အမေရိကန် ဦးပုည လက်သစ် ပေါ်လာပဟေ့။ ဒါနဲ့ ဟောဒီကောင်မကလေး မှတ်မိသေး ရဲ့လား။ မသိန်းညွန့်လေ၊ မင်းနဲ့ ငယ်ငယ်တုန်းက ကစားဖော် ကစားဖက် ပေါ့။ မင်းငယ်ငယ်တုန်းက ဖန်ခုန်တမ်းကစားတော့ သိန်းညွန့်ကလေး ထိုင်နေတုန်း ခေါင်းလွတ်အောင် ခုန်မယ်ဆိုပြီး မင်း ခုန်လိုက်တာ သိန်းညွန့်လည်း နားစုတ်၊ မင်းလည်း နှုတ်ခမ်းကွဲသွားတာ မေ့ပလား။ ဟဲ့...သိန်းညွန့်၊ လာပါဦးကွယ့်၊ မင့် ငယ်သူငယ်ချင်းကို နှုတ်ဆက်ပါဦး။

နားက အမာရွတ်ကလေးကော ရှိသေးမှတ်လား၊ ဘယ်မတုံး၊ ပြစမ်းပါဦး။

မသိန်းညွန့်မှာ အပျိုကြီးဖြစ်နေ၍ ငယ်သူငယ်ချင်းဖြစ်ဖူးသော မစ္စတာကေ့(စ်)ကို နှုတ်ဆက်ရမှာ ရှက်အမ်းအမ်းကြီး ဖြစ်နေသည်။ မစ္စတာကေ့(စ်)ကလည်း လူပျိုကြီးကိုး။ သို့သော် ငယ်သူငယ်ချင်းဖြစ်တာကြောင့်တစ်ကြောင်း၊ နားက အမာရွတ်ကို ဂုဏ်ပြုလိုတာက တစ်ကြောင်း ဆရာကြီး အနားသို့ ချဉ်းကပ်လာပြီးလျှင် ဆရာကြီးကို မော်၍ ပြုံးလေသည်။ မိမိအရပ်မှာ ဆရာကြီး ပခုံးကိုမျှ မမီအောင် နိမ့်နေသည်။

ဆရာကေ့(စ်) ။ ။ဝမ်းသာသဗျာ အစ်မကြီးရာ၊ ခနဖြူမြို့မှာ ကျုပ် မိတ်ဆွေဟောင်းတွေ တွေ့ရတော့ အင်မတန် အားရပါတယ်။ အနီးအနားက ရွာတွေလည်း လှည့်ကြည့်ဦးမှပဲ။ ကျွန်တော်က အမေရိကန်လူမျိုး ဖြစ်ပေမင့် ဗမာပြည်ဖွား ဗမာနိုင်ငံသားလို ဖြစ်နေတော့ အမေရိကန်ပြည် ပညာသင်သွားနေတဲ့အခါ ဗမာလူမျိုးတွေကို မမေ့ဘူး။ လောကဓာတ်သဘာဝအရဆိုရင် လူတွေရဲ့ အရပ်အမောင်း၊ အင်အား သန်စွမ်းမှုဟာ စားတဲ့အာဟာရအပေါ်မှာ မှီနေတယ်။ မျိုးရိုးဇာတိ အရင်းခံလည်း ရှိသပေါ့လေ။ သို့ပေမဲ့ အာဟာရကို ဂရုစိုက်ရင် သားသမီးများဟာ မိဘထက် ထွားကျိုင်းနိုင်ကြတယ်။ ကျုပ်တို့ ဗမာပြည်သူပြည်သားတွေဟာ ကိုယ်စားတဲ့ အာဟာရလည်း ကိုယ် နားမလည်ဘူး။ သွေးသားနဲ့ သင့်မြတ်တယ်၊ မသင့်မြတ်တယ်ဆိုတာ နားမလည်ဘူး။ ခံတွင်းတွေ့ရာ စားနေကြတော့ စားစရိတ် ကုန်တာသာ အဖတ်တင်တယ်။ အာဟာရ ဘယ်လောက်ဖြစ်တယ်ဆိုတာ ဘာမှ မသိကြဘူး။ "ပေးလျက်နှင့် မရ၊ စားလျက်နှင့် မဝ" ဆိုတဲ့ စကားပုံကလေးဟာ တယ်မှန်သဗျာ။

ဆရာစော ။ ။ ဟာ...ဆရာကိုက်ကလေးကလည်း မောင်က ဗမာပြည်မှာ သာသနာပြုဖို့လာတာ။ အစားအသောက်တွေ၊ လောကဓာတ်တွေ၊ အာဟာရတွေ လျှော့ကပြောနေမှဖြင့် လူတွေ တရားမရဘဲ ရုပ်ဝါဒသမားတွေဖြစ်ပြီး ဘုရားတောင် ပစ်ကုန်ကြလိမ့်မယ်။

ဆရာကေ့(စ်)။ ။ အဲဒါ ဆရာစော လွဲတယ်ထင်တာပဲ၊ လူ့ဘဝရလာတဲ့ ကျွန်တော်တို့တစ်တွေဟာ ကျန်းမာသန်စွမ်းဖို့ ရောဂါကင်းရှင်းပြီး ခွန်အားရှိတဲ့ အာဟာရကို မှီဝဲဖို့ထက် အရေးကြီးတာ ဘာများရှိသေးသလဲဗျ။ ကျွန်တော့်အလုပ်ကတော့ တရားဟောဆရာပဲ။ ကျွန်တော် ခွန်အားမရှိရင် တရားမဟောနိုင်ဘူး။ မကျန်းမာတဲ့လူဟာ ကျွန်တော့် တရားကို နာချင်ပါတယ်ဆိုလို့လည်း မနာနိုင်ဘူး။ ဒါကြောင့် တရားဟောတဲ့ လုပ်ငန်းတစ်ခုလုံးမှာ တရားဟောပုဂ္ဂိုလ်ရော၊ တရားနာပရိသတ်ရော ကျန်းကျန်းမာမာ၊ အီအီသာသာရှိမှ ဖြစ်မြောက်နိုင်တဲ့ လုပ်ငန်းဖြစ်တယ်။ လောကုတ္တရာလုပ်ငန်းဟာ ဘယ့်လောက်ပဲ မြင့်တယ်၊ မြတ်တယ်ဆိုပေမဲ့ လောကီပေါ်မှာ အခြေစိုက်နေရတာမို့ ကာယချမ်းသာဟာ အင်မတန်အရေးကြီးသဗျ။ လောဘ၊ ဒေါသ၊ မောဟမီးသုံးပါးကို လူတိုင်းချုပ်ငြိမ်းဖို့ ကြိုးပမ်းကြရမှာတော့ မှန်ရဲ့။ ဝမ်းဟာနေတဲ့လူက လောဘကို ချုပ်တည်းဖို့၊ စိတ်နာနေတဲ့လူက ဒေါသကို ချုပ်တည်းဖို့၊ ပညာမဲ့တဲ့လူက မောဟကို ချုပ်တည်းဖို့ဆိုတာ ဖြစ်နိုင်တာမျိုး မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော့်ကို သာသနာပြုလုပ်ငန်းနဲ့ ဗမာပြည်ကို လွှတ်လိုက်တဲ့အခါ တရားနာပရိသတ်ရဲ့ အင်္ဂါသုံးပါးကို ပထမပြည့်အောင် ရှာရလိမ့်မဗျ။ ဘယ်လို အင်္ဂါသုံးပါးလဲဆိုတော့...
(၁) ငတ်ငတ်ပြတ်ပြတ်နဲ့ ဆာလောင်မွတ်သိပ်တဲ့ရောဂါနဲ့ ကင်းရမဗျ။
(၂) မမျှမတ အခမ္မစနစ်ကြောင့် အမျက်ဒေါသသိုနေတဲ့ စိတ်နှလုံးနဲ့ ကင်းရမဗျ။ (၃) အကျိုးအကြောင်းမှ မဆင်ခြင်တတ်တဲ့ ပညာမဲ့ခြင်း၊

ကိုယ့်လူမျိုး ဘာသာစာပေမှ မဖတ်တတ်ခြင်းမှလည်း ကင်းရမဗျ။ အဲသလို အပြစ်သုံးပါးကင်းတဲ့ ပရိသတ်မျိုးမှာမှ သာသနာပြုလို့ ရနိုင်မှာ။ သခင်ယေရှုခရစ်၊ လောကမှာ သက်တော်ထင်ရှားရှိစဉ်တုန်းက ဘာတွေ များ လုပ်သွားသလဲ။ ခရစ်ဝင်ကျမ်းတွေကို ကြည့်ရင် ဘာတွေ တွေ့ရ သလဲ။ ငတ်ဘဲ့ လူတွေကို ကျွေးတော်မူတယ်။ နာတဲ့လူတွေကို ကုတော် မူတယ်။ မလိမ္မာတဲ့လူတွေကို လိမ္မာအောင် ဆုံးမသွန်သင်တော်မူတယ်။

ကျွန်တော့် တာဝန်ကတော့ အခုလောလောဆယ် ကျွန်တော့် တရားနာ ပရိသတ်ဖြစ်တဲ့ ကျေးတောသားတွေရဲ့ အခြေအနေကို စုံစမ်း ကြည့်ရှုဖို့ပဲ။ ကဲ...သွားကြဦးစို့ ဆရာရယ်၊ တောရွာတွေကို၊ ဆရာက လမ်းပြပေတော့။

ဆရာစော။ ။အင်း...နွားကလေးနို့ နွားကြီး စို့ဆိုတဲ့၊ ကော သလမင်းကြီး အိပ်မက်ခန်းတော့ ရောက်နေပေါ့ကွာ၊ ကဲ... သွားကြစို့။

* * *

တောရွာတစ်ခုသို့ဝင်မိလျှင် ဆရာစောသည် ရွာရှိ ခရစ်ယာန် များကို ဆရာကေ့(စ်)နှင့် မိတ်ဆက်၍ပေးသည်။

ဆရာစော ။ ။ ဟောဒါ ကိုသာဖြိုးပေါ့၊ ကျုပ်တို့အထဲမှာ သူ ပန်းရန်ဆရာကြီးပဲ။ ခရစ်ယာန် မဖြစ်ခင်တုန်းကတော့ ကျုပ်တို့ ဒေသမှာ နာမည်ရ ဆရာကြီးပေါ့။ ဟသ်ာတ၊ ညောင်တုန်း၊ ဓနုဖြူမှာရှိတဲ့ စေတီပုထိုးတွေ၊ အုတ်တန်ဆောင်းတွေ၊ မုခ်ဝတွေ၊ ရုပ်ပွားတော်တွေ၊ အရန်စေတီတွေဟာ သူ့လက်ရာ တယ်မကင်းလှဘူး။

မစ္စတာကေ့(စ်)။ ။အခုတော့ ကိုသာဖြိုး ဘာလုပ်စားသတုံး။

ကိုသာဖြိုး ။ ။ ခရစ်ယာန် ဖြစ်လာတော့လည်း ရုပ်ပွား တော်တွေ၊ စေတီပုထိုးတွေ တည်လို့ မတော်တော့ဘူးကိုးဗျ။ ရေတွင်း၊

ရေကန်၊ အုတ်တိုက် အဆောက်အအုံကလေးတွေကိုပဲ ရသလောက် လိုက်လုပ်နေရတာပဲ။ ရှေးကလောက်တော့ မစည်ဘူးပေါ့ဗျာ။ ဒါပေမဲ့ အလုပ်ကို ဂရုစိုက်တဲ့ လုံ့လဝီရိယ ဂုဏ်ကလေးနဲ့ပဲ လုပ်ရသမျှတော့ ကျွန်တော့်ဆီပဲ လာအပ်ကြပါတယ်။

မစ္စတာကေ့(စ်)။ ။ ဝမ်းသာသဗျာ၊ ကြားရတာ။ ဘယ်အလုပ်မှ ယုတ်တယ်၊ မြတ်တယ်မရှိဘူး ကိုသာဖြိုးရ၊ လူလုပ်သလို ဖြစ်တာပဲ။ လူက ယုတ်အောင်လုပ်ရင် ရှင်ဘုရင့်အလုပ်ကြီးလည်း ယုတ်လာတာပဲ။ လူက မြတ်အောင်လုပ်ရင် လယ်သမားအလုပ်လည်း မြတ်တဲ့အလုပ်ကြီးပဲ။ စိတ်စေတနာ ကောင်းကောင်းနဲ့ လုံ့လဝီရိယဖက်ပြီး လုပ်ရင် အမြတ်ချည်းပါပဲ။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနိုင်တဲ့ အလုပ်မျိုးချည့်ပဲ။ ကျမ်းစာက ဘယ်လိုဆိုသတဲ့တုံးဗျ။ "နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းကို ဦးစွာရှာကြလော့။ နောက်မှ သင်တို့ လိုသမျှကို ထိုက်တန်အောင်ချပေးမည်" လို့ ဘုရားနှုတ်ကပါဌ်တော် ရှိပါပကော။ ဒါ့ကြောင့် လုံ့လဝီရိယနဲ့ ဖြောင့်မတ်ခြင်းရှိရင် နိုင်ငံတော်ကို ရမယ်ဗျ။ နိုင်ငံတော်ရရင် စိတ်ချမ်းသာမယ်။ စိတ်ချမ်းသာရင် တောင့်တသမျှ အလိုလို ပြည့်စုံပြီးသားပေါ့။

ကိုသာဖြိုး ။ ။ ဆရာကိတ် ကလေးကပေမဲ့ အတော်တရားဟော အကောင်းသားကွယ့်၊ မောင်တို့ အဖေလက်ထက်ကသာ မောင့်လောက် စကားပြောကောင်းရင် ကျုပ်တို့ငယ်ငယ်ကပဲ ခရစ်ယာန် ဖြစ်ကုဲ့။

မစ္စတာကေ့(စ်)။ ။ ဟာ...ကျွန်တော်က ဗမာတစ်ပိုင်း ဖြစ်နေမှပဲ၊ ချီးမွမ်းစရာ မဟုတ်ပေါင်ဗျာ။ ဗမာတွေထဲ ပြန်ရောက်အောင် ပို့တော်မူတဲ့၊ ဘုရားသခင်ကိုသာ ကျွန်တော် ကျေးဇူးတင်ပါတယ်။

* * *

နောက်တစ်ရွာသို့ရောက်လျှင် သူကြီးအိမ်သို့ ဝင်ကြ၍...

ဆရာစော ။ ။ ဟောဒါ ရွာသူကြီး ဦးခင်ဦးပေါ့ ဆရာကိတ်ရဲ့။ သူက အခုတစ်လော နှစ်ခြင်းခံချင်လှပါတယ်လို့ ပူဆာနေတယ်။

မစ္စတာကေ့(စ်)။ ။ ဟုတ်လား၊ ဝမ်းသာလိုက်တာဗျာ။

ဆရာစော ။ ။ ဝမ်းမသာနဲ့ဦး ဆရာကလေးရဲ့။ အရိပ်အကဲပဲ ကြည့်ပါဦး။ ဟောဟို ဘူးစင်အောက် ထိုင်နေတာက သူကြီးကတော်အကြီး၊ သူကြီးကတော် အငယ်က မီးဖိုထဲ၊ ထမင်းချက်နေသဗျ။ ကဲ...ဘယ်လိုလုပ်ပြီး သူကြီးမင်းကို နှစ်ခြင်းပေးနိုင်ပါ့မလဲ။

မစ္စတာကေ့(စ်)။ ။ ဟာ...ဒီလိုဆိုရင် ဘယ်ဖြစ်နိုင်ပါ့မလဲဗျ။ သူကြီးမင်းလည်း အသိသား မဟုတ်လား ခရစ်ယာန် ယောကျ်ားဆိုရင် မယားတစ်ယောက်သာ ထားနိုင်တယ်ဆိုတာ။

သူကြီး ။ ။ ဒါဖြင့် ကျွန်တော် တစ်ယောက်ယောက်ကို ကွာပစ်ရတော့မှာပေါ့။ ကျွန်တော်က နင်မနေနဲ့၊ ဆင်းသွားလို့ ဘယ်သူ့ကိုမှ အတင်းမနှင်နိုင်ဘူး ဆရာရဲ့။ သူတို့ တစ်ဦးဦးက သဘောတူပြီး အေးအေးချမ်းချမ်း ဆင်းသွားမှပဲ။ ကဲ...ဘယ့်နှယ်တုံး၊ ခေါ်မေးရမလား။

ဆရာစော ။ ။ မောင်ခင်ဦးကလည်းကွာ၊ လူတောထဲ အထုပ်ဖြေပြဆိုသလို ဒီလောက် လောမကြီးပါနဲ့။ ဆရာပဲ တိုးတိုးတိတ်တိတ် ပြောပြရင်း မေးကြည့်ပါ့မယ်။

သူကြီး ဦးခင်ဦး။ ။ (မစ္စတာကေ့(စ်)ဘက်လှည့်၍) ဘူးစင်အောက် ထိုင်နေတာက ကျွန်တော့်မယားကြီး၊ နာမည် မခင်ညွန့်တဲ့ ဆရာ။ သူ ပိုက်ထားတဲ့ ကလေးက မယားငယ်က မွေးတာ။ သူ့ကျောနားမှီနေတဲ့ကလေးကလည်း မယားငယ်က မွေးတာပဲ။ နှစ်ယောက်စလုံး ယောကျ်ားကလေးချည်းပဲ။

မစ္စတာကေ့(စ်)။ ။ မယားကြီးနဲ့ ကလေးတစ်ယောက်မှ

မရဘူးလား။

သူကြီး ။ ။ သမီးတစ်ယောက်တည်း ရှိတယ်၊ အပျို ပေါက်ကလေးပေါ့။ အခု မီးဖိုထဲ စောကြည်နဲ့ ဝိုင်းဝန်းချက်ပြုတ်နေတာ ပဲ။

မစ္စတာကော့(စ်)။ ။ စောကြည်ဆိုတာက ဘယ်သူလဲ။

သူကြီး ။ ။ (မီးဖိုဘက်လှည့်၍) ဟေ့...စောကြည်၊ လာပါဦးကွယ့်၊ ဟောဒီမှာ ဧည့်သည်တွေ ရောက်နေတယ်။ မနက် စာ ချက်ကျွေးရလိမ့်မယ်ကွယ့်။ သောက်ရေကလေး ဘာကလေးလည်း ခပ်ခဲ့ ပါဦး။ အင်း...ဟောဒါ အမေရိကန်ပြည်က ရောက်ခါစ သာသနာ ပြုဆရာကွယ့်။ ဟင်းထဲလည်း ငရုတ်သီးတွေ၊ နင်းကန် မထည့်လိုက် နဲ့၊ ငရုတ်ကျည်ပွေ့ ပြလွှတ်သလို ဖြစ်သွားဦးမယ်။

မစောကြည်ဆိုသူမှာ အသက် ၂၂ နှစ်ခန့်သာ ရှိသေးသည်။ ကိုယ်လုံးကိုယ်ပေါက် ကောင်း၏။ ရုပ်ရည်မှာ မဖျင်းမကောင်း၊ ရွှက်ကြမ်းရေကျိုလောက်သာ ရှိသည်။ သူနှင့်အတူ လက်တွဲ၍ ထွက်လာ သူမှာ ဆယ့်သုံးလေးနှစ်အရွယ်၊ ရုပ်ရည်ချောချော သူငယ်မကလေး ဖြစ်သည်။ မယားကြီး မခင်ညွန့် သမီး၊ ခင်ခင်ဦးပင် ဖြစ်သည်။ မစော ကြည်ကို မမဟု ခေါ်၍ အလွန် ခင်မင်ပုံရသည်။ မစောကြည်ကား သူကြီးကတော် နံပါတ် ၂ ပင် ဖြစ်၏။

ထမင်းစားသောက်ပြီး၍ စကားစမြည် ပြောဆိုကြရင်း သူကြီး မင်းနှင့် ကတော်နှစ်ယောက် စုံလင်သည့်အခါ ဆရာစောက ရယ်စရာ လုပ်၍ စကားစလိုက်သည်။

ဆရာစော ။ ။ ဘယ်နှယ်တုံး တူမတို့ရဲ့၊ မောင်ခင်ဦးက နှစ်ခြင်းခံချင်တယ်လို့ပဲ ပူဆာနေပါကလား။

မခင်ညွန့် ။ ။ ဒါတော့ သူ့သဘောပေါ့ ဆရာကြီးရဲ့၊

ကျွန်မတို့ မိန်းမသားဆိုတာ "သျှောင်နောက် ဆံထုံးပါရစမြဲ"ပဲ။

ဆရာစော ။ ။ သူ့သဘော မဟုတ်ဘူးကွယ့်၊ အဲဒါ ခက်တာပဲ။ ငါ့တူမကြီး နားမလည်သေးဘူးနော်။ ခရစ်ယာန်ဆိုရင် မယား နှစ်ယောက် မထားနိုင်ဘူး။ အကြင်လင်နဲ့ မယားရယ်လို့ ယောကျ်ား တစ်ယောက်၊ မိန်းမတစ်ယောက်သာ အတူနေနိုင်တယ်။ မင်းတို့မှာတော့ နှစ်ယောက်ဖြစ်နေပြီ။ ကဲ...ဘယ့်နှယ်လုပ်ကြမတုံး။

မစောကြည် ။ ။ဘယ့်နှယ်မှ မလုပ်နဲ့ ဆရာကြီးရေ့၊ နှစ်ယောက်စလုံးသာ ကွာလိုက်ပစေတော့။ ကျွန်မကတော့ မမညွန့်နဲ့ ဘယ်တော့မှ မခွဲဘူး။ ကွာရင်လည်း နှစ်ယောက်စလုံးကွာ၊ ပေါင်းရင်လည်း နှစ်ယောက်စလုံး ပေါင်းမှပဲ ဖြစ်နိုင်မယ်။

သူကြီး ဦးခင်ဦး။ ။ အေးကွယ်၊ မင်းတို့ကတော့ ငါ ခရစ်ယာန် ဖြစ်မှာစိုးလို့ အကျပ်ကိုင်ကြတာ သိပါတယ်။

မစ္စကော့(စ်)။ ။ အင်း... ဗမာပြည်မှာ မိန်းမနဲ့ ယောကျ်ား အခွင့်အရေးချင်းတန်းတူ မဖြစ်သေးသမျှ ကာလပတ်လုံး ဒီ ပြဿနာ မျိုးတွေ အမြဲပေါ်နေမှာပဲ။ ဖြေရှင်းလို့လည်း ရမှာမဟုတ်ဘူး။

သြော်...သူတစ်ပါးကို ကိုယ်နဲ့အမျှ ချစ်ရမယ်ဆိုတဲ့ တရား မြတ်ကြီးဟာ သည့်လိုနေရာမျိုးကျတော့တယ်...အံမကိုက်ပါကလား။

* * *

ဆရာကော့(စ်)သည် ငယ်စဉ်ကပင် ဗမာစကား အပြောကောင်းသော်လည်း တရားပလ္လင်ပေါ်ကနေ၍ တရားခန့်၊ တရားလေးကြီးတွေကို ဟောလေ့မရှိဘဲ စကားပြောရင်း တစ်လုံးစ၊ နှစ်လုံးစ တရားစကား ကလေးများကို သွင်း၍ ပြောလေ့ရှိသည်။ သို့သော် တောသူ တောသား ၏ နေရေးထိုင်ရေး အဆင့်အတန်း အခြေအနေကို အမြဲစစ်ဆေး သုံးသပ်

လေ့ရှိသည်။

တောရွာများကို လှည့်လည်ရာမှ ပြန်လျှင် အောက်ပါမှတ်ချက်မျိုးကို ရေးလေ့ရှိသည်။

* * *

....................ရွာသားများ အစားအစာ မစုံလင်၊ ဟင်းသီးဟင်းရွက် ညံ့သည်။ မြေကောင်းလျက် မစိုက်တတ်၍ ကောင်းကောင်းမစားရ။

* * *

....................ရွာတွင် ကြက်များ အလွန်ငယ်သည်။ ကြက်ဥအလုံးသေးလှသည်။ ကြက်ကြီးမျိုး မွေးနိုင်ကြလျှင် အကျိုး ရှိမည်။

* * *

....................ရွာမှာ သောက်ရေရှားသည်။ ရှိသည့် ရေကန်မှာ ရေမလုံလောက်။ နွေအခါ ဝမ်းရောဂါရမည် စိုးရသည်။ နောက်ထပ် ရေကန်တစ်ကန်တူး၍ သန့်သန့်ထားဖို့ လိုသည်။

* * *

....................ရွာမှာ အသောက်သမား၊ ကစားသမား များသည်။ နွေအခါ အိမ်တွင်းလုပ်ငန်းရှိမှ သင့်မည်။ ရက်ကန်းစင်လေးငါးစင်လောက် ထောင်လိုက်လျှင် အသောက်အစား နည်းနည်းလျော့သွားမည်။

* * *

....................ရွာနား‌က လျှိုကြီးကို ပိတ်လိုက်လျှင် သုံးရေကန်ကြီး ကောင်းကောင်း ရနိုင်သည်။ ငါးများ မွေးနိုင်မည်။ နွေအခါ ငါးပေါပေါ စားနိုင်မည်။

* * *

....................ရွာတစ်ဝိုက် ကောက်ရိတ်ပြီးစ မြေကြီးစို၍ နေသေးသည်။ ထယ်ထိုး၍ ပဲနောက်၊ ကုလားပဲ ချလျှင် နောက်တစ်သီး စားနိုင်သေးသည်။

* * *

....................အထက်ပါ မှတ်ချက်မျိုးကို တောရွာများသို့ လှည့်လည်၍ အပြန် မှတ်သားထားလေ့ ရှိသည်။

❑

## ၂။ ဥယျာဉ်အစ ဟသ်ာတ

မစ္စတာကေ့(စ်)သည် ဟသ်ာတမြို့ အေ–ဘီ–အမ် တန်းမြင့်ကျောင်းကို အုပ်ချုပ်နေရစဉ် တခြား ဆရာများ မအားမလပ်၍ ကျောင်းမတက်နိုင်သည့်အခါ အင်္ဂလိပ်စာ၊ ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာနှင့် တခြားဘာသာရပ်များကို သင်ပေးနေရသည်။

မစ္စတာကေ့(စ်) စဉ်းစားပုံမှာ...

မေး ॥ ॥ ဤပညာရပ်တွေကို ဘာကြောင့် သင်ကြသလဲ။

ဖြေ ॥ ॥ စာမေးပွဲ အောင်ဖို့။

မ ॥ ॥ စာမေးပွဲအောင်တော့ ဘာလုပ်မလဲ။

ဖ ॥ ॥ ကလောင်တစ်ချောင်းနဲ့ အရိပ်ထဲမှာ အေးအေးချမ်းချမ်း အသက်မွေးဖို့။ စာရေးစာချီ လခစားလုပ်ဖို့။

မ ॥ ॥ လယ်သမား၊ သားသမီးတွေလည်း စာရေးလုပ်ကြမလို့လား။

ဖ ॥ ॥ အင်း...

မ ॥ ॥ ဈေးသည် သားသမီးတွေလည်း လခစား လုပ်ကြမလို့လား။

ဖ ॥ ॥ အင်း...

မ ॥ ॥ ပန်းထိမ်၊ ပန်းပဲ၊ ပန်းပု အစရှိတဲ့ ပညာသည် သားသမီးတွေလည်း လခစား လုပ်ကြမလို့လား။

ဖ ॥ ॥ အင်း...

မ ॥ ॥ ဒါဖြင့် နောက်ပေါက် ခေတ်ဆန်လူငယ်တွေဟာ လခစားချည်း လုပ်မယ်ကြံကြတာပေါ့။ ဘာကြောင့် ဒီလို လခစားချည်း လုပ်ချင်ကြတာလဲ။

ဖ ॥ ॥ လက်မှုပညာတို့၊ ထွန်ယက်စိုက်ပျိုးတဲ့ အလုပ်တွေက အောက်ကျနောက်ကျ ရှိတယ်ထင်လို့၊ ဂုဏ်နိမ့်တယ်ထင်လို့ပေါ့။

မ ॥ ॥ သူတို့တစ်တွေ အကုန် လခစားချည်း လုပ်ကြရင် သူတို့လခကို ဘယ်သူက ပေးမလဲ။

ဖ ॥ ॥ အစိုးရက ပေးရမှာပေါ့။

မ ॥ ॥ သူတို့ပေးဖို့ငွေ အစိုးရ ဘယ်က ရမလဲ။

ဖ ॥ ॥ ဆင်းရဲသား၊ လယ်သမား၊ အလုပ်သမားတွေဆီက ကောက်ရမှာပေါ့။

မ ॥ ॥ လယ်သမား၊ အလုပ်သမားတွေက ဆင်းရဲလွန်းလို့ မပေးနိုင်ရင်ကော။

ဖ ॥ ॥ အတင်းတောင်းပေါ့၊ အတင်းတောင်းလို့မှ မရရင် လခစားတွေ လခ လျှော့တန်လျှော့ပစ်၊ ဖြုတ်တန်ဖြုတ်ပစ်၊ ဒါပဲ ရှိတော့မှာပဲ။

* * *

အဲဒါ တစ်တိုင်းပြည်လုံး ရေလိုက်လွဲနေကြတာပဲ။ ဥစ္စာခေန အရင်းခံဟာ မြေကြီးကဖြစ်တယ်။ မြေကြီးထဲက ကောက်ပဲသီးနှံ ရေနံ၊ သစ်၊ ဝါး၊ ကျောက်သံပတ္တမြားကို ရဖို့အရေး ချွေးဒီးဒီးကျအောင် ပင်ပင်ပန်းပန်း လုပ်နိုင်ကြမှ ရနိုင်မယ်။ **ရိပ်သာခိုပြီး အညွန့်ခူးသမားတွေများနေရင် ဒီဗမာပြည်ကြီးဟာ မွဲသထက် မွဲတော့မှာပဲ။ ဗမာလူငယ်များရဲ့ ပညာသင်ကြားရေး ရည်ရွယ်ချက်ဟာ တိုင်းပြည် ထူထောင်ရာမရောက်ဘဲ တိုင်းပြည် ချိုးဖဲ့ဖျက်ဆီးရာ ရောက်နေပြီ။** ဗမာပြည်မှာ ပညာတတ်တဲ့ လယ်သမားတွေ၊ ဉာဏ်မီတဲ့ အလုပ်သမားတွေ တစ်နေ့တခြား ပိုပြီးလိုနေပြီ။ စာအုပ်တွေထဲက ပညာလောက်ကလေးကို စာမေးပွဲအောင်ရုံ အာဂုံမကျက်ဘဲ မြေကြီးကို ထွန်ယက်တူးဆွ၊ မနဥစ္စာဖော်ထုတ်တဲ့ လုပ်ငန်းတွေမှာ လက်တွေ့အတတ်ပေါ် လောကဓာတ်ပညာ ဆင့်လောင်း ပူးတွဲပြီး လုပ်ကိုင်ကြမှ တိုးတက်နိုင်ကြလိမ့်မယ်။ ဆရာကြီးကေ့(စ်)သည် အထက်အတိုင်း လေးလေးနက်နက် စဉ်းစားမိ၏။ စဉ်းစားသည့်အတိုင်း ဆုံးဖြတ်လိုက်၏။ ဆုံးဖြတ်သည့်အတိုင်း ဆောင်ရွက်လေ၏။

ဟာသ်ဘတ အေ၊ ဘီ၊ အမ်ကျောင်း၌ တခြားဘာသာရပ်များအပြင် စိုက်ပျိုးရေးဘာသာသစ်တစ်ရပ်ကို ထည့်သွင်းလိုက်သည်။ ဤစိုက်ပျိုးရေးအတန်းသို့ ကျောင်းသား ၂၅ ယောက် စာရင်းသွင်းကြသည်။ စိုက်ပျိုးရေးတန်းသားတို့သည် စိုက်ပျိုးချိန်ကျလျှင် အင်္ကျီကျွတ်၊ ခါးတောင်းကျိုက်ကိုယ်စီနှင့် ပေါက်တူးပေါက်ရင်း ချွေးဒီးဒီး ကျနေကြသည်။ အင်္ဂလိပ်ကျောင်းသား ပေါက်တူးပေါက်သည်ကို မမြင်ဖူးကြသော ဟာသ်ဘတ မြို့သူမြို့သားတို့သည် ဝိုင်းဝန်း၍ လာကြည့်ကြသည်။ စေတနာ့ဝန်ထမ်း သင်တန်းဖြစ်၍ ပေါက်တူးပေါက်ရသည်ကို ပင်ပန်းသည် မထင်ကြသော်လည်း ရပ်ဆွေရပ်မျိုးတို့ကို ရှက်၍ နောက်ဆုံး၌

သင်တန်းတက်သူ ၁၆ ယောက်သာ ကျန်တော့သည်။ နှစ်ကုန်၍ ပညာမင်းကြီးသည် ကျောင်းကို စာစစ် လာရောက်သည့်အခါ စိုက်ပျိုးရေးသင်တန်းကို ကြည့်၍ ချီးမွမ်းအားပေးသွားလေသည်။ ဤစိုက်ပျိုးရေးသင်တန်းမျိုးကို ရှာကျောင်းနှစ်ကျောင်း၌ ထပ်မံဖွင့်လှစ်ပြန်သည်။ ကျောင်းသားများက ဤစိုက်ပျိုးရေးသင်တန်းကို "ပေါက်တူးပေါက်တန်း"ဟူ၍ ခေါ်လိုက်ကြရာ ဆရာကြီးကေ့(စ်)က သဘောကျလှ၍ "ပေါက်တူးပေါက်တန်း" အမည်ကို အတည်ပြုလိုက်သည်။

ထိုအမည်ကို အတည်ပြုရပုံမှာ...

တစ်နေ့သ၌ ဆရာကြီးသည် ဟင်းရွက်ခြံတစ်ခု ပြုပြင်တော့မည်ဟု လယ်မြေတစ်ကွက်ကို ပြင်လေသည်။ တစ်မိုးတွင်းလုံး ရေများလွန်း၍ သီတင်းကျွတ်မှ ထယ်ထိုးရတော့မည်။ ထယ်ကိုဆင်၍ နွားတစ်ရှဉ်းကို တပ်ရန်းစေသောအခါ နွားနှစ်ကောင်မှာ အလျား မှောက်လျက် ဆရာကြီးဘက်သို့လှည့်ပြီးလျှင် သနားစဖွယ် ပြူးကြောင်ကြောင်သာ ကြည့်နေကြတော့သည်။

နွားရှင် ။ ။ ဆရာကြီး ကျုပ်နွားတွေ ထယ်မထိုးတတ်ဘူး။

ဆရာကြီး ။ ။ ဟာ...မဟုတ်တာ၊ မိုးတွင်းကပဲ ခင်ဗျားလယ်ထဲ ထယ်ထိုးနေတာ ကျုပ် အမြင်သားပဲ။

နွားရှင် ။ ။ မိုးတွင်းက မိုးတွင်းပဲ ဆရာကြီးရဲ့၊ မိုးတွင်းသာ ထွန်တတ်တာ၊ နွေတော့ မထွန်တတ်ကြဘူး။ အညာနွားတွေသာ မိုးရော နွေရော ထွန်တတ်ကြတာ။

ဆရာကြီး။ ။အင်း...ဟုတ်ကဲ့လား၊ အဲဒါလည်း အဆန်းပဲ။

* * *

စင်စစ်သော်ကား ထိုနွားတစ်ရှဉ်းမှာ ရေပြည့်သည့် လယ်ကွက်များ၌သာလျှင် ထယ်ဆွဲနေကျဖြစ်၍ ရေသံမကြားလျှင် ထယ်မဆွဲတတ်အောင် ဖြစ်နေကြသည်။

ဆရာကြီးကော့(စ်)လည်း အကြံမရ၍ လယ်ဧကဝက်ကို တစ်ကွက်ပြီးတစ်ကွက် ပေါက်တူးနှင့် ပေါက်ရတော့သည်။ နွားတစ်ရှဉ်းတစ်မနက်ထိုးရမည့် လယ်ကွက်ကို ကူလီသုံးယောက်နှင့် ခုနစ်ရက်တိတိ ပေါက်ရကြသည်။ မြန်မာပြည်သို့ စိုက်ပျိုးရေးနည်းသစ် သင်ပေးမည်ဟု အမေရိကန်ပြည်မှ စိုက်ပျိုးရေးနည်းသစ်တွေ သင်ကြားလာသောဆရာကြီးကော့(စ်)မှာ သူ့ဟင်းရွက်ခြံကို သူကိုယ်တိုင် ပေါက်တူးနှင့်ပေါက်၍ ပြုပြင်နေရသည်။ ထိုအခိုက်ပင် ကျောင်းသားတချို့က စိုက်ပျိုးရေးသင်တန်းကို 'ပေါက်တူးပေါက်' တန်းဟု သရော်တော်တော် ခေါ်လိုက်ကြသည့်အခါ ဆရာကြီး နှလုံး၌ နစ်နစ်ခြိုက်ခြိုက် ရှိလှသည်။

ဤဟင်းရွက်ခြံ၌ ပြောင်းဖူး၊ ဗိုလ်စားပဲချရာ လေးလအတွင်း ပြောင်းဖူးတစ်သီး၊ ပဲနှစ်သီး ထွက်သည်။ လူရော၊ နွားရော၊ ဆိတ်ရောဝိုင်း၍ အဝစားကြသည့်အပြင် ဟင်းသီးဟင်းရွက်ဖိုး ငွေငါးဆယ် ရလိုက်သေးသည်။

ဆရာကြီးသည် တောသို့ တရားဟော လှည့်လည်ရသည်ကများ၍ စိုက်ပျိုးရေးလုပ်ငန်းကို မကြပ်မတ်နိုင်။ တောသို့ လှည့်လည်တိုင်းလည်း တောသားတို့၏ အဆင့်အတန်းကို မြင်လေလေ၊ စိုက်ပျိုးရေးလုပ်ငန်းကို ချဲ့ထွင်ချင်လေလေ ဖြစ်လာသည်။

ထိုနှစ် သာသနာအစည်းအဝေးကြီး၌ မိမိကို စိုက်ပျိုးရေးအလုပ်ဖို့ သီးခြားချမှတ်ထားရန်၊ သာသနာပြုအဖွဲ့အား တောင်းပန်ပြီးလျှင် နွေရာသီတွင် အိန္ဒိယပြည်ရှိ အစိုးရနှင့် သာသနာ စိုက်ပျိုးရေးကျောင်းများကို သွား၍ စုံစမ်းသင်ကြားခဲ့သည်။ ပြန်လာလျှင်

မြန်မာပြည် ဘယ်အရပ်၌ စိုက်ပျိုးကျောင်း ထူထောင်ဖို့ သင့်လျော်မည်ဟု မြေခံရွေးရန် မြန်မာပြည် ရှမ်းပြည်နယ် အထက်အောက်အနှံ့သွား၍ ဌာနရှစ်ရပ်ကို စစ်ဆေးခဲ့သည်။ နောက်ဆုံး၌ ပျဉ်းမနားမြို့ကို ရွေးချယ်၍ သာသနာအဖွဲ့ကို အစီရင်ခံစာ တင်လိုက်သည်။ ပျဉ်းမနားမြို့ကို ရွေးရခြင်းအကြောင်းများမှာ...

၁။ မိုးရေ မများလွန်း၊ မရှားလွန်း ဖြစ်သည်တစ်ကြောင်း။

၂။ အကြေမကျ၊ အညာမကျ၊ မြေလတ်ဖြစ်သည်တစ်ကြောင်း။

၃။ မြန်မာပြည် ဗဟိုလောက်ကျသည်တစ်ကြောင်း။

၄။ လူမျိုးစုံနှင့် နီးစပ်သည့်ဒေသ ဖြစ်သည်တစ်ကြောင်း၊ (မြန်မာ၊ ရှမ်း၊ ကရင်၊ ချင်းတို့ ဆုံရာဒေသ ဖြစ်သည်)။

၅။ ကံဖြစ်ထွန်းသည့် မြေမျိုးဖြစ်၍ ကံလုပ်ငန်းကို မတည်ပြီး ကျောင်းဖွင့်နိုင်သည်တစ်ကြောင်း။

၆။ ပျဉ်းမနားမြို့၌ သာသနာ စာသင်ကျောင်းကြီးရှိပြီး ဖြစ်သည်လည်းတစ်ကြောင်း။

၇။ ပျဉ်းမနားမြို့၌ အစိုးရ သစ်တောကျောင်းကြီး ဖွင့်လှစ်ပြီး ရှိပြီဖြစ်၍ စိုက်ပျိုးရေးနှင့်ဆိုင်ရာ လောကဓာတ်အထောက်အပင့်ကို အဆင်သင့် ရရှိနိုင်သည်လည်းတစ်ကြောင်း။

အကြောင်းကြောင်းကို ထောက်၍ ပျဉ်းမနားမြို့၌ စိုက်ပျိုးရေးသင်တန်းကျောင်းကို ဖွင့်လှစ်ရန် ဆုံးဖြတ်လိုက်ကြသည်။

❑

## ၃။ လက်သီးလက်ဝါး

လူပျိုကြီး ကေ့(စ်)သည် ပျဉ်းမနားမြို့၌ စိုက်ပျိုးရေး ကျောင်းကို တည်ထောင်၊ စီမံအုပ်ချုပ်ရတော့မည်ဖြစ်၍ သူနှင့်အတူ ဒိုးတူပေါင်ဖက် ဆောင်ရွက်ရမည့် ခင်ပွန်းကောင်းတစ်ဦး လိုလာချေပြီ။ သို့ကြောင့် မဟောသဓနှင့် အမရာတို့ လက်သီးလက်ဝါးပြရင်း ညားကြသလို ဆရာကြီးကေ့(စ်)လည်း မိမိ၏ မအားလပ်နိုင်သည့် အလုပ်များထဲက မော်လမြိုင်မြို့ အင်္ဂလိပ်မိန်းကလေးကျောင်းက ကျောင်းအုပ်သာသနာပြု ဆရာမကြီး မစ္စစ်လေနား၊ တိ(လ်)မင်းကို ၁၉၁၆ ခုနှစ် နိုဝင်ဘာလ ၂၉ ရက် လက်သီးဆုပ်၍ ပြလိုက်သည်။ မစ္စစ် တိ(လ်)မင်းက လက်ဝါး ဖြန့်၍ ပြလိုက်လျှင် မစ္စတာကေ့(စ်)သည် ပျဉ်းမနားမှ မော်လမြိုင်သို့ ကပျာကယာပြေး၍ ၁၉၁၇ ခုနှစ် ဇန်နဝါရီ ၁၇ ရက်နေ့တွင် ထိမ်းမြား မင်္ဂလာနှင့် ဘုရားရှေ့သစ္စာပြုပြီး ဇနီးသည်ကို ချက်ချင်းခေါ်၍ ပျဉ်းမနား သို့ ပြန်လာကြလေသည်။

"သံညင်းငယ်ဆော်၊ တိုက်ကျော်က ကြွေး၊ ငှက်ပေါင်းငယ် တွန်သံနှင့် ပြည်တော်ပြန် သာတဲ့လမ်းမှာ ငုံ့ပန်းကမွေး"

* * *

စိုက်ပျိုးရေးကျောင်းအစ လယ်ကော လေးကေခွဲသာရှိသည်။ ၎င်းလယ်ကွက်မှာ စာသင်ကျောင်းနှင့် ကိုက် ၃၀၀ ခန့်ဝေးသည်။ ဤလယ်ကွက်ကို ထွန်ယက်၍ ကြဲချသည်။ ကြံခင်းထောင့်၌ ခြံသမား၏ တဲရှိသည်။ ၎င်းတဲနား၌ပင် ဝါးခြံခတ်၍ 'ဗတ်ကရှား' ဝက်ကြီးမျိုး၊ ငါးကောင်စ၍ မွေးသည်။ အလွန် ကျက်သရေရှိသည့် ဝက်တွေဖြစ်နေသည်။ ကြက်မွေးရန်၊ ကြက်မျိုးကောင်း လိုက်လံရှာဖွေရာ သာသနာပြုဆရာတစ်ပါးဖြစ်သော မစ္စတာ မိုးဇီးယားထံမှ "ဝိုက်၊ လိတ်ဂွန်း" ကြက်မျိုးရ၍ ၎င်းကြက်မျိုးနှင့် အစပြုလိုက်သည်။ ကြက်များကို ကြည့်ရှုပြုစုရေးဌာန၊ မန်နေဂျာကြီးအဖြစ် ဆရာမကြီး ကေ့(စ်)ကို ခန့်အပ်လိုက်သည်။

မကြာမီ အေ၊ ဘီ၊ အမ် ကျောင်းအနီးရှိ မြန်မာစာသင်ကျောင်း၊ ဝါးကျောင်းငယ်တစ်ခုကို ဆရာကြီးကေ့(စ်) ဝယ်ယူ၍ စိုက်ပျိုးရေးကျောင်းဟု သီးခြားခွဲ၍ ၁၉၁၈ ခု ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျောင်းသားလေးယောက်နှင့် အစပြုကာ ဖွင့်လှစ်လိုက်သည်။ ၎င်းနှစ် ဒီဇင်ဘာလတွင် ကျောင်းသားဦးရေ ဖ၀ အထိတိုးလာသည်။ ငှက်ပျောနှင့် မာလကာများချ၍ ဟင်းရွက်ခင်းများကို စိုက်ပျိုးကြသည်။

* * *

## ၁၉၁၈ ခုနှစ် အထူးသတင်း

ဖေဖော်ဝါရီလ ၄ ရက်နေ့ ပျဉ်းမနားမြို့၌ ဆရာကြီးနှင့် ဆရာမကြီးကေ့(စ်)တို့အား သားကောင်းရတနာ မွေးဖွားလေသည်။ အမည် ကလာ(ခ်)၊ တီး(လ်)မင်း၊ ကေ့(စ်)။

* * *

၁၉၁၉ ခုနှစ်၌ စိုက်ပျိုးရေးခြံ မြေကွက်မှာ ကေနှစ်ဆယ်အထိ တိုးတက်လာသည်။ ၎င်းအနက် ဆယ်ကေကို ကြံချ၍ ဆယ်ကေကို စပါးချသည်။ စပါးမျိုးမှာ အမေရိကန်ပြည် 'ဟွန်ဒူးရပ်ကျွန်း' မျိုး ဖြစ်သည်။ စပါးမချမီ မိုးဦးကျ (နွေနှမ်း) မိုးဦးနှမ်းချသည်။ နှမ်းရိတ်ပြီးမှ စပါးချ၍ စပါးမရိတ်မီ မြေကြီးစိုတုန်း ပဲနောက်ကြဲသဖြင့် ၎င်းမြေကွက်မှ သုံးသီးစားရသည်။ ဤသို့ ကောက်ပင်သုံးမျိုး လှည့်၍ချခြင်းဖြင့် မြေဩဇာမပျက်ဘဲ ဆက်လက်၍ အသီးကောင်း ထွက်နိုင်လေသည်။ ကြံဆယ်ကေကို ခုတ်၍ ကြံသကာချက်ရာမှ ကြံသကာတန်ချိန် ၁၅ (ပိဿာချိန် တစ်သောင်း)ခန့်ထွက်သည်။ ကြက်မွေးသည့် လုပ်ငန်းမှာလည်း အလွန်အားရဖွယ် ရှိလှသည်။ 'လိတ်ဂွန်း' ကြက်ဖြူမျိုးကို လူတကာ နှစ်သက်လှသဖြင့် မျိုးဖောက်ရန် ကြက်ဥကိုလည်း ရောင်း၍ မလောက်နိုင်အောင် ရှိနေသည်။ ခြံပေါက် ကြက်ကလေးများကိုလည်း ဝယ်လိုသူတိုင်း မရဖြစ်နေသဖြင့် လိုချင်သူအမည်စာရင်းဆွဲ၍ အလှည့်ကျပေးနေရသည်။

ဝက်များမှာ ထင်သလောက်မဖြစ်ထွန်းလှ။ ဝက်ခြံမှာ ဆရာကြီးနေအိမ်နှင့် တစ်မိုင်ခန့်ဝေးသည့် ယာခင်းထဲ၌နေသဖြင့် ဆရာကြီးကိုယ်တိုင် ကြပ်ကြပ်မတ်မတ် မလုပ်ရသည့်အတွက် မဖြစ် ထွန်းရလေခြင်းဟု အားပါးမရ ဖြစ်နေလေသည်။

စိုက်ပျိုးရေးသင်တန်းကျောင်းကလေးမှာ တစ်နှစ်ကျော်အတွင်း အတော်ပင် တိုးတက်လာပြီ။ ရှေ့သို့လည်း တိုးတက်ဖွယ် အလားအလာများစွာ ရှိနေသည်ကို မြင်ပြီးဖြစ်သဖြင့် စိုက်ပျိုးရေး ကျောင်းတစ်ကျောင်းဟူ၍ ပြောပလောက်အောင် ဖြစ်မြောက်ရေးအတွက် လုံးပန်းရပြန်သည်။

၁၉၂၀ ပြည့်နှစ်၌ ပျဉ်းမနား စိုက်ပျိုးရေးကျောင်းကြီးကို ထူထောင်ရန် မြန်မာပြည်အစိုးရကို လျှောက်ထားသဖြင့် စိုက်ပျိုးရေးဘက်ဆိုင်ရာ အစိုးရအရာရှိကြီးငယ်တို့ လာရောက်စစ်ဆေးစုံစမ်းကြပြီး

လျှင် စိုက်ပျိုးရေးမင်းကြီးက သဘောတူလိုက်သည်။ အမေရိကန်ပြည်ရှိ ဗတ္တိသာသနာ အဖွဲ့ကြီးကလည်း သဘောတူပြန်သဖြင့် ကျောင်း အဆောက်အအုံနှင့် စိုက်ပျိုးရေးကိရိယာအတွက် ငွေနှစ်သိန်း မတည်ရန် လျာထားလိုက်သည်။ ၎င်းငွေနှစ်သိန်းအနက် တစ်သိန်းကို မြန်မာပြည် အစိုးရက စိုက်ထုတ်၍ပေးမည်။ တစ်သိန်းကို အမေရိကန် သာသနာက စိုက်ထုတ်ရမည်။ သာသနာအဖွဲ့က စိုက်ပျိုးရေး အင်ဂျင်နီယာတစ် ယောက် ကောက်ပဲသီးနှံ ပါရဂူတစ်ယောက် ပျဉ်းမနားသို့ သာသနာ့ ဝန်ထမ်းအဖြစ် စေလွှတ်ရမည်။

၎င်းနှစ် ဆရာကြီးကေ့(စ်)ထံမှ အမေရိကန်ပြည် သာသနာ အဖွဲ့ချုပ်အတွင်းရေးမှူးသို့ ပေးလိုက်သော စာတစ်စောင်ကား...

* * *

ပျဉ်းမနားမြို့၊ ဖေဖော်ဝါရီလ ၂၇၊ ၁၉၂၀

အတွင်းရေးမှူး မစ္စတာ ရော့ဘင်းခင်ဗျား...

သာသနာ အဖွဲ့ကြီးက ပျဉ်းမနား စိုက်ပျိုးရေးကျောင်းအတွက် ထိထိရောက်ရောက် အရေး ယူနေကြောင်း ကြား၍ ဝမ်းသာပါသည်။ မြန်မာ ပြည် အစိုးရကလည်း ဤကျောင်းမျိုးဖြင့် မြန်မာ ပြည် အကျိုးဖြစ်ထွန်းမည်ကိုမြင်၍ အမတော်ကြေး ငွေရင်းများစွာပေးရန် ကတိထားပါပြီ။ ကျုပ် တွေ့ သမျှ အစိုးရအရာရှိတိုင်းကလည်း ဤကျောင်းမျိုးကို လိုလား၍ အားပေးကြပါသည်။ မြန်မာ ခရစ်ယာန် ခေါင်းဆောင်များကလည်း စရိုက်ပြုပြင်ရေးတွင် အသက်မွေးမှု အဆင့်အတန်း မြှင့်တင်ပေးသော ဤ

ဇဝံဂေလိအမှုမျိုးကို ဆောင်ရွက်သင့်ကြောင်း သဘောတူညီကြပါသည်။ ဗုဒ္ဓဘာသာ ခေါင်းဆောင်များကလည်း မြန်မာပြည်၌ ဤကျောင်းမျိုးများစွာ လိုနေကြောင်း၊ သင်တန်းဝင်လိုသူများ မြောက်မြားစွာ ရှိမည်အကြောင်း အားပေးကြပါသည်။

ယခုအခါ လခစား အလယ်အလတ်တန်းစား ပညာတတ် အလုပ်လက်မဲ့ လူထုကြီးက လက်ရှိ ပညာသင်ကြားရေးစနစ်ကို မကျေမနပ် ဖြစ်နေ၍ လက်မှုပညာကို များစွာလိုလားနေသည့် ခေတ်သစ်ကြီး ဖြစ်လာပြန်သဖြင့် အခါအခွင့် အလွန်သင့်လျော်နေပါသည်။


ကျုပ်တို့ သားအမိ၊ သားအဖသုံးယောက် မတ်လတွင် အမေရိကန်ပြည်သို့ အပန်းဖြေ နားရက်လာယူပါမည်။ ၁၉၂၁ ခု နိုဝင်ဘာလတွင် မြန်မာပြည်သို့ ပြန်၍ ၁၉၂၂ ခုနှစ်အတွင်း ကျောင်းအဆောက်အအုံကြီးကို အပြီးဆောက်ပါမည်။ ၂၃ ခု နှစ်ဦးကစ၍ သင်တန်းဖွင့်ပါမည်။ ပထမနှစ် သင်တန်းတွင် အများဆုံးတပည့် ၃၀ သာ လက်ခံပါမည်။

ဆောင်ရွက်သမျှအတွက်၊


ကျေးဇူးတင်လျက်...

ဘရေတန်၊ ကေ့(စ်)

၁၉၂၀ ပြည့်နှစ် အမေရိကန်ပြည်သို့ အပန်းဖြေ အနေအနားသွားစဉ် ကာလီဖိုးနီးယားနယ်၊ ဒေးဗစ်(စ်)မြို့ စိုက်ပျိုးရေးတက္ကသိုလ်၌



ပျဉ်းမနား စိုက်ပျိုးရေးကျောင်းဝင်း။



ပျဉ်းမနား စိုက်ပျိုးရေးသင်တန်းကျောင်း။

ဆက်လက်၍ ဗဟုသုတ ဆည်းပူးပြန်သည်။ ပြီးလျှင် မြန်မာပြည်သို့ ပို့ရန် စိုက်ပျိုးရေးပညာ ဝိဇ္ဇာဘွဲ့ရ သာသနာ့ဝန်ထမ်း ဆရာတစ်ဦးကို လိုက်လံရှာဖွေပြန်သည်။ ဆရာကြီး လက်စလီး၃(စ်)တေဂ္ဂါးကို တွေ့ရ၏။ ထိုဆရာကြီးကား ဝါရှင်တန်အစိုးရ စိုက်ပျိုးရေးတက္ကသိုလ်တွင် ဝိဇ္ဇာတန်းလွန် သင်တန်းကိုယူပြီးလျှင် ထိုအခါ ဝါရှင်တန် တက္ကသိုလ်၌ ကထိကတစ်ပါး ဖြစ်နေပြီ။ ထိုဆရာကြီးကို သာသနာ့ဝန်ထမ်းအဖြစ် အရဆွဲ၍ အမေရိကန်ပြည်တောင်ပိုင်း နယူးအော်လျင်း(စ်)မြို့ရှိ အော်ဒူဗန်သကြားကျောင်း၌ ကြံပင်စိုက်ပျိုးသည့် အတတ်၊ သကြားချက်သည့် အတတ်တို့ကို ခြောက်လတိတိ ရှာဖွေသင်ကြားစေပြန်သည်။ မစ္စတာကော့(စ်)၏ ရည်ရွယ်ချက်ကား ပျဉ်းမနား စိုက်ပျိုးရေးကျောင်းတွင် စိုက်ပျိုးရေးဘက်၌ စပါးနှင့် ကြံကို အထူး အလေးပြု၍ စိုက်မည် ကြံစည်သည်။

အားလပ်သည့် အချိန်တိုင်း၌ စိုက်ပျိုးရေးနှင့်ဆိုင်သည့် စက်ကိရိယာ အမျိုးမျိုးကို စစ်ဆေးစမ်းသပ်လေသည်။ စက်ထယ်၊ စက်ထွန်၊ ကောက်ရိတ်စက်၊ မျိုးကြဲစက်၊ ပေါင်းထွင်စက်၊ စပါးနယ်စက်၊ လှေ့စက်၊ ကြိတ်စက်၊ ကြံရည်ညှစ်စက်၊ သကြားချက်စက်တို့ အကြောင်းကို ရှာဖွေစုံစမ်း၍ ကိုင်တွယ်ခုတ်မောင်းပုံကို သင်ကြားခဲ့သည်။ စက်ကိရိယာ လုပ်ကိုင်သော အလုပ်ရုံပိုင်ရှင်ကြီးများထံမှလည်း စက်ထယ်၊ စက်ထွန် တချို့ကို အလှူခံခဲ့သည်။

ဤသို့ဖြင့် အမေရိကန်ပြည်၌ အပန်းဖြေအနားယူသည့် အားလပ်ချိန်တွင် ပျဉ်းမနား စိုက်ပျိုးရေးကျောင်းအတွက် ဗဟုသုတ ဆည်းပူးကာ အချိန်ကို ကုန်စေခဲ့သည်။ ဗမာလယ်သမား၏ တိုးတက်ရေးကို တစ်ပြေးတည်း ပြေး၍ ကြည့်ကာသာ နေလေ့ရှိပေသည်။

❑

# ၄။ ကျောင်းဆောက်ပြီ

ဆရာကြီးကေ့(စ်)သည် မြန်မာပြည်သို့ ၁၉၂၁ ခု ဒီဇင်ဘာလ ခရစ္စမတ် အချိန်လောက်တွင် ပြန်ရောက်လာသည်။ ရောက်လျှင် အုတ်ပုံစံသွင်းစက်၊ အုတ်ဖုတ်စက်တို့ကို ဝယ်၍ အုတ်တစ်သိန်းခန့် ဖုတ်လိုက်သည်။ ကျောင်းသစ်ကြီးပြီးလျှင် ကျောင်းသားများ ကျောင်းမဆံ့အောင် လာကြတော့မည်ကိုသိ၍ ပထမကျောင်းဆောင်ကို အလျင်အမြန် ပြီးစီးအောင် အပူတပြင်း ဆောက်လုပ်လေသည်။ ဤသို့ အဆောက်အအုံလုပ်ငန်းကို အပူတပြင်း ဆောက်လုပ်သည့် အထဲကပင် တောသို့ တရားဟောထွက်သည့်အလှည့်ကိုလည်း မပျက်ကွက်။ ၎င်းနှစ်မတ်လတွင် ကိုဘစိုး၏ လွှစက်ရုံအစည်းအဝေးများမှ အလုပ်သမား ၂၇ ယောက်ကို နှစ်ခြင်းပေးရသည်။ ဤတပည့်တော်တစ်စုမှာ ဆင်းရဲသား အလုပ်ကြမ်းသမားတစ်စုဖြစ်၍ လက်တွေ့လုပ်ငန်းဖြစ်သော နေမှုထိုင်မှု၊ အသက်မွေးဝမ်းကျောင်းမှု၌ ဧဝံဂေလိတရား၏ အမအစကို မြင်ကြသောကြောင့် ခရစ်တော်ကို လက်ခံသူများ ဖြစ်ကြသည်။ ဤတောပိုင်း၌ အသင်းတော်ကလေးတစ်ခု သီးခြား ဖွဲ့စည်းထားကြသည်။

ဝင်းနံရံတိုင်များကို ကွန်ကရစ်ကျောက်ပုံသွင်း၍ သံဆူး

ကြိုးများနှင့် ဝင်းခတ်ရသည်။ အစိုးရကလည်း ကျောင်းစံပြ စိုက်ပျိုးရေးအတွက် လယ်ဧက ၂၀၀ ကို ပတ္တာပြု၍ 'ဂရန်'ပေးလိုက်သည်။ ဤလယ်မြေအနက် ခုနစ်ဧကကို လယ်ထွန်မိုတိုစက်နှင့် ထွန်ယက်၍ ပြောင်းချလိုက်ရာ သူများထက်တစ်လလောက် ဦးဦးဖျားဖျား ပြောင်းဖူးပေါ်လာသည်။ ပြောင်းစေ့ကို ဖြန့်ကြဲမချဘဲ စက်နှင့် မြောင်းချ၍ အကွက်ညီချသောကြောင့် ပြောင်းခင်းမှာ အလွန်ကြည့်လို့ကောင်းသည်။ ပေါင်းထွင်၊ မြေမြှောက်သည့်လုပ်ငန်းကို လက်နှင့် မလုပ်ရတော့ဘဲ စက်နှင့် တစ်ခါတည်း ပေါင်းလည်းထွင်၊ မြေတောင်လည်း မြှောက်နိုင်သဖြင့် လူမပင်ပန်းဘဲ အလုပ်တွင်ကျယ်လှသည်။ ပြောင်းခင်းကို မြင်သမျှလူတွေက ချီးမွမ်းအံ့သြကြသည်။ ပြောင်းခင်း၏ သတင်းကား အလျင်အမြန် ပျံ့နှံ့၍ ရပ်ဝေးရပ်နီး တောင်သူလယ်သမားများ လာရောက်ကြည့်ရှုကြသည်။ ဆရာကြီးကော့(စ်)လည်း တောသို့ တရားဟော လှည့်လည်သည့်အခါတိုင်း စိုက်ပျိုးရေးနိသရည်း၊ စိုက်ပျိုးရေး ကိရိယာများကို ရွာသားတို့အား ညွှန်ကြားဟောပြောလေ့ ရှိသည်။

စပါးစိုက်ရာ၌လည်း ပထမနှစ် စိုက်ရိုးစိုက်ထုံးအတိုင်း ပျိုးထောင် ကောက်စိုက်၍ စပါးပင်များကို ချသည်။ ကောက်စိုက်ရာတွင်သာ ခပ်ကျဲကျဲ စိုက်စေသည်။ ကောက်ရိတ်သည့်အခါ စက်ဖြင့်ရိတ်၍ ကောက်လှိုင်းစည်းပြီး ထွက်လာသည်။ ကောက်လှိုင်းများကို သယ်ယူ၍ ကောက်နယ်မှု၊ စပါးလှေ့မှုကို စက်နှင့် လုပ်ပြန်သဖြင့် သူများ ကောက်ရိတ်၍ မပြီးသေးမီ ကျောင်းက စပါးကျီ သွင်းပြီး ဖြစ်နေသည်။

ကောက်ရိတ်စောစော ပြီးသောကြောင့် မြေကြီးစိုထိုင်းထိုင်း ရှိနေစဉ် စက်နှင့် အလျင်အမြန် ထယ်ထိုး၍ ကုလားပဲ၊ ပဲနောက်ချပြန်သည်။ ဤနည်းဖြင့် လယ်တစ်ကွက်တွင် သုံးသီးလှည့်၍ စားရသည်။ စက်ဖြင့် ထွန်ယက်ရိတ်သိမ်း၍သာ ဤသို့ ကောက်သုံး သီးကို စားရ

သည်။ ဤကား အချိန်ကုန်သက်သာခြင်း၏ အကျိုး ဖြစ်သည်။ လယ်တစ်ကွက်တွင် ကောက်ပင်သုံးမျိုး လှည့်၍ချရခြင်း၏ အကျိုးကြီးကား မြေဩဇာဓာတ်သုံးမျိုး ပြောင်းလဲသဖြင့် မြေ၌ ဩဇာမျှတသည်။ ကောက်ပင်တစ်မျိုးတည်း ဆက်တိုက်စိုက်သွားလျှင် မြေဩဇာ တစ်နှစ်ထက်တစ်နှစ် ညံ့ဖျင်းသွားတတ်သည်။ ချသမျှ ကောက်ပင်တို့၌ အရေးအကြီးဆုံးမှာ မျိုးသန့်ဖို့ပင် ဖြစ်သည်။ မျိုးကောင်းကောင်းသန့်သန့် ရွေးချယ်ခြင်းဖြင့် အသီးကောင်း ညီညီညာညာ ရနိုင်သည်။

ကြံစိုက်ရာ၌လည်း ပြောင်းစိုက်ရာ၌ကဲ့သို့ မြောင်းတူးစက်၊ ပေါင်းထွင် မြေမွှောက်စက်များဖြင့် လုပ်ကိုင်ရသဖြင့် အချိန်ကုန် လူပန်းများစွာ သက်သာသည့်ပြင် ကြံပင်များလည်း သန်စွမ်း ထွားကျိုင်းလှသည်။ ကြံပင်များရင့်လျှင် အမေရိကန်ပြည်မှ ဆရာကြီးကေ့(စ်) ကိုယ်တိုင် ယူခဲ့သော ကြံကြိတ်စက်ကလေးနှင့် ကြံရည် ညှစ်ကြည့်ရာ ကြံရည်များစွာ ပိုမိုထွက်သည်။ အနီးအပါးရှိ ကြံခင်းရှင်များအဖို့လည်း ဤကြံကြိတ်စက်မျိုးကို အမေရိကန်ပြည်မှ မှာပေးသည်။

ဒုတိယနှစ် စပါးစိုက်သည့်အခါ ထုံးစံအတိုင်း ပျိုးထောင် ခြင်း၊ ကောက်စိုက်ခြင်းကို မလုပ်တော့ဘဲ လယ်ထဲ၌ စက်မြောင်းဖော်၍ မျိုးစေ့ချကာ စူးထိုးစိုက်နည်းဖြင့် စိုက်ပျိုးလေသည်။ မျိုးစေ့ကို စက်နှင့်ချသဖြင့် အချိန်ကုန် သက်သာသည်။ စူးထိုးညီ၍ မျိုးစေ့ကုန် သက်သာသည်။ စပါးပင်ကို ပြောင်းလဲကောက်စိုက်ခြင်း မရှိသောကြောင့် တသန်တည်း တက်၍ စောစောရိတ်ရသည်။ ဤနည်းသစ်ကို ရေများလွန်းသော အောက်နယ်ဒေသ၌ အသုံးပြုမှ ပြုနိုင်မည်။ သို့သော် အညာနှင့် မြေလတ်ဒေသများ၌ အသုံးပြုနိုင်သည်။

ဆရာကြီးကေ့(စ်)၏ စေတနာရင်းမှာ တောင်သူလယ်သမားတို့ အဆင့်အတန်း တိုးတက်ခြင်းပင် ဖြစ်သည်။ စီးပွားရေးတိုးတက်မှ

အဆင့်အတန်းတိုးတက်မည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကား တိုင်းပြည်၏ အရင်းခံလုပ်ငန်းကြီးဖြစ်၍ ဤလုပ်ငန်း ကြီးပွား တိုးတက်မှ တိုင်းပြည် ကြီးပွားတိုးတက်နိုင်မည်။ ဤလယ်သမားတွေ ကာယ၊ ဉာဏ၊ စာရိတ္တ တိုးတက်မှ တိုင်းပြည်၌ ဗလသုံးတန် ရရှိနိုင်မည်။

ယခုအခါ လယ်သမားတို့မှာ တိုးတက်ကြီးပွားခြင်း မရှိ။ စိုက်ပျိုးရေး နည်းစနစ်မှာလည်း ရှေးပုဂံမင်းများလက်ထက်က နည်းအတိုင်း ပြောင်းလဲတိုးတက်ခြင်း မရှိခဲ့။ လယ်သမား၏ တိုးတက်ရေးကို သတ္တုချလိုက်လျှင် အောက်ပါရှစ်ချက်ပေါ်တွင် မှီနေကြောင်း တွေ့ရသည်။

၁။ အလုပ် တွင်ကျယ်၍ အချိန်ကုန်သက်သာသော လက်နက်ကိရိယာတို့ကို အသုံးပြုရမည်။

၂။ လောကဓာတ် သဘာဝကို လူက တတ်အားသရွေ့ ပြုပြင်ထိန်းသိမ်းနိုင်အောင် ကြံစည်ရမည်။

၃။ မြေတစ်ကွက်၌ တစ်သီးအစား၊ နှစ်သီး၊ သုံးသီး ရအောင်ချနိုင်ရမည်။

၄။ မြေကြီးဩဇာကို ရေထဲ၌ မျော၍ပါမသွားအောင် ထိန်းသိမ်းတတ်ရမည်။

၅။ ကောက်ပဲသီးနှံ ညီညာကောင်းမွန်ရန် မျိုးသန့်သန့်ကို ရွေး၍စိုက်ကြရမည်။

၆။ လယ်သမားတိုင်း မိမိတို့စီးပွား ဖြစ်ချသော ကောက်မကြီးအပြင် အိမ်သုံးစရိတ်ကာမိအောင် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း၊ ကြက်၊ ဘဲ၊ ဝက် မွေးမြူခြင်းတို့ကို ဖက်၍ လုပ်ကိုင်ရမည်။

၇။ ၁၂ ရာသီ အလုပ်မပြတ်ရှိအောင် စီစဉ် လုပ်ကိုင်ရမည်။

၈။ 'ကြွေးတင် ကျွန်ဖြစ်' ဆိုသည့်အတိုင်း သူတစ်ပါးကျွန် မဖြစ်လိုလျှင် ကြွေးမြီမှ လုံးလုံးကင်းရှင်းအောင် ခြိုးခြိုးခြံခြံ နေထိုင်ရမည်။

ဤဖော်ပြပြီးသော လယ်သမားတို့၏ ရှစ်ပါးသီလ သို့မဟုတ် မင်္ဂလာရှစ်ပါးကို ပျဉ်းမနား စိုက်ပျိုးရေးကျောင်းသို့ လာရောက်သမျှ တပည့်အပေါင်းတို့အား လေ့ကျင့်ပေးရတော့မည်။ ထို့ကြောင့် စိုက်ပျိုးရေးပညာသင်တန်းကို လေးနှစ်ခွဲ၍ နေ့စဉ် သင်တန်းမှာလည်း စာတွေ့သင်တန်းနှင့် လက်တွေ့သင်တန်း နှစ်မျိုးခွဲ၍ ထားသည်။

ပထမနှစ် သင်တန်းမှာ ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း၊ ပေါက်တူး၊ ပေါက်ပြား၊ တူးရွင်း၊ ဂေါ်ပြား အစရှိသည့် လယ်သမားလက်နက် အမျိုးမျိုးကို အသုံးပြုတတ်ခြင်း၊ လက်မှုပညာမှာ ဝါး၊ နှီးနှင့် ကြိမ်လုပ်ငန်းအမျိုးမျိုး ဖြစ်သည်။ နှီးဖြာ၊ ကြိမ်ထိုးလုပ်ငန်း အားလုံးကို ကျွမ်းကျင်ရမည်။ လယ်သမား၏ အလုပ်ကိရိယာဟူသမျှကို နေရာတကျ သုံးစွဲနိုင်ရမည်။

ဒုတိယနှစ် သင်တန်းမှာ စပါး၊ ကြံ၊ ပဲ၊ ပြောင်း၊ နှမ်း စသည့် ကောက်ပင်အမျိုးမျိုး စိုက်ပျိုးခြင်းကို အဓိကသင်တန်းထား၍ လက်မှုပညာအတွက် လက်သမားအတတ်ကို သင်ကြရသည်။ ထွန်တုံး၊ ထယ်တုံးနှင့် ကျွဲ နွားဖြင့် ဆွဲသော လယ်ထွန်ကိရိယာအမျိုးမျိုး၏ သဘောကို နားလည်၍ သုံးတတ်ကြရသည်။ ဤနှစ်၌ ကျောင်းသားတစ်ယောက်လျှင် ကိုယ်တိုင် စိုက်ပျိုးရန် မြေတစ်ဧကကျ ရရှိသည်။

တတိယနှစ်၌ တိရစ္ဆာန် မွေးမြူရေးကို အဓိက သင်တန်းထားသည်။ နို့စားနွားမများကို ကြည့်ရှုကျွေးမွေးပုံ၊ ကြက်၊ ဝက်၊ ဘဲ၊ ငန်း မွေးမြူနည်းတို့ကို ကိုယ်တိုင်မွေး၍ လက်တွေ့ သင်ကြရသည်။ လက်မှုပညာမှာ လက်သမားအတတ်တွင် ပန်းပဲအတတ်နှင့် သံကိရိယာ ကျိုး

လျှင် ပြုပြင်ခြင်း၊ လှည်းမီးချခြင်းနှင့် တခြား လယ်သမားတို့ အသုံးများသော ပန်းပဲလုပ်ငန်းတို့ကို သင်ကြရသည်။

စတုတ္ထနှစ်၌ အထက်ပါ (၁) ဟင်းသီးဟင်းရွက် စိုက်ပျိုးရေး၊ (၂) ကောက်ပဲသီးနှံ စိုက်ပျိုးရေး၊ (၃) တိရစ္ဆာန်မွေးမြူရေး ပညာသုံးရပ်တွင် မိမိ ကြိုက်နှစ်သက်ရာ တစ်ရပ်ရပ်ကို ရွေးချယ်၍ အထူး သင်တန်းတက်ရပြန်သည်။ လယ်ယာစီမံရေး၊ ငွေကြေးစာရင်းကိုင်အတတ်၊ တူးမြောင်း၊ ရဟတ်၊ စက်ကိရိယာဆင်ပုံတို့ကိုလည်း သင်ကြားရသည်။

ဤလေးနှစ်အတွင်း နေ့စဉ်နှင့်အမျှ ဘုရားဝတ်ပြုမှုနှင့် အမြဲမကွာ နေရကြသည်။

ပျဉ်းမနား စိုက်ပျိုးရေးကျောင်းဖွင့်လျှင်ဖွင့်ချင်း ပထမနှစ်သင်တန်းအတွက် တပည့် ၃၀ သာ လက်ခံမည်ဟု လျာထားသော်လည်း လျှောက်လွှာ ၄၀ ကျော် ရောက်ရှိနေသည်။ နောက်ထပ် လျှောက်လွှာများလည်း ရောက်တုန်းပင်။ နောက်ဆုံး လျှောက်လွှာ ၄၀ သာ လက်ခံ၍ ၄၀ လောက် ပယ်ပစ်ရသည်။ လျှောက်သူများမှာ အင်္ဂလိပ်လိုခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းအောင်ပြီး သူငယ်များ ဖြစ်၍ ပျမ်းမျှခြင်းအားဖြင့် အသက် ၁၈ နှစ်ရွယ်သာ များသည်။ မြန်မာပြည်အရပ်ရပ်မှ လာကြ၍ ကျောင်း၌ လူမျိုးဘာသာစကား ဆယ်မျိုး ဆုံမိကြသည်။ မြစ်ကြီးနားသားနှင့် ထားဝယ်သား၊ ကျိုင်းတုံ လွိုင်ကော်သားနှင့် သံတွဲသားတို့ လေးယောက်စီတွဲ၍ စကားဆယ်မျိုးနှင့်ဝိုင်းကာ ဝဲနေကြသည်။

ဤကား ကျောင်းဖွင့်စအခါတည်း။

❑

## ၅။ ဗိုလ်(ဘို)ကိတ်ကြီး

ဆရာကော့(စ်)ကြီးမှာ မိမိတပည့်တစ်စုနှင့် မနက် ၆ နာရီမှ ၉ နာရီခွဲအထိ လယ်ယာလုပ်ငန်းကို လုပ်ရသည်။ ထယ်ထိုး၊ ထွန်ခြစ်၊ ပေါင်းထွင်၊ သစ်ပင်စိုက်၊ မြေကြီးသယ်၊ အင်္ဂတေတိုင်များကို ပုံသွင်း၊ တိုင်ထူ၊ သံဆူးကြိုးကာ၊ တစ်ခါတစ်ရံ စားဖိုချောင်၌ အချက်အပြုတ်ကိုပင် စီစဉ်ရသည်။ နေ့လယ် ၁၀ နာရီခွဲမှ ၃ နာရီအထိ ကျောင်းထဲ၌ သင်တန်းသင်ပေးရသည်။ ညနေ အချိန် ဘဲ၊ ဝက်၊ ကြက်ရုံများကို လိုက်လံကြည့်ရှုရပြန်သည်။ ကျောင်းကို အုပ်ချုပ်ရသည့်အလုပ်၊ စာရင်းအင်း စစ်ဆေးရသည့် အလုပ်၊ သာသနာပြုဆရာအဖြစ်နှင့် တောသို့ ဒေသစာရီလှည့်၍ ဟောပြောရသည့်အလုပ်များနှင့် မပြတ်မလပ် လက်မလည်အောင် လုပ်ကိုင်နေရသည်။ ဤအထဲမှ မိတ်ဆွေများ၊ ပျဉ်းမနားသို့လာလျှင် ဧည့်ခံရသေးသည်။ စိုက်ပျိုးရေး စံပြလယ်ကွက်များ၌ နေ့စဉ်နှင့် အမျှ ဧည့်သည် ပြတ်သည်ဟူ၍ မရှိ။ တောသို့သွားလျှင်လည်း မိတ်ဆွေများကို အနှံ့အပြား လိုက်လံနှုတ်ဆက်လေ့ ရှိသည်။

* * *

တောသားကြီး။ ။ ဟော့...သူငယ်၊ မင်းတို့ ဗိုလ်ဖြူကြီးရဲ့ နာမည် ဘယ်လိုခေါ်သလဲကွယ့်။

ကျောင်းသား ။ ။ ဆရာကြီးကေ့(စ်)တဲ့ဗျ။

တောသားကြီး။ ။ ကေစိ၊ ကေစိ၊ ကြံကြံဖန်ဖန်ကွာ၊ နာမည်ကိုက ကေစိလို့။ ကေဝဋ္ဋအမတ် အားကျပြီး မှည့်ထားထင်ပါ့။

ကျောင်းသား ။ ။ 'စိ'မပါပါဘူးဗျ၊ ကေ့(စ်)လို့ ဆိုမှပဲ။ နာမည်ရင်းက မစ္စတာ ဘရေတင်၊ ကလား(ခ်)၊ ကေ့(စ်)တဲ့ဗျ။

တောသား ။ ။ အမယ်လေးဟဲ့၊ မင်းရှင်းပြတော့မှ အမေဘုတ်ရဲ့သပွတ်အူဖြစ်သွားတော့တာပဲ။ ကုလားခက်ဆိုတဲ့အတိုင်း ခက်ပါပေရဲ့ ကုလားရယ်။ ဒီလိုနာမည်မျိုး သုံးခါလောက် ခေါ်ရရင် လျှာတွေ ပန်းဖျားဖျားပြီး သေရချည်ရဲ့။ ဟော့... မင်းတို့တစ်တွေ တောသားတွေကို ဒီနာမည်မျိုးနဲ့ လည်နှိပ်စက်မနေနဲ့၊ တို့ကတော့ သူ့ကို ဗိုလ်ကိတ်လို့ ခေါ်မှာပဲ။ အရပ်အမောင်းအလိုက် ဗိုလ်ကိတ်ကြီးပေါ့ကွာ။

ကျောင်းသား ။ ။ ခင်ဗျားတို့ ခေါ်တာတော့ ဘယ်လို ခေါ်ခေါ် မတတ်နိုင်ဘူး။ ဆရာကြီးက သဘောကျဦးမှ ဖြစ်မှာ။

တောသား ။ ။ ဟာ...ဘာမှ သဘောမကျစရာ မရှိဘူးကွယ့်။ ဒီနာမည်က နိမိတ္တက၊ အနွတ္ထ အမည်။ ဇမ္ဗူဒိပ်ကျွန်း၊ နိမိတ်ထွန်းဆိုသလို အတိတ်နဲ့ နိမိတ်နဲ့ သင့်အောင်ပေးတဲ့ နာမည်။ 'ကိတ်' ဆိုတဲ့ စကားအဓိပ္ပာယ် မောင် သိရဲ့လား။

ကျောင်းသား ။ ။ မသိဘဲ နေပါ့မလားဗျာ၊ လက်ဖက်ရည်နဲ့သောက်တဲ့ မုန့်ကလေးတွေပေါ့။ တစ်လုံး တစ်မူးပေးရတာ မဟုတ်လား။

တောသား ။ ။ ဟား...ဟား...ဟား၊ မင်း အတော်ကျမ်းဂန်ကျယ်တဲ့ အကောင်ပဲ။ မလိမ္မာမချင်း မှတ်ထား။ 'ကိတ်'ဆိုတာ

'ကေတု' ဆိုတဲ့ ပါဠိစကားက လာတာ။ 'ကေတု' ဆိုတာ တံခွန်၊ အောင်လံ၊ အလံအဓိပ္ပာယ် ရှိတယ်။

ကျောင်းသား ။ ။ ဪ...ဒါဖြင့် ကေတုမတီ၊ တောင်ငူပြည်ကြီးလို့ ရာဇဝင်မှာ ကျွန်တော်တို့ ဖတ်ရတာ။ တောင်ငူမှာ အောင်လံကြာရှည်မတည်လို့၊ ပဲခူးတို့၊ အင်းဝတို့ ပြောင်းကြရတာ ထင်ပါ့။

တောသား ။ ။ မင်းတို့တစ်တွေဟာ စကားပြောလိုက်မှ ခွချည့်ပဲ။ အဲဒီခေတ်အခါတုန်းက ဗမာပြည်ကို ရှမ်းနဲ့ တလိုင်း နှစ်ပိုင်းပိုင်းပြီး ကြီးစိုးနေကြလို့ ဗမာမင်းဆက်တွေမှာ မြေလတ်ဖြစ်တဲ့ တောင်ငူအရပ်မှာ သွားခိုနေကြရသကွယ့်။ ဗမာမင်း မင်းကြီးညို လက်ထက်ကျတော့ တောင်ငူမြေကို အခြေပြုပြီး နီးရာ ရှမ်း၊ တလိုင်းမြို့စား နယ်စားတွေကို တိုက်ခိုက်အောင်မြင်တဲ့အတွက် မြန်မာပြည် ဗမာမင်းရယ်လို့ တသီးတခြား တစ်ထီးတစ်နန်း တံခွန်စိုက်လာနိုင်သကွယ့်။ အဲသလို တံခွန်စိုက်ရာ အလံထူရာအရပ်မို့လို့ ကေတုမတီလို့ အမည်မှည့်တာ။ ဒါကြောင့် 'ကိတ်'ဆိုတာ တံခွန်အဓိပ္ပာယ်၊ အောင်မြင်တဲ့ အဓိပ္ပာယ်။ ထွန်းကား၊ ထင်ရှား၊ ကျော်ကြားတဲ့ အဓိပ္ပာယ်။ မင်းတို့ ကေစီဆရာကြီးကို ဗိုလ်ကိတ်လို့ခေါ်ရင် အသင့်လျော်ဆုံးပဲကွယ့်။

ကျောင်းသား ။ ။ ဘိုကိတ်၊ ဘိုကိတ်၊ ဘိုကိတ်ကြီး။ အင်း...အခေါ်ရတော့ အတော်သက်သာလာသဗျို့။ ဒါပေမဲ့ ခင်ဗျား နိမိတ္တကတွေ၊ အနွတ္ထတွေ ဘိုကိတ်ကြီး ရှေ့သွားပြီး မကျဲလေနဲ့။ ဗိုလ်ကိတ်ကြီးက ဗမာရာဇဝင်ကို အားအားရှိတိုင်း လက်ဖက်ရည်ကြမ်း လုပ်နေတာ။ တော်တော်ကြာ သက္ကရာဇ်တွေ၊ ဘာတွေ ပြန်မေးလိုက်လို့ ခင်ဗျား မုန့်လပွေကြီး လှုတိုးမိဦးမယ်။

* * *

ဤသို့ဖြင့် အစပြု၍ ဆရာကြီးကို ဘိုကိတ်ကြီးဟု တောအရပ်၌ ထင်ရှားလာသည်။ ပျဉ်းမနားမြို့၌လည်း အမေရိကန်ဆရာကြီးဟူ၍ တရိုတသေ ခေါ်နေကြရာမှ ဘိုကိတ်ကြီး အမည်တွင်လာပြန်သည်။

စိုက်ပျိုးရေးကျောင်း၌ မွေးမြူသော ဝက်မျိုးမှာ အင်္ဂလန်ပြည် ဗား(ခ်)ရှိုင်းယားနယ်မျိုးဖြစ်၍ အလွန်ထွားကျိုင်းလှသည်။ အနေအထိုင်၊ အစားအသောက် သန့်ပြန့်၍ ၎င်းဝက်မျိုးကို လူတိုင်း လိုချင်ကြသည်။ ဝက်အမျိုးအမည်ကို မေးလျှင် Berkshir ဗား(ခ်) ရှိုင်းယားမျိုးဟု ခေါ်ပုံကို တောသားများက အခေါ်ရခက်သဖြင့် ဘိုကိတ်ဝက်မျိုးဟု အလွယ်သာ ခေါ်လိုက်ကြသည်။

ကြက်မျိုးမှာလည်း မြန်မာလယ်သမားတို့ အထူးကြိုက်နှစ်သက်သည့်မျိုးမှာ အမေရိကန်ရစ်မျိုး Plymouth Rocks ပလင်းမာ(ည်)၊ ရော့(ခ်)(စ်) ဖြစ်သည်။ နာမည်ကိုကား မခေါ်တတ်ကြသဖြင့် ဘိုကိတ်ကြက်မျိုး ဟူ၍ပင် လွယ်လွယ်ခေါ်လိုက်ကြသည်။

ဘိုကိတ်ပဲမျိုးမှာ ယခုထက်တိုင် ကုန်သည်ပိုင်း၌ သုံးစွဲနေကြသေးသော ပဲမျိုးဖြစ်သည်။

စိုက်ပျိုးရေးကျောင်း သစ်သီးခြံ၌ ဆရာကြီးသည် လိမ္မော်ကိုင်းနှင့် ကျွဲကောကိုင်းကို ယှက်၍ စိုက်လိုက်ရာ ၎င်းအပင်မှ အသီးမှာ အနံ့၊ အရောင်၊ အဆင်းအားဖြင့် လိမ္မော်သီးနှင့်တူ၍ အရွယ်အစားနှင့် အရည်အိမ်တို့မှာ ကျွဲကောသီးနှင့်တူ၏။ ဤဗန္ဓုတ်သီးကို ဆရာကြီးကိုယ်တိုင်က လိမ်ကောသီးဟု အမည်သစ်ပေးလိုက်သည်။ သို့မဟုတ်လျှင် ဗိုလ်ကိတ်ကျွဲကော၊ ဗိုလ်ကိတ်လိမ္မော်ဟု တွင်ပေဦးမည်။

* * *

မြန်မာပြည်အရပ်ရပ်၌ ဘိုကိတ်ဝက်၊ ဘိုကိတ်ကြက်၊ ဘိုကိတ်ပြောင်း၊ ဘိုကိတ်ပဲဟူ၍ အများခေါ်ဝေါ် သုံးစွဲနေကြသော်လည်း ပျဉ်းမနား စိုက်ပျိုးရေးကျောင်း၌ ဆရာကြီးကေ့(စ်) တီထွင်လိုက်သော မျိုးသန့်မျိုးကောင်းများဟူ၍ သိသူနည်းပါးလှ၏။

* * *

၁၉၂၇ ခု ဒီဇင်ဘာလ ၃ ရက်နေ့ ပျဉ်းမနားမြို့မှနေ၍ အမေရိကန်ပြည်ရှိ မိတ်ဆွေများသို့ ရေးလိုက်သော မေတ္တာစာ။

မိတ်ဆွေအပေါင်းတို့ခင်ဗျား...

မြန်မာပြည် တောလက်ကျေးရွာရှိ ဆင်းရဲသားတို့၏ အသက်မွေးမှု တိုးတက်ကြီးပွားရေးအတွက် ဤပျဉ်းမနား စိုက်ပျိုးရေးကျောင်းကို ပူဇော်၍ ထားပါသည်။ ကျောင်း၏ ရည်ရွယ်ချက်မှာ အလုပ်ကြမ်းဟု ဆိုရမည့် လယ်ယာလုပ်ငန်းကို အတတ်ပညာနှင့်ယှဉ်၍ ဝင်ငွေတိုးတက်လာစေခြင်းဖြင့် ဂုဏ်ရှိသော အလုပ်ဖြစ်လာအောင် ချီးမြှင့်ပေးရန်ဖြစ်ပါသည်။ လောကရာစုနှင့် ချိန်ထိုးကြည့်လျှင် ငွေဝင်ကောင်းသည့်လုပ်ငန်းမှာ ဂုဏ်ရှိသော လုပ်ငန်းဖြစ်ကြောင်း အများအယူ ရှိကြသည်။ သမ္မာအာဇီဝလည်းဖြစ်၊ ဝင်ငွေလည်း လုံလုံလောက်လောက်ရှိလျှင် လယ်ယာလုပ်ငန်းသည် အလွန်မြင့်မြတ်သည့်အလုပ်၊ ဂုဏ်ရှိသည့် အလုပ်ဖြစ်နိုင်ပါသည်။ မြန်မာပြည်တွင် ရာခိုင်နှုန်း ၇၅

ခန့်လူစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသူ များဖြစ်၍ လယ်သမားဂုဏ်မြင့်မှ တစ်ပြည်လုံး ဂုဏ်မြင့်နိုင်မည်။ လယ်သမား လူထုဆင်းရဲသမျှ အောက်ကျနောက်ကျ ဖြစ်နေသမျှ ကာလပတ်လုံး မြန်မာပြည်ကြီး အောက်ကျနောက်ကျဖြစ်နေမည် စသဖြင့် ရေးသားလိုက်သည်။

လယ်ယာလုပ်ငန်းသည် တခြားလုပ်ငန်းများထက် သန့်ရှင်းစင်ကြယ်သော လုပ်ငန်းဖြစ်သော်လည်း လယ်ယာကို ပင်ပင်ပန်းပန်း လုပ်လျက်နှင့်မှ ဝမ်းမဝ၊ ခါးမလု အမြဲရှိနေလျှင် ထိုင်တော်ပြတ်နေသည့် လယ်သမားတို့မှာ ခိုးဝှက်တိုက်ခိုက်မှုကို ရှက်ကြောက်နိုင်တော့မည် မဟုတ်။ အိမ်၌ မိန်းမမျက်နှာမြင်နေလျက် မိမိဇနီး၏ မီးနေစရိတ်ကို မပေးနိုင်သော စာရေးသည် လာဘ်မယူဘဲ အဘယ်နေနိုင်အံ့နည်း။ မိမိကလေး မမာနေလျက် ဆေးဆရာ ခေါ်ကြွပေးရန် ငွေမရှိသော ဆင်းရဲသားသည် လာဘ်မစားရန် အဘယ်သို့ ချုပ်တည်းနိုင်မည်နည်း။ "အူမမတောင့်လျှင် သီလ မစောင့်နိုင်" ဆိုသော စကားပုံကား ဒိဋ္ဌဓမ္မ ထင်ရှားနေသော တရားကြီး ဖြစ်နေသည်။

ခရစ်ယာန်လယ်သမားတို့သည် မိမိတို့၏ သမ္မာအာဇီဝကို လက်တွေ့ပြနိုင်ကြရမည်။ လယ်လုပ်လျှင် စပါးပို၍ ထွက်ရမည်။ စပါးထွက် ပို၍သန့်ရမည်။ မျိုးပို၍ ကောင်းရမည်။ ကြက်၊ ဝက်မွေးလျှင် ပို၍ လုရ၊ ဝရ။ ထွားကျိုင်းရမည်။ ဥယျာဉ်ခြံရံလုပ်လျှင် ပို၍ ရှင်းလင်းရမည်။ ပေါင်းပင် နည်းပါးရမည်။ မြေသြဇာကောင်းရမည်။ ရေဝရမည်။ အသီးအပွင့် ပို၍ များပြား ထွားကျိုင်းရမည်။ ခရစ်ယာန်တိုင်းသည် မိမိ၏ အလုပ်အကိုင်အားဖြင့် ငွေရရုံမဟုတ်ဘဲ သူများကို ကူညီထောက်

ပင့်ရာ ရောက်သည့်အလုပ်မျိုးကို အမြဲလုပ်ကိုင်ရမည်။ ဤနည်းဖြင့်သာ လျှင် မိမိ၏ ယုံကြည်ခြင်း (ဝါဒ၏ အရင်းခံ)ကို သူတစ်ပါးတို့ သိမြင်နားလည်နိုင်မည်။

လယ်သမားတို့မည်သည် အောင်မြင်သော လယ်သမား၊ ကုံလုံသော လယ်သမား၊ ဂုဏ်ရှိသော လယ်သမား ဖြစ်လိုလျှင် (၁) အချိန်သည် ငွေပင်ဖြစ်ကြောင်း သိရမည်။ အချိန်ပြုန်းလျှင် ငွေပြုန်းရာရောက်ကြောင်း၊ အချိန်ကိုငွေလိုတွက်၍ စစ်စစ်စေ့စေ့ သုံးတတ်ရမည်။ (၂) လယ်သမားအချင်းချင်း ဖြောင့်မတ်ရမည်။ တစ်ဦးကိုတစ်ဦး စီးပိုးလျှင်၊ မတရားကြံစည်လျှင် အားလုံး နစ်နာမည်ကို သိရမည်။ သူ့ကို မနာလို၊ ကိုယ်သာ အကျိုးပျက်ဆိုသော စကားပုံမှာ လယ်သမားများအတွက် အထူးဆီလျော်လှသည်။ (၃) လူအချင်းချင်း စေတနာကောင်း ထားရမည်ကဲ့သို့ လယ်သမားတိုင်း မိမိမြေယာကို စေတနာကောင်းထားရမည်။ မြေကို အမြဲပြုပြင်ရမည်။ မြေစာကျွေးရမည်။ ပြုစုရမည်။ မလှ လှအောင် မွေးမြူနေရမည်။ ကိုယ့်မြေကို ကိုယ်ချစ်ခင်ရမည်။ (၄) အသိဉာဏ်၊ ပညာ၊ ဗဟုသုတသည် ကြေးရတတ်၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ ပွဲစားတို့အတွက် အရေးကြီးကြောင်း သတိချပ်ရမည်။ ဘဏ်တိုက်များ၌ ငွေစာရင်း သေချာရန် လိုသကဲ့သို့ လယ်သမားလုပ်ငန်း၌လည်း ဝင်ငွေ၊ ထွက်ငွေစာရင်း အတိအကျထားရှိရန်လိုကြောင်းသိရမည်။ (၅) နောက်ဆုံးဖြစ်၍ အရေးကြီးလှသောအချက်မှာ မယုတ်သော လုံ့လ ဝီရိယကို အမြဲဆောင်ရမည်။ လူပျင်းကို ဘယ်လိုပင် နတ်သိကြားများ စိုင်း၍ မသော်လည်း မကြီးပွားနိုင်။ သို့ကြောင့် 'ပျဉ်းမနား' ဟူသော အမည်ကို အမေရိကန်ဆရာကြီးတစ်ပါးက 'ပျင်းမနား' ဟူ၍ ပြောင်းလဲ၍ 'ပျင်းလျှင် မနားလေနှင့်' သို့ကြောင့် 'ပျင်းမနား' ဟူ၍ ဝိဂြိုဟ်ပြုလေသည်။ ဆရာကြီးကော့(စ်)မှာ မည်သည့်အခါမှ အားလပ်သည်မရှိ၊ ပျင်းသည်မရှိ။



ဗိုလ်ကိတ်ကတော်ကြီးနှင့် ဗိုလ်ကိတ်ကြက်။

သို့ကြောင့် ဗိုလ်ကိတ်နှင့် ပျဉ်းမနား ဒွန်တွဲ၍နေခြင်းမှာ သဒ္ဒါနှင့် အနက် အဓိပ္ပာယ် ထွက်ညီလှသည်။

ထိုနောက် ဆရာကြီးကေ့(စ်)၏ ရည်ရွယ်ချက်မှာ မိမိကျောင်းမှ သင်တန်းတက်၍ ထွက်သွားသော တပည့်များသည် မြန်မာပြည် အရပ်ရှစ်မျက်နှာသို့ သွား၍ စိုက်ပျိုးရေးနည်းသစ်တို့ကို ဒေသန္တရအလိုက် လယ်သမားတို့အား တစ်ဆင့်ညွှန်ကြားသင်ပေးစေချင်သည်။ ကျောင်းက ထွက်လျှင် မျိုးစပါး၊ မျိုးစေ့၊ သစ်သီးမျိုးစေ့၊ သစ်သီးပျိုးပင်များ၊ ဝက်မျိုးကောင်း၊ ကြက်မျိုးကောင်းများကို တစ်ပါတည်းပေး၍ လွှတ်လိုက်သည်။ ဤနည်းဖြင့်သာလျှင် မြန်မာပြည်လယ်ယာလုပ်ငန်းပြုပြင်ရေး တဖြည်းဖြည်း ပြန့်ပွားသွားနိုင်မည်။ ဤကား ဆရာကြီးကေ့(စ်)၏ စေတနာနှင့် ရည်ရွယ်ချက်ပင် ဖြစ်လေသည်။

❑

# ၆။ အကြံအောင်စပြုပြီ

ပျဉ်းမနား စိုက်ပျိုးရေးကျောင်း ဆယ်နှစ်မြောက်အချိန်တွင် ဆရာကြီးကော့(စ်)၏ လက်ရာဖြစ်သော ကျောင်းသည် ဘယ်လိုအခြေသို့ ရောက်နေပြီကို ကြည့်ကြစို့။

၁၉၁၇ ခုနှစ်၌ ကြံငါးဧက၊ ကြက်၊ ဝက် အနည်းငယ်နှင့် စိုက်ပျိုးရေးကျောင်းကို အစမ်းဖွင့်သည်။ ၁၉၁၈ ခုနှစ်၌ စပါး ၁၅ ဧက နောက်ထပ်တိုးလာသည်။ ၁၉၂၂ ခုနှစ်၌ အစိုးရက စိုက်ပျိုးရေးကျောင်း အတွက် အသုံးပြုရန် ဧက ၁၈၀၊ ဂရန်ထုတ်၍ပေးသည်။ ၁၉၂၃ ခုနှစ်၌ စိုက်ပျိုးရေးကျောင်းကြီးကို အုတ်တိုက်အဆောက်အအုံ စုံလင်စွာနှင့် ဖွင့်ရာ ကျောင်းသား ၃၉ ယောက်ရှိသည်။ ၁၉၃၁–၃၂ ခုနှစ်၌ ကျောင်း သား ၁၀၄ ယောက် ရှိလာသည်။ ကျောင်းအတွက် အထွေထွေ (ကျောင်း သား ထောက်ပံ့ကြေး၊ ကျောင်းဆရာများ လခ၊ အပျက်အစီး ပြုပြင်ခ) သုံးစရိတ်မှာ တစ်နှစ်လျှင် ငွေလေးသောင်းကုန်ကျသည်။ ၎င်းအနက် မြန်မာပြည်အစိုးရထံမှ ငွေ ၂၂,၀၀၀။ အမေရိကန်သာသနာမှ ငွေ ၁၈,၀၀၀ ထောက်ပံ့ကြသည်။ ကျောင်းအဆောက်အအုံများ တန်ဖိုးမှာ ငွေတစ်သိန်း နှစ်သောင်းဖြစ်ရာ အစိုးရက ခြောက်သောင်းကျော်ပေး

သည်။ ၁၉၃၂–၃၃ ခုနှစ်၌ အစိုးရငွေကြေး ကျပ်တည်းရေးကြောင့် နှစ်စဉ် ထောက်ပံ့ကြေး ၁၆,၀၀၀ မှ ငွေ ၆,၀၀၀ လျှော့လိုက်သည်။ ထိုကြောင့် ၎င်းနှစ် ကျောင်းသား ၈၀ သာ လက်ခံနိုင်တော့သည်။

၁၉၃၂ ခုနှစ်၌ ပျဉ်းမနားစိုက်ပျိုးရေးကျောင်းတွင် ထွန်ယက် စိုက်ပျိုးပြီး ဧက ၁၅၀ ရှိသည့်အနက် ဧက ၈၀ တွင် စပါး၊ ၂၅ ဧကတွင် ပြောင်း၊ ၁၅ ဧကမှာ ပဲပုပ်၊ ရှစ်ဧကမှာ ကြံ၊ ၁၀ ဧကမှာ ဟင်းသီး ဟင်းရွက်၊ နှစ်ဧကလောက်တွင် သစ်သီးဝလံ စိုက်ပျိုးသည်။ နွားကောင် ရေ ၁၀၇ အနက်တချို့မှာ 'ဆင်ဒီ'မျိုး၊ ဘင်္ဂလား နို့စားနွားမများ ဖြစ်သည်။ ဝက်ကောင်ရေ ၁၄၄၊ ကြက်ကောင်ရေ ၁၉၂၊ ကြက်မျိုး များတွင် ပလိုင်းမောက်ရော့(ခ်)၊ ရိုး(ဒ်) အိုလင် ကြက်နီနှင့် ဂိုက်လိပ်ပွန် ကြက်ဖြူမျိုးများကြသည်။ ရွာသားများက ဘိုကိတ်ရစ်၊ ဘိုကိတ် ကြက်နီ၊ ဘိုကိတ်ကြက်ဖြူဟူ၍ အလွယ်ခေါ်လိုက်သည်။

၁၉၃၁–၃၂ ခုနှစ် စိုက်ပျိုးရေးကျောင်းမှ ထွက်သမျှ ရောင်းရ ငွေမှာ ၁၁,၀၀၀ ခန့်ဖြစ်သည်။

ကြက်ဥရောင်းဝယ်ရေးနှင့် ပတ်သက်၍ ဆရာကြီးသည် သမ ဝါယမ ကြက်ဥအသင်းတစ်ခု ဖွဲ့လိုက်သည်။ အစိုးရ အမတော်ကြေး နှင့် ရွာအများမှာ အမေရိကန်ကြက်ကြီးမျိုးတွေ ရရှိကြပြီ။ ထိုရရှိပြီးသော ကြက်မများ၏ ဥများကို တွင်တွင်ရောင်းရန် ရန်ကုန်နှင့် အဆက်အသွယ် ပြုရသည်။ ဥ၏ အရွယ်အစားလိုက်၍ အတန်းခွဲပြီးလျှင် ဈေးအနည်း အများထား၍ ရောင်းချရသည်။ သမဝါယမ ကြက်ဥသင်းအမှုဆောင်တို့ သည် ရွာစဉ်လျှောက်၍ ကြက်ဥကောက်ပြီးလျှင် အသင်းသို့ ယူခဲ့ကြရ သည်။ ထိုသို့ ကြက်ဥကောက် ထွက်စဉ် ကြက်၊ ဝက် မွေးနည်း၊ အစာ ကျွေးနည်း၊ ရောဂါကုသနည်းတို့ကိုလည်း သင်ပေးရသည်။ ၎င်းအမှု ဆောင်တို့ပင်လျှင် ကျောင်းမှ အင်္ဂလန်မျိုးကောင်း ဝက်သိုးကို တစ်ရွာပြီး

တစ်ရွာ ယူဆောင်၍ ဝက်မျိုးကောင်း ပျံ့နှံ့စေသည်။ ဝက်များကို ရောင်းရာ၌လည်း သမဝါယမနည်းနှင့် ရောင်းချနိုင်ဖွယ်ရှိသည်။ ဘိုကိတ်ကြီးသည် မိမိကျောင်းမှထွက်သော ကြံသကာ၊ ကြက်ဥ၊ ပြောင်းဖူး၊ ခရမ်းချဉ်သီး၊ ဟင်းရွက်၊ ဝက်သားတို့ကို ရန်ကုန်သို့ တင်၍ ပေါက်စျေးနှင့် ရောင်းချနိုင်လေသည်။ ဤကဲ့သို့ တင်သည့်အခါ သမဝါယမအသင်းကြီးက ကုန်များကိုပါ တစ်ပါတည်းတင်၍ စရိတ်နှင့် အမြတ်ကို အချိုးကျ၊ မျှတ ခွဲဝေကြသည်။ ဤကဲ့သို့ တစ်ယောက်နှင့် မနိုင်သည့် လုပ်ငန်းကို တစ်ရာ၊ တစ်ထောင် ဝိုင်း၍ ဆောင်ရွက်လျှင် ပြီးမြောက်နိုင်ကြောင်း လက်တွေ့ပြခဲ့လေသည်။ ဤကား သမဝါမယစနစ်ပင်ဖြစ်သည်။ မြန်မာပြည်၌ အရောင်းအဝယ် ကမောက်ကမ ဖြစ်နေရခြင်းမှာ ယုံစားရမည့်လူ၊ ဖြောင့်မတ်သည့်လူ ရှားပါးသောကြောင့်ပင် ဖြစ်သည်။

၁၉၃၅ ခုနှစ်မှစ၍ ၁၉၄၀ ပြည့်နှစ်အထိ မြန်မာပြည် တောင်သူလယ်သမားလူထု၏ တိုးတက်ကြီးပွားရေးတွင် ပျဉ်းမနား စိုက်ပျိုးရေးကျောင်းသည် တစ်နေ့တခြား တိုး၍ အရာရောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၃၄ ခု၌ ဖော်ပြပြီးသော သမဝါယမ ကြက်ဥအသင်းကို လီမစ်တက်ကုမ္ပဏီတစ်ခု ဖွဲ့လိုက်သည်။ ၎င်းနှစ်၌ပင် ပျဉ်းမနားမြို့၌ ကျေးလက် သမဝါယမဘဏ်တစ်ခု ဖွင့်လိုက်သည်။ ပြည်ပိုင် အစိုးရ၏ အမိန့်နှင့် ဖွင့်လှစ်သော ကျေးလက်သမဝါယမဘဏ်များတွင် ဤပျဉ်းမနားသမဝါယမဘဏ်မှာ ပထမဘဏ် ဖြစ်သည်။

နှစ်စဉ် နွေဥတုကျောင်းပိတ်ရက်များတွင် အထူးသင်တန်းများကို ၉ ရက်၊ ၁၀ ရက်ခန့် ဖွင့်လှစ်သင်ကြားလေ့ရှိသည်။ ထိုသင်တန်းများသို့ ကျောင်းဆရာများ လွတ်လွတ်လပ်လပ် တက်ရောက် သင်ကြားနိုင်သည်။ အလွန်ပူအိုက်လှသဖြင့် စိုက်ပျိုးရေးဝါသနာမရှိသူတို့ လာလိုစိတ် မရှိနိုင်ကြ။ တက်ရောက်သူများလည်း စိုက်ပျိုးရေး၌ အလွန် စိတ်ပါ

သူများသာ ဖြစ်ကြသည်။ ဤသင်တန်းများသို့ မြန်မာပြည်အရပ်ရပ်မှ လာရောက် သင်ကြားကြသည်။ အသက် ၁၄ နှစ်မှ ၈၄ နှစ်အထိ ဘုန်းကြီးကျောင်းသားမှ တက္ကသိုလ် ကထိကအထိ အရွယ်အစားစား၊ ပုဂ္ဂိုလ်အစားစား လာရောက်ကြသည်။ ဤသင်တန်း၏ ရည်ရွယ်ချက်ကား မြင်ဆရာ၊ ကြားဆရာ၊ သင်ဆရာဆိုသကဲ့သို့ တစ်ယောက်က တစ်ရာ၊ မြင်ရ၊ ကြားရ၊ သင်ရသမျှတို့ကို ပျံ့နှံ့ပေးစေရန်ပင် ဖြစ်သည်။

သင်တန်းပြီးဆုံးသည့် အစည်းအဝေး၌ အသီးအသီး မိမိတို့ ရပ်ရွာသို့ ပြန်လျှင် ဘာလုပ်ကြမလဲဟူသော မေးခွန်းကို ဖြေကြသည့်အခါ...

၁။ "ကျွန်တော် ထားဝယ်ကိုပြန်ရင် သည်က ကြက်မျိုး၊ ဝက်မျိုးတွေ ယူသွားမယ်။ သည်ကျောင်းကခြံမျိုးနဲ့ တူအောင် အိမ်မှာ ဆောက်ထားမယ်"

၂။ "ကျွန်တော်တို့ ပုသိမ်ကျောင်းက ထမင်းကျန် ဟင်းကျန်တွေ အလဟဿ ပုပ်သိုးသွားမယ့်အစား၊ ဝက်မွေးထားဖို့ ကောင်းမယ်ဆိုတာ လက်တွေ့ပြလိုက်မယ်"

၃။ "ကျွန်တော် သာယာဝတီ ပြန်တဲ့အခါ ဂေါဖီထုပ်ကြီးတွေနဲ့ ကြက်သွန်ဥကြီးတွေကို ဖြစ်အောင်စိုက်မယ်"

၄။ "ကြက်မွေးတာ ဘယ်လို စီးပွားဖြစ်အောင် မွေးနိုင်တယ် ဆိုတာ ကျွန်တော့်ရွာကလူတွေ မွေးပြရဦးမှာပဲ"

၅။ "ကျွန်တော် ရွာပြန်သွားရင် လူမမာတွေ ကြည့်ရှု ပြုစုပေးမယ်။ ကျန်းမာလာအောင် ဘယ်လို နေထိုင်ရမယ်ဆိုတာ ရွာသားတွေကို ညွှန်ကြားပေးရမှာပဲ"

၆။ "ဒီနွေဥတု သင်တန်းမှာ ကျွန်တော် သင်လိုက်ရတဲ့ ကျမ်းစာတွေကို ကျောင်းကျတော့ ပြန်ပြီး သင်ပေးရတော့မှာပဲ"

၇။ "ကျုပ်တို့ အရပ်ကလူတွေဟာ အင်မတန် ပျင်းတယ်၊ လက်ဖက်ရည်ကြမ်း တစ်အိုးနား စကားဝိုင်းပြောနေရုံနှင့် အချိန်ကုန်တာပဲ။ သူတို့ လုံ့လဝီရိယနဲ့ ဒုက္ခဆင်းရဲခံတတ်လာအောင် ခရစ်တော်ဆီ အရောက်ပို့ပေးမှပဲ"

စသည်ဖြင့် အမျိုးမျိုး သန္နိဋ္ဌာန် ပြုကြသည်။

ပုသိမ်နယ်၊ မြောင်းမြနယ်၊ ဟင်္သာတနယ်၊ မော်လမြိုင်နယ်၊ မြင်းခြံနယ် စသည် အသင်းတော် စည်းဝေးကြီးများ၌လည်း ဆရာကြီးကေ့(စ်)ကိုယ်တိုင် တက်ရောက်၍ လယ်သမား လူထုတိုးတက်ကြီးပွားရေးတရားကို ဟောပြောဆွေးနွေးလေ့ ရှိသည်။ တရား၏အဆုံး၌ စပါးမျိုး၊ ပဲမျိုး၊ ပြောင်းမျိုး၊ သစ်သီးမျိုး၊ ဝက်မျိုး၊ ကြက်မျိုးတို့ကို မှာကြားလေ့ ရှိကြသည်။

၁၉၃၅ ခု ဒီဇင်ဘာလ ၂၈ ရက်နေ့ မန္တလေးမြို့တော် မြေနန်းပြာသာဒ်ကြီးတွင် ဘုရင်ခံချုပ်ကျင်းပသော ဒါဘာမင်းပွဲသဘင်၌ ကေ၊ အိုင်၊ အိပ်(ချ်) [ကိုင်ဇာ၊ အီ၊ ဟင်း(ဒ်)] ငွေတံဆိပ်ကို အစိုးရမင်းက ဆရာကြီးကေ့(စ်)အား ဆုချတော်မူလိုက်သည်။ ဆုချရခြင်းအကြောင်းမှာ လယ်ယာစိုက်ပျိုးရေး လက်တွေ့လုပ်ငန်း၌ မြန်မာပြည်အကျိုးကို များစွာ သယ်ပိုးရွက်ဆောင်သောကြောင့် ဖြစ်သည်။ ဗိုလ်ကိတ်ကြီးနှင့် ထိုက်လှသော ဆုတံဆိပ် ဖြစ်ပေသည်။

* * *

ဗိုလ်ကိတ်ကြီးသည် ငယ်စဉ်ကပင် မြန်မာကဗျာနှင့် ဂီတ၊ အနုပညာတို့ကို နှစ်နှစ်ခြိုက်ခြိုက် လိုက်စားခဲ့သူဖြစ်၍ စိုက်ပျိုးရေးတွင်လည်း သီဆို တီးမှုတ်မှု၊ ဇာတ်သဘင် ကပြမှုကို များစွာ အားပေးခဲ့သည်။ ကျေးရွာတောလက်များ၌ ဤအနုပညာမျိုးသာလျှင် ရွာသားတို့

၏ ပျော်ရွှင်မှု၊ ယဉ်ကျေးမှု ဖြစ်နိုင်ပေမည်။ ကျောင်း၌ ကပြသည့် ဇာတ်လမ်းတို့ကို မိမိကိုယ်တိုင် ရေးသားလေ့ရှိသည်။

၁၉၂၅ ခုနှစ် ကျောင်းသစ်ကြီး အဆောက်အအုံများ အနုမောဒနာ ပြုသည့်ပွဲတွင် အောက်ပါစိုက်ပျိုးရေးကျောင်းဘွဲ့ကို ဆရာကြီး ကိုယ်တိုင် ရေး၍ စကားရော အသွားပါ တပည့်တို့အား သင်ပေးခဲ့သည်။

(ဤသီချင်းမှာ အရေးအသား မကျန်ရစ်ခဲ့။ တပည့်ဖြစ်သော ဆရာ ဝီ(လ်)ဆင်နှင့် ဆရာ ကိုဘဆိုင်တို့ကိုယ်တိုင် ဆိုခဲ့ကြရာမှ နှုတ်တိုက် ရထားသည်ကို ကောက်၍ ရေးလိုက်ရသည်)။

## စိုက်ပျိုးရေးကျောင်း ဩဘာသီချင်း
## (ဗိုလ်ကိတ်ကြီးရေး)

ပျဉ်းမနားမြို့ဌာနီ၊ မြန်မာပြည်၊ ဗဟိုတည်၊ နာမည်၊ မင်္ဂလာ ဩဘာ၊ ထောမနာ၊ အဖြာဖြာ၊ မှတ်သားဖွယ်ရာ၊ အတတ်မှာ၊ စုံလှစွာ၊ ဂုဏ်ပြတော၊ အစိုးရမင်းများ၊ အားပေးကူညီရှာ၊ ကြေညာ၊ ပြေရွှာ၊ အလွန်ကောင်းကြီးမင်္ဂလာ၊ စည်ရွှမ်းလို့ မြည်ဟီးရှာ၊ အောင်ဆု မင်္ဂလာ၊ ရစေကြောင်း သွန်းလောင်းပါ၊ စိုက်ပျိုးကျောင်းကြီး တည်ထောင်ကာ၊ စိုက်ပျိုးကျောင်းကြီး တည်ထောင်ကာ...

သတ္တာခုနစ်ဖြာ၊ ရတနာမိုးမှာ၊ အမြို့မြို့ အရွာရွာ၊ တိုးဖို့သာ၊ တည်ထောင်ကာ၊ တည်ထောင်ကာ...

အောင်စေကြောင်း၊ အောင်တော်မူပြီ။ ဆရာများလည်း အားပေး ကူညီသည်။ တည်ထောင်သည်၊ တည်ထောင်သည်၊ ကောင်းကြီး နိမိတ် ဆောင်သည်၊ တိတ်တဘောင်အညီ၊ အောင်တော်မူပြီ၊ မုချအောင်သည်၊ အောင်တော်မူပြီ။

ဣန္ဒြိတ်၊ စိတ်ကကြုံ၊ ဒိဋ္ဌအမှန် အောင်ပြီ၊ အောင်တော်မူသည်။

မုချအောင်သည်၊ အောင်တော်မူပြီ။ စိုက်ပျိုးကျောင်းဆိုတဲ့ အမည်၊ မြန်မာပြည်မှာ တွင်သည်။ စိုက်ပျိုးရေးကျောင်းဆိုတဲ့အမည်၊ မြန်မာပြည်မှာ တွင်သည်။

ကျောင်းသား၊ ကျောင်းသား၊ ကျောင်းသားစုံညီ၊ ပေါင်းအများ၊ ပေါင်းအများ၊ ပေါင်းအများ ခေါ်ကြပေသည်။ တေးသီချင်း အပေါင်းနှင့် ကျောင်းသတင်း ကြေညာမည်။

(နိုင်ငံတကာ အလိုက်)

ပျဉ်းမနားမြို့မှာ တည်ထောင်ကာ ပျဉ်းမနားမြို့မှာ တည်ထောင်ကာ အပြည်ပြည် အရှာရှာ၊ နိုင်ငံတကာအပေါ်မှာ ပြိုင်စံမကွာ ကျော်တာ၊ ကျောင်းတော်မင်္ဂလာ ကျကျနန နည်းယူဖွယ်ရာ၊ ကျကျနန နည်းယူဖွယ်ရာ၊ သင်ပြသူရယ်၊ သင်ပြသူရယ်၊ ပညာအနန္တ ဟာမို့၊ ပြောပြပါတော့ ရေရေလည်လည်၊ ပြောပြပါတော့ ရေရေ လည်လည်၊ အများတကာတတ်အောင် သေသေချာချာ၊ သွန်သင်ဆုံးမတာ၊ ကျောင်းတန်ခိုးဖြင့် မညှိုးတာ၊ ကျောင်းတန်ခိုးဖြာ မညှိုးတာ၊ ကြံကြံတဲ့မှ ဖန်ဖန်၊ မြန်မာပြည်မှာ ထူးတဲ့ကျောင်းကြီးပါ။ ဩော်...စိုက်ပျိုးကျောင်းကိုလာ၊ ဩော်...ကျောင်းသတင်းရယ်နဲ့ အပေါင်းအသင်းကို ကြော်ငြာ။

စိုက်ပျိုးကျောင်းကြီး တည်ထောင်ရင်း ပြည်ဘောင်ခပင်း အေးစေဖို့၊ ရွှေသူဌေးမင်းများ ဖြစ်ကြစေဖို့သာ။

## (ကျောင်းတော်သား သီချင်းနှင့် ဝိုင်းဆို)

ပေါင်းလောင်းတောင်ရှေ့၊ ရှေ့အရိပ်အောက်မှာ၊ တည်ထောင်ပေတာ၊ ပျဉ်းမနားမြို့မှာ တည်ထောင်ပေတာ၊ တစ်ပြည်လုံးက ကူညီပေဗျာ၊ မြန်မာပြည်ကြီး၊ ပွားစီးလာဖို့ရာ၊ ပညာနိသသယ၊ နည်းနာယူကြပါ၊ ပျဉ်းမနားမြို့မှာ တည်ထောင်တာ။

ဝိုင်းဆို ။ ။ ကမ္ဘာပေါ်မှာ၊ ဒါမျိုးတွေမို့၊ စိုက်ပျိုးကျောင်းက၊ ကျော်ကြားပေတာ၊ ကျော်ကြားပေတာ၊ (နှစ်ခါ)၊ ပျဉ်းမနားမှာ တည်ထောင်ပေတာ၊ မြန်မာပြည်၊ ကြီးပွားလာဖို့သာ၊ ပညာ၊ နိဿယ၊ နည်းနာယူကြစရာ၊ ပျဉ်းမနားမြို့မှာ တည်ထောင်တာ။

❑

# ၇။ ကြို့ပြင်သာရွာ

ကြို့ပင်သာရွာကလေးမှာ အိပ်မောကျရာမှ လွန့်၍လာလေပြီ။ ရွာကလေးကို လွှမ်းမိုးနေသည့် အရှေ့ရှမ်းရိုးမဆီကို အရဏ်ကျင်းသည့် အလင်းရောင်သည် အမှောင်ကိုပယ်နှင် ဖျောက်ဖျက်စ ပြုပြီ။

ရွာရှေ့ ကုက္ကိုပင်ကြီးတစ်ပင်လုံးမှာလည်း ကျီးအိပ်တန်း ပြု၍ တအားအား အသံချင်းထပ်လျက် ကျီးထုကောင်းကင်ယံ သံချပ်ကြီးသည် ကြက်သံ၊ ခွေးသံ အစရှိသော မြေပြင်သံနှင့် ဆိုင်းချင်းဆင့်၍ မည်သူမျှ အိပ်ရာ၌ ဇိမ်မခံဝံ့အောင် လောကဓာတ် တူရိယာအဖွဲ့ကြီး မြည်ဟည်းလှုံ့ဆော်၍ လာချေပြီ။

အမေ့ရင်ခွင်ကြားက နို့ဆာ၍ နိုးလာသော 'ငခွေးလေး' လည်း တဝါးဝါးအော်လျက် မိခင်၏ရင်ကို ခြေလက်ကျောက်ကာ နှိုးနေသည်။

အမိနှင့် တကွဲချည်ထားသော နွားသူငယ် 'နောက်တိုး' လည်း နို့ဆာလှ၍ ခြေကကလျက် တဘဲဘဲ အော်နေသည်မှာ လည်ပင်းကြိုးက ဆောင့်၍ဆွဲခါမှ အမြည်ရပ်ကာ ရပ်ကာ သွားတော့သည်။

အိမ်ဘေးတင်းကုပ်ရှိ 'နံပိန်ကြီး' စားခွက်ထဲက ကောက်ရိုးများလည်း နမ်းဖတ်နံ့ တကြိုင်ကြိုင်ထလာပြီ။ လယ်သမား ကိုဘိုး

ထူးလည်း ထယ်တုံးကိုခွကာ နှမ်းဖတ်အလူးလူး လက်ကြမ်းကြီးနှင့် ဓားမတိုကိုဆုပ်လျက် ထယ်သွား၌ ခဲနေသော ရွံ့စေးများကို ခြစ်၍ ချနေသည်။

မီးဖိုချောင်က တသင်းသင်းထွက်လာ၍ နှာဝရှိ အကြောပေါင်းတစ်ထောင်ကို အသက်သွင်းလိုက်သော ကောက်ညှင်းပေါင်းနံ့ကလေးကြောင့် ကိုဘိုးထူးကြီး မနည်း အားရှိလာသည်။

အိမ်ရှေ့၌ (ဝင်းနံရံတိုင်၊ နွားချည်တိုင်၊ ပျိုလေးတို့ ပုဏ္ဏားတိုင်၊ ရာထူး၌ာနန္တရ အမျိုးမျိုးနှင့် အမှုထမ်းနေရသော) ထနောင်းပင်ထက်ကလည်း အလွန် အေးမြကြည်လင်လှသော အသံကလေးနှင့် "မိုးရေ စွတ်စွတ် စွတ်စွတ်"ဟု ထပ်တွန့် သီဆိုနေရှာသော မိုးစွေငှက်ကလေး၏ တေးသံမှာ ချစ်ခင်ဖွယ်၊ သနားဖွယ်၊ ကြည်နူးဖွယ် ဖြစ်လှပေ၏။

"ဗျို့...ဘကြီးထူး၊ မောင်ကြီးတစ်ယောက်ကော၊ မထသေးဘူးလားဗျ"

ကိုဘိုးထူးနောက်က ရုတ်တရက်မေးလာသူတို့မှာ အိမ်နီးချင်းကလေးများ ဖိုးမင်းနှင့် ဘသော်တို့ ဖြစ်ကြသည်။

ကိုဘိုးထူး၊ "မသိပေါင်ကွယ်၊ မင်းတို့လူ အိပ်တုန်း ထင်ပါ့၊ သွားနှိုးကြစမ်းပါဦး"

ကိုဘိုးထူးသည် မိမိသား မောင်ကြီး အိပ်နေရာ ခလောက်ဆွဲကို ဓားမတိုနှင့် ထိုး၍ညွှန်လိုက်သည်။

ဖိုးမင်းနှင့် ဘသော်တို့လည်း မောင်ကြီး၏ အိပ်စင်အောက် တည့်တည့် ကြမ်းကြားထဲမှ ဝါးခြမ်းနှင့်ထိုး၍ "ဟော့...မောင်ကြီး... ထတော့ကွာ၊ အိပ်လှချည်လား"

မောင်ကြီးလည်း လွန့်ကာလိမ့်ကာ ထလိုက်ပြီးလျှင် ကြမ်း

ပေါက်ကြားက ငုံ့ကြည့်လျက် "အာ…ဖိုးမင်းတို့၊ ဘသော်တို့ပါလား၊ ဟော့…ဖိုးမင်း၊ မင့်ဝါးခြမ်းကြီး ချထားလိုက်စမ်းပါဦး၊ မျက်စိထိုးမိပါ့မယ်၊ ငါ လာပြီကွ၊ ဘာတွေ သည်လောက် လောကြီးနေကြတာလဲကွာ၊ အိပ်လို့ ကောင်းတုန်းမှ မင်းတို့ ရှုပ်လိုက်ကြတာ"

ဖိုးမင်း ။ ။ ဟော့…မောင်ကြီး၊ မင်း မေ့ပြီလားကွ၊ ကနေ့ အမေရိကန်ဆရာကြီး လာမယ့်နေ့မဟုတ်လားကွ။ နောက်ကျလို့ မမြင် လိုက်ရဘဲ နေလိမ့်ဦးမယ်။

မောင်ကြီး ။ ။ အေး…ဟော့၊ အဟုတ်သားပဲ၊ လာပါပြီကွ၊ မျက်နှာသစ်လိုက်ဦးမယ်၊ စောင့်ကြဦးကွာ။

မောင်ကြီး၊ ဖိုးမင်း၊ ဘသော်တို့မှာ အိမ်နီးချင်း ကျောင်းနေဖက်၊ ပေသီး ကစားဖက်၊ စာဉ္စက်ဖက်၊ သူငယ်ချင်း ရဲသုံးဖော် ဖြစ်ကြသည်။ ရွာစွန်ရှိ လောကဓာတ်ကျောင်းဆရာ ကိုအောင်မြင့်၏ အိမ်ကျောင်းတွင် စာသင်နေကြသည်။

ကိုအောင်မြင့် အိမ်ကျောင်းကို အဘယ့်ကြောင့် လောကဓာတ်ကျောင်းဟု ခေါ်ကြသည်ကို မသိ။

စာပေပရိယတ္တိနယ်ထဲသို့ ဝင်ထွက်ကျက်စားတတ်သည့် ရွာသား အဘိုးကြီးတချို့က ကိုအောင်မြင့် သင်ပေးသည့် ပညာမျိုးကို မဝေဖန်တတ်အောင် ရှိနေကြသည်။

ဖိုးမင်း၏ အဘိုးဖြစ်သော ဦးဖိုးဘက။ ။ "ကမ္ဘာကြီးဟာ လုံးသတဲ့၊ နေကြတ်ပုံ၊ လကြတ်ပုံတွေလည်း သင်ရဲ့။ ဒီရေဆိုတဲ့ ရေတက်၊ ရေကျလည်း ရှိဆိုပဲ။ မယုံနိုင်ပေါင်ကွယ်။ (အညာရွာ ဖြစ်၍ ဒီရေကို မမြင်ဖူးနိုင်ကြ)။ မိုးရွာတာ၊ သိကြားမင်းနဲ့ မဆိုင်ဘူးဆိုတော့ သိကြားမင်းလည်း တန်ခိုးရော၊ ရာထူးရော ပြုတ်ကရောပေါ့။ 'က' နှင့် 'ခ' ပေါင်းလျှင် ၃၀ ရ၏။ 'က' ထဲက 'ခ' နုတ်လျှင် ၁၄ ရလျှင်

'က'၊ 'ခ'မည့်မျှစီ ရှိကြသနည်း။ အဲသလို အက္ခရာ အထိမ်းအမှတ်တွေနဲ့ အင်မတန် နက်နဲခက်ခဲတဲ့ သင်္ချာတွေကိုလည်း သင်သတဲ့။ ငါတို့ တစ်တွေ အငြင်းပွားနေတဲ့ 'ကံ'တို့၊ 'ဒွါရ'တို့အကြောင်းတော့ ဘာမှန်းမှ မသိကြဘူး။ ဖိုးအောင်မြင့်ကို ထောက်လှမ်းကြည့်တော့ 'ကံ' ဆိုတာ လယ်ထွန်တဲ့ အလုပ်တဲ့။ 'ဒွါရ'ဆိုတာ တံခါးပေါက်တဲ့။ 'ဒွါရ'မလုံရင် နွားကို လူခိုးရောတဲ့။ နွားကို လူခိုးတော့ လယ်မထွန်နိုင်ဘူးတဲ့။ 'ကံ' မထောက်နိုင်ဘူးဆိုပဲ။ ဒီအကောင် ပြောလိုက်မှဖြင့် တစ်တစ်ခွခွချည်းပဲ။ သူ့တရားက ဗိုက်တရားသက်သက်ပဲကို"

ဤတွင် ပရမတ်သမား အဘိုးကြီးတစ်ယောက်က ဖြတ်၍ တောလိုက်ပုံမှာ။ ။"မွန်းဘိုးဘနယ်ကွာ၊ ဗိုက်ရှိနေလို့ တရားရှိဖို့ လိုနေတာပေါ့ကွ။ ဗိုက်မရှိရင် တရားလိုပါဦးမလား"

ဦးဖိုးဘ ။ ။"ဟော့...တော်ကွယ်၊ မင်းတို့ ပရမတ်သမား တွေဟာ တောင်မကျ မြောက်မကျနဲ့၊ မင်းက သေခါနီးမှ ဗိုက်တရားနဲ့ ရိက္ခာယူသွားချင်သေးသလား"ဟု ဒေါသသံနှင့်ပြန်၍ ပက်လိုက်သည်။

ဦးဘိုးညဏ်။ ။"မွန်းဘိုးဘတို့များ တယ်လည်း စိတ်တို သကိုးကွယ့်၊ ဘာဖြစ်လို့လဲ၊ မင်း...ထမင်းဆာလို့လား၊ သည်းခြေ လေဟပ်ပြန်ထင်တယ်။ အမယ်ကြီးနဲ့ လေပေါက်မတည့်ခဲ့လို့လားကွ။ ငါတော့ ထမင်းဆာပြီကွာ၊ မင့်တရား နာရတာကောင်းရဲ့၊ ဗိုက်က မနေဘူး၊ ဗိုက်တရားက မင့်တရားထက် တန်ခိုးကြီးနေပြီကွယ့်"

ဦးဖိုးဘမှာ ထသွားသော ဦးဘိုးညဏ်၏ ကျောပြင်ကြီးကို မသာမယာ မျက်မှောင်ကုတ်ကြီးနှင့် ကြည့်နေရင်း ဟင်းချလိုက်ပြီးလျှင် ရုပ်၊ နာမ် တရားနှစ်ပါးကို ဝိပဿနာပြုပြန်သည်။

* * *

မောင်ကြီး ။ ။ နေကြဦးကွ၊ ငါ့နှာခေါင်းထဲ ကောက်ညှင်း ပေါင်းတွေ ခေါ်သံကြားနေတယ်။ ဟော...နှမ်းထောင်းကလည်း အောင်း...အောင်းတဲ့။ လာကွာ...ကောက်ညှင်းပေါင်းကလေး၊ ဘာ ကလေး စားပြီးမှ သွားကြတာပေါ့။

ဖိုးမင်း ။ ။ မစောင့်နိုင်ဘူးဟေ့၊ မင်း ကောက်ညှင်း ပေါင်း ဘေးချိတ်ထားလိုက်ဦး။ တို့အိမ်မှာ ဆီထမင်းထိုးတယ်ကွ၊ ပြီးတော့ စာကလေးကြော်တွေလည်း ရှိတယ်။ ဒါကြောင့် မင့်ကို လာခေါ် တာ။ ဖေဖေက မြန်မြန်လာတဲ့၊ နောက်ကျရင် စာကလေးကြော် အနံ့ တောင် ခံရမှာ မဟုတ်ဘူးတဲ့။ ကဲ...လာကြကွာ၊ ပြေးနိုင်မှ မီမယ်။

* * *

ဖိုးမင်းတို့အိမ်၌ ဆီထမင်း စားပြီးကြလျှင်...

ဖိုးမင်း ။ ။ ဘိုးဘိုး...ဘိုးဘိုး၊ ကျွန်တော်တို့ဆီကို ဒီကနေ့ မျက်နှာဖြူဆရာကြီး လာမယ်လို့ ပြောတယ်။ ဘိုးဘိုး သိရဲ့လား။

ဦးဖိုးဘ ။ ။ မသိပေါင် ငါ့မြေးရယ်၊ မင့် ဘယ်သူပြော သတုံး။

ဖိုးမင်း ။ ။ ဆရာ ပြောတယ် ဘိုးဘိုးရဲ့၊ နှစ်ရက်၊ သုံးရက်ရှိပြီ ပြောတာ။ ဆရာက ဒီဆရာကြီးဟာ ဆရာ့ ဆရာကြီးပဲတဲ့။ မင်းတို့ ရိုရိုသေသေကြိုဆိုရလိမ့်မယ်တဲ့။ ပျဉ်းမနားမြို့က ဆရာကြီးဆိုပဲ။

ဦးဖိုးဘ ။ ။ ဟာ...သိပကွ၊ သိပကွ၊ မင်းတို့ ဆရာရဲ့ ဆရာဆိုတော့ ကေန္တ ပျဉ်းမနားက ဗိုလ်ကိတ်ကြီးပဲ။

ဘသော် ။ ။ ဟုတ်ပါ့မလား ဦးကြီးရ၊ ဗိုလ်ကိတ်ကြီးဆို တာ ကျွန်တော်တို့ အိမ်အောက်မှာ မွေးထားတဲ့ ဝက်ကြီးနာမည်ပဲ။

ဦးဖိုးဘ ။ ။ မဟုတ်ဘူး မောင်ရ၊ ဗိုလ်ကိတ်ကြီးဆိုတာ

ပျဉ်းမနားမြို့က စိုက်ပျိုးရေးကျောင်းကို တည်ထောင်လာတဲ့ အမေရိကန်သာသနာပြု ဆရာကြီးရဲ့ နာမည်၊ သူ့နာမည်ရင်းက မစ္စတာ ကေ့(စ်)တဲ့။ တို့ကတော့ ဗိုလ်ကိတ်ကြီးလို့ပဲ လွယ်လွယ်ခေါ်လိုက်တာပဲ။

ဘသော် ။ ။ ဩော်...ဒါဖြင့် ကျွန်တော်တို့ ဝက်ကို ဘာကြောင့် ဗိုလ်ကိတ်လို့ ခေါ်ကြပါလိမ့်။

ဦးဖိုးဘ ။ ။ အဲဒါ ဝက်နာမည် မဟုတ်ဘူးကွယ့်၊ ဝက်အမျိုးအစားရဲ့ နာမည်၊ အနောက်တန်း ဒေါ်ငွမ်းအိမ်ရဲ့ ဝက်တွေ မင်းမြင်ရဲ့မဟုတ်လား"

ဘသော် ။ ။ မြင်တာပေါ့ ဦးကြီးရ၊ ဟို...ကြွက်သာသာ၊ ပိန်တာတူး၊ ညှက်စိစိကလေးတွေ မဟုတ်လား။ ဝက်လို့တောင် ခေါ်ဖို့မကောင်းတော့ပါဘူး ဦးကြီးရာ၊ သေးလိုက်တဲ့ အကောင်ကလေးတွေ။

ဦးဖိုးဘ။ ။အေး...ရှေးတုန်းက တို့ရွာတစ်ရွာလုံး အဲဒီ ဝက်မျိုးချည်းပဲကွယ့်၊ ဒီ အမေရိကန်ဆရာကြီးလာတော့မှ သူက အကြံဉာဏ်ပေးလို့၊ ဝက်ကလေးမျိုးတွေ ထုတ်ပစ်ပြီး ဝက်ကြီးမျိုးတွေ မွေးကြတာ။ သူကတော့ သူ့ဝက်မျိုးရဲ့ နာမည်ကို ပြောပြတာပဲ။ ပခက်ရှားဆိုလား၊ ဗခက်ရှားဆိုလား။ ဘိုးဘိုးတို့က လျှာလေးလေးနဲ့ မခေါ်တတ်တော့လွယ်လွယ်နဲ့ပဲ ဗိုလ်ကိတ်မျိုးလို့သာ ခေါ်လိုက်ကြတာပဲ။ အင်္ဂလန်ပြည်က ဗိုလ်ကိတ်ကြီး တင်လာတဲ့ ဝက်ကြီးမျိုးပေါ့။ ဒါကြောင့် တချို့ကအင်္ဂလန်မျိုးလို့ ခေါ်ကြတာ။

ဘသော် ။ ။ ဒါဖြင့် ကျွန်တော်တို့ ဝက်ကို ဗိုလ်ကိတ်လို့ခေါ်လို့ ဘယ်တော်မှာတုံး။ ဗိုလ်ကိတ်ကြီး ကြားသွားမှဖြင့် အတော်စိတ်ဆိုးစရာကြီးပဲ။

ဦးဖိုးဘ ။ ။ အမယ်...ဒါလောက်လည်း ပူမနေပါနဲ့ ငါ့မြေးရာ၊ ဒီဗိုလ်ကြီးက သူ့မျက်နှာကြည့်ပြီး ဗိုလ်ကိတ်ဝက်၊ ဗိုလ်ကိတ်

ကြက်လို့ ခေါ်လိုက်ရင်ပဲ မျက်နှာတပြုံးပြုံး၊ မျက်လုံးတရွှင်ရွှင်နဲ့ ဘဝင်ကို မြင့်သွားတာပဲ။ အဲဒါတွေ ချစ်စရာကောင်းတဲ့ ဗိုလ်ကြီးကွ။ တခြား မျက်နှာဖြူတွေနဲ့ မတူဘူး။

မောင်ကြီး ။ ။ ဒါဖြင့် ဗိုလ်ကိတ်ကြီးဟာ ဒမ်၊ ဗလယ်ဒီဖူး၊ ဗိုလ်မျိုး မဟုတ်ဘူးပေါ့ ဦးကြီးရဲ့။

ဦးဖိုးဘ ။ ။ အင်း...မောင်ကြီးတို့မျာ အင်္ဂလိပ်စကား အတော်တတ်နေမင့်ပဲ။

မောင်ကြီး ။ ။ အဲဒါ အင်္ဂလိပ်စကားအစစ် ဦးကြီးရဲ့။ ဘိလပ်သားကြီးကိုယ်တိုင် သင်ပေးတာ။ ဟိုတစ်လလောက်က သစ်တော ဝန်ဆိုလား၊ သစ်တောမင်းကြီးဆိုလား၊ လာပါလေကော။ ကျွန်တော်တို့က သူ နားမလည်ဘူးထင်လို့ ခပ်ဝေးဝေးကနေပြီး ဟော့...မျောက်ဖြူကြီး လာပြီကွလို့အော်ပြီး ညာသံပေးလိုက်တော့ ဘယ်ပြောစရာရှိမလဲ၊ လိုက် လိုက်တဲ့ ဗိုလ်ကြီးဗျာ၊ ဘုန်းကြီးကျောင်း ထဲက တရုတ်စကားပင်ကြီးပေါ် တက်ပြေးလို့ပေါ့။ ဒီအထဲ အူယား ဖားယားနဲ့ တက်ရင်း စကားကိုင်းကြီး ကျိုးကျလို့၊ ကျွန်တော့်မှာ အင့်ခနဲဖြစ်ပြီး အတော်အောင့်သွားတယ်။ ဗိုလ်ကြီးက ကျောင်းဝကနေပြီး "ဂွတ်၊ ဆပ်ပြာတိုက်၊ ဗလယ်ဒီဖူး"လို့ ပြုံးစိစိနဲ့ ပြောသွားတယ်။

ဦးဖိုးဘ ။ ။ အင်း...မင့် အင်္ဂလိပ်စကားက အဆန်းပါ လားကွ။ (ဂွတ်)ဆိုတာတော့ ကြားဖူးရဲ့၊ သဘောကျရင် ပြောတဲ့စကားပဲ။ (ဗလယ်ဒီဖူး)ဆိုတာလည်း ကြားဖူးတယ်။ အဲဒါ ဆဲတဲ့စကားပဲ။ (ဆပ်ပြာ တိုက်) ဆိုတာက ဗမာစကားပါလားကွယ့်။ ဘာကြောင့် ဆပ်ပြာတိုက်ရ မတဲ့လဲ။

မောင်ကြီး ။ ။ အင်္ဂလိပ်စကားမှ အစစ်ပါ ဘကြီးရဲ့၊ ကျွန်တော်ကပဲ မပီလို့လား မသိဘူး။ ဆပ်ဖြူတိုက် ဆိုလား၊ ဆပ်ပြာ

တိုက်ဆိုလား ကြားလိုက်တာပဲ။ (ဗလယ်ဒီဖူး)ကိုတော့ ကောင်းကောင်း မှတ်မိတယ် ဦးကြီးရ။ မှတ်မိဆို၊ ဗိုလ်ကြီးလည်းသွားရော ကျွန်တော့် ပါးစပ်ထဲ (ဗလယ်ဒီဖူး) တစ်လုံးပဲ ကျန်ရစ်ခဲ့တယ်။ ကျွန်တော် တွေ့သမျှ သူငယ်ချင်းတွေရော၊ ခွေးတွေရော၊ သစ်ပင်တွေရော (ဗလယ်ဒီဖူး)လို့ ချည်း ခေါ်တာပဲ။ ဦးကြီးကိုတောင် ခေါ်တော့ မလို့။ ဆဲတဲ့စကားဆိုလို့ အသာ ဘရိတ်အုပ်လိုက်ရတယ်။

ဦးဖိုးဘ ။ ။ အမယ်လေးဟဲ့...မောင်ကြီးရဲ့၊ ငါ့ခေါ်မိရင် တော်သေးရဲ့၊ ဗိုလ်ကိတ်ကြီးများ အရှိအသေပေးရင်း ခေါ်မိရင် ဒုက္ခပဲ။ အဲဒီ (ဗလယ်ဒီဖူး)ကို ဘယ်တော့မှ မသုံးလေနဲ့။ အင်မတန် ရိုင်းတဲ့ စကားကွယ့်။ အင်မတန် ဒေါသထွက်လို့ ဆဲတဲ့စကားမျိုးပဲ။

မောင်ကြီး ။ ။ ဒါဖြင့် အတော်ပဲ၊ ကျွန်တော်နဲ့ ရန်ဖြစ်တဲ့ လူတွေ ပြန်မဆဲနိုင်အောင် (ဗလယ်ဒီဖူး)နဲ့ မှုတ်ထုတ်လိုက်ရမှာပဲ။

ဦးဖိုးဘ ။ ။ ဗိုလ်ကိတ်ကြီး ဘယ်တော့ ရောက်မယ်ဆို လို့လဲကွယ့်။

ဖိုးမင်း ။ ။ ကနေ့မနက်ပဲ ရောက်မယ်ဆိုတာပဲ ဘိုးဘိုး ရဲ့။

ဦးဖိုးဘ ။ ။ အင်း...လက်တစ်ဖက်က ကြက်ကြီးပိုက်လို့၊ တစ်ဖက်က ဝက်ကလေး၊ တကျွီကျွီနဲ့ မြင်ရချည်သေးရဲ့။

* * *

(ဒူ၊ ဟူ၊ ဝူ...ဝူ...ဝူ၊ ဒူ၊ ဟူ၊ ဝူ...ဝူ...ဝူ) ကြို့ပင်သာရွာ အနောက်မြောက်ထောင့်ရှိ ဆရာကိုအောင်မြင့်၏ လောကဓာတ်ကျောင်း မှ တပည့်အပေါင်းတို့ကို မောင်းထု၍ ဆင့်နေပြီ။

မောင်းသံကြားလျှင် ဖိုးမင်းတို့ ရဲသုံးဖော်တို့သည် ဆွေမျိုး

မေ့၍ ခြေသုံးစုံတို့မှာ တညီတညာတည်း ကျောင်းဘက်သို့လှည့်ကာ သုတ်ခြေတင်ကြလေသည်။

ဦးဖိုးဘမှာ စကားပြောရင်းတန်းလန်း ပါးစပ်ကြီးဟလျက် ကျန်နေရစ်သည်။ ။ (ခုခေတ်ပေါက်ကလေးတွေဟာ ဂါရဝတရား ဆို လားလားမှ မသိကြတော့ဘဲကိုး)ဟု ဟင်းချလိုက်၏။ (မိုလ်ကိတ် ကြီးက အမေရိကန် သာသနာပြု တရားဟောဆရာကြီးလို့လည်း ဆိုကြ တယ်။ ဘယ်လိုတရားနဲ့များ ကြက်၊ ဝက် မွေးပါလိမ့်။ ဒီတစ်ခါတော့ မေးဦးမှပဲ။ သူတို့ ခရစ်ယာန်တရားက ကြက်သတ်၊ ဝက်သတ် တရား ကြီးဖြစ်နေပုံရတယ်။ လောကဓာတ်ကျောင်းတွေ ဖွင့်၊ လောကဓာတ် ဘာသာတွေ သင်ပေး၊ လောကဓာတ် တရားတွေ ဟောနေတော့ ငါတို့ လောကုတ္တရာ ဗုဒ္ဓဘာသာတရားနဲ့ လားလားမှ မတူပါလား။ သူတို့ တရားကိုလည်း မကောင်းတဲ့ တရားလို့ မဆိုနိုင်ဘူး။ တယ်လည်း အတွေးရ ကျပ်နေမင့်ပဲ)။

ဦးဖိုးဘသည် မဝေခွဲတတ်အောင်ဖြစ်၍ ခေါင်းကုတ်ကာ လက်ဖက်ရည်ကြမ်းအိုးကို လှမ်း၍ နှုတ်သီးကျိုးမှ အနည်နောက်လှ သည့် လက်ဖက်ရည်အေးတစ်ခွက်ကို ငှဲ့ချလိုက်သည်။

❑

# ဗိုလ်ကြီးကိတ်

ဆရာ ကိုအောင်မြင့်။ ။ တပည့်တို့၊ ဆရာ့ကျေးဇူးရှင် ဆရာဖြစ်တဲ့ ပျဉ်းမနား ဆရာတော် ဗိုလ်ကိတ်ကြီး၊ ကနေ့မနက်' ရောက်လိမ့်မကွယ့်။ ပျဉ်းမနားက မော်တော်ကားနဲ့ မနက် ၅ နာရီ ထွက်လာမယ်ဆိုတော့ လမ်းမှာ ဘာမှမဖြစ်ရင် မနက် ၉ နာရီခွဲ၊ ၁၀ နာရီလောက်ရောက်လာမှာပဲ။ သည်တော့ တို့တစ်တွေ ၉ နာရီမှ ရွာပြင်ကနေ ကြိုဆိုကြရလိမ့်မယ်။ လူပျိုခေါင်းကိုသာ ထူးရဲ့ အိုးစည်ဝိုင်းက စည်တော်သံတီးတော့၊ မင်းတို့အားလုံး ဘုန်းတော်ဘွဲ့ သီချင်းကို လိုက်ဆိုကြရလိမ့်မယ်။ ဆိုတတ်ကြ မဟုတ်လားဟေ့။

တပည့်များ ။ ။ ဆိုတတ်ပါတယ် ဆရာ။

ဆရာ ။ ။ ကဲ...ဒါဖြင့် တစ်ခေါက်လောက် ဆိုကြည့်ကြရအောင်။ အိုးစည်ဝိုင်းက လုပ်ကြစမ်းပါဦးဗျို့။

ရွှေဘုန်းတော် တိုးပါလို့၊ ရွှေမိုးတွေရွာ၊
နိုင်ငံတော် ပြည်ရေးက၊ သာလှတယ်လေး၊
ရွှေဘုန်းတော် ထွန်းပါလို့၊ နေဝန်းတည့်ပေါ်၊
နိုင်ငံတော် ပြည်ရေးက၊ သာလှတယ်လေး။

ဆရာ ကိုအောင်မြင့် ။ ။ ကဲ…မြောက်ဘက်ကင်း တံခါး အပြင်က ကြိုကြစို့ဟေ့။ ဆရာကြီး ရောက်ချိန်နီးပြီ။

အိုးစည်ဝိုင်းတွင် နားပန်းဆံချ၍ ကတ္တီပါဘောင်းဘီပေါ်တွင် ပုဆိုးခါးထိုးလျက် ခါးတောင်းကျိုက်ထားသည့် သူငယ်တော်ဟန် အက သမားကတစ်ယောက်၊ ပုတီးကြီး လည်ပင်းဆွဲ၍ ဘိုးသူတော်ဟန် အက သမားကတစ်ယောက်။ ဤနှစ်ယောက်နှင့်ပင် ဖွဲ့ကျလှ၍ ရွာရှိ လူငယ်ဟူ သမျှ စိတ်တရွရွ လက်တကြွကြွနှင့် အားပါးတရ လက်ခုပ်လက်ဝါး တီးကာ လိုက်ကြလေသည်။ (ရွှေအိုးစည်၊ လွယ်သလေလေ၊ လွယ် သလေလေ၊ လွယ်သလေလေ)ဟူသော လက်သံမှာ ပြောင်လို့မဆုံး ရှိလှ သည်။ ဘိုးသူတော်နှင့် သူငယ်တော်တို့မှာ ကော့ရာက ကွေး၊ ကွေးရာက ကော့ကာ ဘိုးစိန်က၊ စိန်ခေါင်းတုံးက အောင်စည်ဗလက၊ အမယ်ကြီးအို အောင်စိန်ကဟူ၍ လက်ထိုးခြေထိုး၊ ခေါင်းညိတ်အမျိုးမျိုးနှင့် ထင်သလို ဗန်းပြနေကြသည်။ အရောင်တင်ပေါ်တွင် ချွေးပေါက်များ ဖိတ်ဖိတ် တောက်နေသည့်အထဲက ဦးတည့်ရာ လူကို မျက်စပစ်လိုက်သေးသည်။

ဟော… မော်တော်ကားကြီး ဆိုက်လာပြီ။ နောက်က တြေလာ (နောက်တွဲ)ကြီးနဲ့ပါလားဟေ့။ ဟော…ကားရပ်ပြီး ဆင်းလာတဲ့ ထောင် ထောင်မောင်းမောင်း ဗိုလ်ကြီးဟာ ဗိုလ်ကိတ်ကြီးပဲ။

အိုးစည်ဝိုင်းကစ၍ ကျောင်းသားများ လိုက်ဆိုကြသည်မှာ (ရွှေဘုန်းတော် တိုးပါလို့၊ ရွှေမိုးတွေရွာ) အစရှိသည့် စည်တော်သံပင် ဖြစ်သည်။

ဗိုလ်ကိတ်ကြီးမှာ အိုးစည်ဝိုင်းသို့လာ၍ ဆရာ ကိုအောင်မြင့် နှင့် လက်ဆွဲနှုတ်ဆက်ပြီး…

ဗိုလ်ကိတ် ။ ။ ဗျို့…ဆရာတို့၊ ဘုန်းတော်ဘွဲ့ဆိုတာ ကျုပ် တို့လိုလူမျိုးကို ချီးကျူးရတာမျိုး မဟုတ်ဘူး။ မိုးခေါင်ကုန်ပါလိမ့်မယ်။

မင်းစိုးရာဇာတွေကို စည်တော်နဲ့ရှမ်းပြီး ချီးကျူးတဲ့ ဘုန်းတော်ဘွဲ့ကွ၊ မင်းတို့ အိုးစည်တီးလုံး မရဘူးလား။

ကိုအောင်မြင့်။ ။ (ရွှေအိုးစည် လွယ်သလေလေ၊ လွယ်သလေလေ)ဆိုတာကို တစ်မနက်လုံး တီးနေကြတာပဲ ဆရာကြီးရဲ့။ လက်သီးတွေ ရွှေမချခင် ကြပ်ထုပ်ထိုးရကြတော့မယ်။

ဗိုလ်ကိတ် ။ ။ အမယ်...မှန်းစမ်းပဲ...မင့်အိုးစည်၊ (ဗိုလ်ကိတ်ကြီးသည် အိုးစည်ကိုလွယ်၍ လက်သံစမ်းလိုက်သည်)။ မင့်ပတ်စာက ပြန့်ကျဲကြီး လုပ်ထားတာကိုး။ ဟောသလို လိပ်ပြီး ညီညီဝိုင်းဝိုင်း ထေးရသကွ။ ဗုံကြီးသံကို အိုးစည်နဲ့လိုက်ရင် နားထောင်လို့အကောင်းဆုံးပဲ။ ကဲ...ဟောဒီ ဗုံကြီးသံ လိုက်ဆိုကြကွာ။ ဝါးလက်ခုပ်လည်း ညီညီလိုက်ကြနော်။

ရွှေဗုံသည် လူပျိုပေါက်၊ လေးယောက်တဲ့ တူပျော်ပျော်။ အိုးစည်သည် လူပျိုပေါက်၊ တို့လေးယောက်ကယ် မတူပျော်ပျော်။ ဗုံညိုကို လက်တင်ခလို့၊ အိုးစည်ကို လက်တင်ခပါလို့ တီးလိုက်ကြနော်။ ရှုလိုက်ကြနော်၊ မျှော်လိုက်ကြစမ်း။ တိမ်ယံမှာ ဗုံသံလိုမ့်တယ်။ မိုးနိမ့်ခမန်း။

ဗိုလ်ကိတ်ကြီးသည် မိုးပေါ်သို့မျှော်၍ အိုးစည်ကိုထုကာ အိုးစည်က ကလိုက်သည်မှာ ကလန်ကလားနေသော်လည်း စည်းဝါးကျလှ၏။

ဗိုလ်ကိတ် ။ ။ (ရှုလိုက်ကြနော်၊ မျှော်လိုက်ကြစမ်း။ တိမ်ယံမှာ၊ ဗုံသံလိုမ့်တယ်၊ မိုးနိမ့်ခမန်း)။

ကဲ...နောက်တစ်ပုဒ် ဆိုကြဦးစို့ဟေ့။

(တီးလိုက်ပါတဲ့ ဗုံကြီးသံ၊ အို...တီးလိုက်ပါတဲ့ အိုးစည်သံ၊ ထက်ကောင်းကင်ဝေယံစွန်းမှာ လွှမ်းစေဖို့ဖန်၊ သိကြားတဲ့ ဘုံဗိမာန်၊

အို...သိကြားမင်းရယ်တဲ့ ဘုံဗိမာန်၊ အယူခံဗုံသံတကက်တယ်၊ မိုးကျွက်ကျွက်ည်)။

ကျောင်းဆရာ ကိုအောင်မြင့်မှာ မိမိဆရာကြီး၏ အထုံဝါသနာကို သိပြီးဖြစ်သည်။ ဆရာကြီးသည် သဘင်ပညာကို ဝါသနာပါသည်။ ကဗျာနှင့် ဂီတပညာကိုလည်း လေ့လာတတ်သည်။ လွယ်ကူသော မြန်မာလင်္ကာသီချင်းတို့ကို ကျက်မှတ်လေ့ရှိသည်။ မိမိကျောင်း၌ တစ်နှစ်တစ်ကြိမ်၌ ပြဇာတ်ကလေးများ ကျင်းပသည့်အခါ မိမိကိုယ်တိုင် သီချင်းများကို စီကုံးသီဆိုတတ်သည်။

ကြို့ပင်သာရွာရှိ လူကြီးဝိုင်းတို့မှာ အိုးစည်ကြီးလွယ်၍ ကနေသော မျက်နှာဖြူကြီးကို မြင်၍ အံ့သြရှုမောနေကြသည်။ (ဘယ်လိုဗိုလ်ကြီးပါလိမ့်၊ ကျောင်းအုပ်ကြီးဆိုပဲ၊ သာသနာပြု ဆရာကြီး၊ တရားဟော ဆရာကြီးဆိုပြီး သည်လို ကရသလားကွာ)။

လူငယ်တို့မှာ ဆရာကြီး၏ ဆိုဟန်၊ ကဟန်၊ အိုးစည် လက်သံတို့ကို မြင်ရ၊ ကြားရလျှင် မျက်နှာဖြူ လူမျိုးကွဲသဏ္ဌာန်လုံးလုံးပျောက်၍ မိမိတို့နှင့် တစ်သွေးတည်း၊ တစ်သားတည်း ဖြစ်လာသည်။ အလွန်ခင်ခင်တွယ်တွယ် ရှိသေလာကြသည်။

* * *

ဗိုလ်ကိတ်ကြီး။ ။ ဟေ့...သူတော်၊ မင်းက ဘာ...သူတော်လဲကွ။

သူတော် ။ ။ ကျွန်တော်က စိန်ပန်းသူတော်ပါ။

ဗိုလ်ကိတ် ။ ။ ဟာ...မဖြစ်နိုင်တာ မောင်ရာ၊ မင်းက မျက်ပါးသူတော်နဲ့ တူပါတယ်။

သူတော် ။ ။ မျက်ပါးသူတော်ဆိုတာ တစ်ခါမျှ မကြား

ဖူးပေါင် ဆရာကြီးရဲ့။

ဗိုလ်ကိတ် ။ ။ စိန်ပန်းသူတော်ကော မင်း ကြားဖူးရဲ့လား။

သူတော် ။ ။ နာမည်သာ ကြားဖူးပါတယ်၊ တစ်ခါမျှ တော့ မမြင်ဖူးပါဘူး။

ဗိုလ်ကိတ် ။ ။ အဲဒါကြောင့် မင်း ဟိုသင်း တခြား ခါး တောင်းကျိုက်တခြား ဖြစ်နေတာ။ မင့်ရုပ်က မျက်ပါးသူတော်ရုပ်၊ နာမည်က စိန်ပန်းသူတော်ဆိုတော့ ဘယ်သွားပြီး နာမည်နဲ့ လိုက်အောင် ပြက်လုံးထိုးနိုင်ပါ့မလဲကွ။

သူတော် ။ ။ ဆရာကြီး ပြောနေတာ ကျွန်တော်တို့ နားကို မလည်သေးဘူး။ ရှင်းစမ်းပါဦးဗျ။

ဗိုလ်ကိတ် ။ ။ အင်း...ဒါဖြင့် သူတော် တရားဟောရဦး မလို ဖြစ်နေတာပေါ့။

## သူတော်တရား

ကျုပ်တို့ ငယ်ငယ်တုန်းက ၁၀ နှစ်၊ ၁၁ နှစ်အရွယ်တုန်း ကပေါ့။ မန္တလေးမြို့မှာ စိန်ပန်း ဘိုးသူတော်အဖွဲ့ဆိုပြီး နာမည်ကြီး အဖွဲ့တစ်ခုရှိတယ်။ သူ့အဖွဲ့က အငြိမ့်လည်းမဟုတ်ဘူး။ ပြဇာတ်လည်း မဟုတ်ဘူး။ မျက်လှည့်လက်စွဲလည်း မဟုတ်ဘူး။ သက်သက် လူရွှင် တော်ကြီး အဖွဲ့ပဲ။ အများအားဖြင့်တော့ နာမည်ကြီးဆိုင်းအဖွဲ့၊ အငြိမ့် အဖွဲ့၊ ဗုံရှည်အဖွဲ့တို့နှင့် တွဲတွဲပြီး ငှားလေ့ရှိတယ်။ လူရွှင်တော် စိန်ပန်း ဘိုးသူတော်ဆိုတာကတော့ ဝဝဖိုင့်ဖိုင့် ထွားထွားကျိုင်းကျိုင်းကြီးပေါ့။ ရှေးတုန်းကတော့ အငြိမ့်လူပြက်နာမည်ကြီးပေါ့၊ ဝလွန်းလို့ အငြိမ့်စင်တွေ မခံနိုင်တာနဲ့၊ အငြိမ့်ထဲကထွက်ပြီး သူ့ဟာသူ မြေဝိုင်းစင်၊ တစ်စင်ထောင် တော့တာပဲ။ ဒိုးချင်းအကမှာတော့ ပထမတန်းပဲ။ အင်္ဂါရုပ်ကတော့

မြင်လိုက်ရုံနဲ့ မရယ်ဘဲ မနေနိုင်ဘူး။ ဘိုးသူတော်အဝတ်၊ တစ်ခါတလေ ယောဂီရောင် သင်္ကန်းနဲ့ ရသေ့ ဒေါက်ချာဆောင်းလို့ ထွက်လာတတ်တယ်။ ပုတီးကြီးကလည်း မနည်းပေါင်၊ တစ်လုံးတစ်လုံးကို သစ်ကြားသီးလုံးလောက် ရှိတာကိုး။ ထွက်လာမှဖြင့် ဗိုက်ရွဲကြီး လှုပ်ကာ လှုပ်ကာနဲ့ ပုတီးကြီးစိပ်ပြီး "ဩော်...အနိစ္စ၊ ဒုက္ခ၊ အနတ္တ" အင်း...မေတ္တာ၊ ကရုဏာ၊ မုန့်သေတ္တာ၊ ငါးသေတ္တာ" အဲသလို ပြက်လုံးမျိုးကို ဣန္ဒြေကြီးနဲ့ရွတ်ပြီး ထွက်လာလေ့ရှိတယ်။ တခြားလူပြက်များလို ကိုယ့်ပြက်လုံးကို ကိုယ် ဘယ်တော့မှ မရယ်တတ်ဘူး၊ စာကလည်း စာတတ်၊ သီချင်းအမျိုးမျိုး၊ ကကြိုးအဖုံဖုံ၊ ရှစ်ဘက်ကစုံတဲ့ သဘင်သည် လက်ဟောင်းကြီး ဖြစ်လေတော့ သူ့ခေတ်နဲ့သူ တယ်နာမည်ကြီးသကိုးကွယ့်။ သူမပါရင် ဘယ်ပွဲမှာမှ မပြီးသလိုပဲ။ သူတော်ရုပ်နဲ့ လူပြက်တွေ ခေတ်စားမှန်းသိတော့ တခြား ဘိုးသူတော် လူပြက်တွေလည်း အများအပြားပေါ်လာတာပေါ့။ နောက်ပေါ် သူတော်တွေထဲမှာ နာမည် နည်းနည်းရလာတာကတော့ မျက်ပါးသူတော်ကိုးကွယ့်။ သူကတော့ ပိန်ပိန်ပါးပါး၊ အရပ်ရှည်ရှည်၊ စိန်ပန်းသူတော်ကြည့်လို့ အီရင်၊ မျက်ပါးသူတော်ကို အပြောင်းအလဲ သဘောမျိုးနဲ့ ကြည့်ကြတာကိုး။

ကြို့ပင်သာသူတော်။ ။ ဩော်...ဒါကြောင့် ဆရာကြီးက ကျွန်တော့်ကို နာမည်ယူ လွဲနေတယ်လို့ ဆိုတာပေါ့။

ဗိုလ်ကိုတ် ။ ။ အင်း...မင်းက ပိန်ရှည်ရှည်၊ စိန်ပန်းသူတော်က ဝတုတ်တုတ်ဆိုတော့ စိန်ပန်းသူတော် ပြက်လုံးတွေကို မျက်ပါးသူတော်က ရွတ်နေသလို နေတာပေါ့။ ဘယ်မှာ ရယ်အားရှိတော့မှာလဲကွ။

ကြို့ပင်သာ သူတော်။ ။ ဘာ့ကြောင့် စိန်ပန်းသူတော်၊ မျက်ပါးသူတော်လို့ နာမည်တစ်မျိုးစီ ဖြစ်လာတာလဲ။

ဗိုလ်ကိတ် ။ ။ အင်း...အဲဒါလည်း မှတ်ဖို့ကောင်း သကွယ့်။ စိန်ပန်းသူတော်ဆိုတာက မန္တလေးမြို့ စိန်ပန်းပင်တွေပေါတဲ့ စိန်ပန်းရပ်သားမို့ ကိုယ့်အရပ်ရဲ့ ဂုဏ်ကိုမြှင့်ချင်တော့ အရပ်ကို အစွဲပြုပြီး စိန်ပန်းသူတော်လို့ တွင်တာပဲ။ မျက်ပါးသူတော်ဆိုတာလည်း မျက်ပါး ရပ်သားမို့ မျက်ပါးရပ်ဆိုတာကတော့ ရွှေဆိုင်းခတ်တဲ့ အရပ်မို့လို့ မျက်ပါးရပ်ခေါ်တာ။ ရွှေဆိုင်းကို မျက်ပါးလို့ခေါ်ကြတာကိုး။ အဲဒီ မျက်ပါးရပ်က ထိုးမုန့်လည်း တယ်နာမည်ကြီးသကိုးကွယ့်။ နောက် ပေါ် ဘိုးသူတော် လူပြက်တွေလည်း အများရှိသပေါ့။ တရုတ်တန်း သူတော်တို့၊ ရွာဟိုင်းသူတော်တို့၊ သရဲသူတော်တို့၊ ဘုရားကြီး သူတော်တို့ ဒါပေမဲ့ သူတို့က တယ်မစွံကြဘူး။ နာမည်အကြီးဆုံး ကတော့ စိန်ပန်း သူတော်ပဲ။ ကဲ...သူတော်တရားတော့ ဆုံးပြီ။ မောင်တို့ အိုးစည်ဗိုင်းနဲ့ ပျော်ကြရအောင်၊ ဟောဒီ ဝိဇ္ဇာရပ်တုံးချင်းကို အရ ဆိုကြစမ်းကွာ။

## ဝိဇ္ဇာရပ် တုံးချင်း

သုတလေးတူ၊ ဖော်ပူးတွဲနှင့်၊ မူလစာတ်ခဲ၊ ဘင်နာစပ်
လို့၊ ပြဒါးမီးယပ်၊ သံဖမ်းသေ၊ ဆိုဆိုသမျှ၊ ကျမ်းစာစောင်၊
အခေါင်ထိပ်နေ၊ ကဝေရမို့၊ စိတ်လောင်မီးကျ၊ ဂုဏ်ပြန်းဝှန်
သည်၊ ဉာဏ်စတုံခွန်၊ သီခေါင်ဝဲ၊ ကဲမြင့်ဝေဝေ၊ လွှဲမိပတိ၊
စိန်တိုင်လျှပ်နှင့်၊ ဆေးခပ်လို့၊ ဒန်ကိုမွှေ၊ သုံးမီးသေ၊ ကြေးနီ
ဖြစ်ကဲ့၊ သုတစစ်၊ ဒေါသထုတ်၊ မီးမှာဖုတ်၊ ချက်ချင်း
ပျောက်၊ ဟင်္သာစကောက်၊ ယုတ်မီးတို့နှင့်၊ ကြွက်ဖြူ
ကြွက်ညို၊ ဗဟန်းစု၊ အမှုန်ပြု၍၊ ဖွဲသုံးတင်းနှင့်၊ ချက်ချင်း
အတန်၊ သင်းငုံဖမ်းက၊ အလိုချမ်းတဲ့ ပြာတစ်မတ်နှင့်၊ ကြေးနီ
တစ်ကျပ်၊ ဘော်တစ်ဆယ်၊ အရည်လည်၊ ရွှန်နီပြင်းစ၊

မျက်စဉ်းတောင်၊ မြိုင်ညိုလေ၊ ချိုချိုဆော်ခိုက်ကို။ ။ ဇော်ဂျီပုံ၊ သံဝိဇ်ကယ်၊ ကြိတ်လိုက်တဲ့ပွင့်ဆေး။ ။ မိုက်လုံကို ချိန်၊ ဘူမဟိ မြေစောင်းမျှ၊ သောင်းမိုလ်ထုရန်ပြို၊ ရဲကိုယ်ကြီး စက်ထား၊ တုလို့ကျယ်၊ နင့်လည်ကိုတောင်ဆီးတော့၊ ပြီးနေ ကျ၊ ညှပ်သွား။

❑

## ၉။ စကားထဲက တရားပါ

ဗိုလ်ကိတ်ကြီး ။ ။ ကဲ...ဆရာ ကိုအောင်မြင့်၊ အိမ်စောင့်သာ ချန်ပြီး ရှာရှိလူကုန် ခင်ဗျားကျောင်းမှာစုဖို့ ဖိတ်လိုက်စမ်းဗျာ။ သူကြီးကို လည်း မောင်းဆင့်ဖို့ ပြောလိုက်ပါ။ လယ်သမားနဲ့ပတ်သက်တဲ့ ဗဟုသုတ တွေကို ဟောပြောဖို့ပဲ။

ကိုအောင်မြင့် ။ ။ ဆရာကြီးကလည်း လောရန်ကော၊ ဖြည်း ဖြည်းပေါ့၊ နည်းနည်းပါးပါးများ နားပါဦး။ ဆရာကြီးတို့လူစု မနက်စာ မစားရသေးဘူး မဟုတ်လား။ တစ်ဖြုတ်ကလေးနားပြီး ထမင်းချူးလိုက် မယ်။

ဗိုလ်ကိတ်ကြီး ။ ။ ကျုပ်တို့ မြို့သားတွေက မောင်တို့ တော ကို လာပြီး စီးစီးပိုးပိုး စားလား၊ သောက်လားလုပ်လို့ မတော်ပါဘူး။ ကျုပ်တို့ကသာ ကျွေးဖို့ရှိပါတယ်။ မြို့ကလူတွေ လာတဲ့အခါ မြို့က အစာများ တစ်ခါတလေ ကျွေးပါရစေဦး။ ကျုပ်တပည့် မောင်ပါကြီးမှာ ပေါင်မုန့်တို့၊ ယိုတို့၊ ထောပတ်တို့၊ ဒိန်ခဲတို့ ပါလာပါတယ်။ ကဲ...ဖိုးပါ ကြီးရေ... မင့်မုန့်အိတ်ကြီး ဖြေစမ်းပါဦး။ ကဲ...ကိုအောင်မြင့် ပြောတဲ့ အတိုင်း တရားမဟာခင် အူမကလေး နည်းနည်းတောင့်အောင်တော့ လုပ်

လိုက်ဦးမှပဲ။ မောင်အောင်မြင့်က ရေနွေးတည်ဟေ့၊ လက်ဖက်ရည်ကြမ်း သောက်ရအောင်။ လက်ဖက်ခြောက် ကောင်းကောင်းကော ရှိရဲ့လား။

ကိုအောင်မြင့် ။ ။ ရှိပါတယ် ဆရာ။

ဗိုလ်ကိတ်ကြီး ။ ။ မှန်းစမ်းဟေ့၊ မင့် လက်ဖက်ခြောက် ကြည့်ရအောင်။ ငါက တော်တော် လက်ဖက်ခြောက် အရွေးသားကွ။ ရွှေဖီမိုးလွတ် ရွက်သစ်ကိုမှ သောက်ချင်တာ။ ဟာ…မင့်ဟာ နှစ်ချို့ ဖြစ်သွားပြီ။ မဟန်တော့ဘူး၊ တို့ဆီမှာ လက်ဖက်ခြောက် ကောင်းကောင်း ပါပါသကွာ။ တို့ လက်ဖက်ခြောက်ပဲ ခတ်ကြည့်ပါ။

ကိုအောင်မြင့် ။ ။ အဲဒါပဲ၊ ဆရာကြီးကို ကျွန်တော် မခွပ်ချင်ဘဲနဲ့ ပြန်ပြန်ခွပ်နေရတာ။ ဆရာကြီးကတော့ တပည့်တွေကို သွန်သင်သမျှ နာခံစေလိုတယ်။ တပည့်တွေက ပြန်ပြီး သင်ရတဲ့ အလှည့်ကျတော့ ဆရာကြီးက နာခံဦးမှပေါ့။ ဆရာကြီးက ဗမာအစစ် ဖြစ်ချင်တယ်ဆိုပြီး အနောက်တိုင်းသားတွေလို စခန်းကြီးနေလို့ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ ဗမာလူမျိုးမှာ ဘယ်တော့မှ ဧည့်သည်က အိမ်သားကိုကျွေးလား၊ မွေးလား လုပ်ရိုးထုံးစံ မရှိဘူး။ အိမ်ရှင်ကသာ ဧည့်သည်ကို ဆီးပြီး ကျွေးရတာ။

ဗိုလ်ကြီးကိတ် ။ ။ ဟဲ…ဟဲ…ဟဲ၊ ခွပ်လိုက်ဟဲ့၊ ဗိုလ်အောင်မြင့်ရဲ့။ မင်းတို့ အညာသား၊ ပြုတ်မနူးကတော့ ပြောအားရှိသေးတာပေါ့။ ရန်ကုန်မှာလို အောက်အရပ်မှာ ကြာကြာနေဖူးရင် မင့်စေတနာတွေ အငုတ်အမြစ်မကျန်အောင် ဆွေးမြည့်ကုန်မှာ မြင်ယောင်နေသေးရဲ့။ အလိုက်မသိ အားမနာဘဲ ဧည့်သည်တွေများလာရင် မင့်စေတနာ ကြာရှည်ခံနိုင်ပါ့မလား။ မျက်နှာမြင်တုန်းတော့ ပြုံးစိစိပေါ့။ မျက်နှာကွယ်သွားတော့ စိန်ဧည့်သည်ဟာ သံပရာဧည့်သည် ဖြစ်သွားတာပေါ့ကွာ။ အဲသလို စေတနာအနှောင့်အယှက်မဖြစ်ရအောင်ဟာ

စည်းကမ်းဓလေ့ကလေးတွေ လုပ်ထားရသကွ။ တို့ အမေရိကန်ပြည်မှာ ဆိုရင် အိမ်ထောင်ခွဲ သားနဲ့ အဖ အတူယှဉ်ပြီး ဓာတ်ရထားစီးကြရင် ဓာတ်ရထားခ၊ တစ်ပဲ၊ တစ်မူးကလေးပဲ။ ကိုယ့်အတွက် ကိုယ်ပေးလေ့ရှိတယ်။ ဖအေက သားအတွက်၊ သားက ဖအေအတွက် စိုက်ထုတ်ပြီး မပေးတတ်ဘူး။ ပေးရင်လည်း မကြိုက်ဘူး၊ စည်းကမ်းကြီးတယ်ပဲ ခေါ်ခေါ်၊ ကတ်သတ်တယ်ပဲခေါ်ခေါ်၊ ရိုင်းစိုင်းတယ်ပဲ ခေါ်ခေါ် အဲဒီ ဓလေ့ကတော့ ရှိတယ်။ စေတနာရှိလို့ ပေးတာ၊ ကမ်းတာ၊ လှူဒါန်းတာက တခြား။ လူချင်းဆက်ဆံတဲ့နေရာမှာ ဒီလို စည်းကမ်းထားတော့ တစ်ယောက်ကိုတစ်ယောက် အထင်မမှားဘူး။ အရှိသေမပျက်ဘူးပေါ့။ မင်းက ငါ့ကို ဘာထပ်ခွပ်မလို့ ကြံနေသလဲ။ ကဲ...မင်း ထမင်းခူးမယ် ဆိုတာ သွားခူးချေကွာ။ အားလုံး ဝိုင်းစားကြရအောင်။

ဗိုလ်ကိတ်ကြီးသည် ဤအမေရိကန်စည်းကမ်းကလေးကို ဗမာလူမျိုးတို့ လေ့လာစေချင်သည်။ စေတနာကောင်းသမျှ နေရာတကာတိုင်းတွင် အကျိုးကောင်း မခံစားရကြောင်း၊ အကြိမ်ကြိမ် မြင်ဖူးလှချေပြီ။ စေတနာအရင်းခံတွင် အဂတိလေးပါး ကင်း မကင်းကိုလည်း ဤစည်းကမ်းဖြင့်သာ မှတ်တင်၍ ကြည့်နိုင်သည်။

ထမင်းပွဲပြင်လာလျှင် ဗိုလ်ကိတ်ကြီးသည် မိမိအိတ်ထဲမှ အသင့်ပါလာသော ဓွန်း ခက်ရင်းကိုထုတ်၍ ကြမ်းပေါ်တွင် တင်ပျဉ်ခွေထိုင်လျက် ပေါင်ခွင်ပေါ်တွင် ပန်းကန်တင်ကာ ထမင်းစားလေသည်။

ကိုအောင်မြင့် ။ ။ ဆရာကြီးကဖြင့် လုပ်ကရော့မယ်။ ကိုးရိုးကားရားနဲ့၊ ကြမ်းပြင်ပေါ်ထိုင်ပြီး ဗမာလိုစားနေတဲ့ အထဲကများ၊ ဇွန်း၊ ခက်ရင်းတွေ ကိုင်နေရသေးလား။ လက်နဲ့ပဲ စားရောပေါ့။ ဟောဒီမှာ ဆရာ၊ လက်ဆေးရေ၊ ဆပ်ပြာလည်း ရှိပါတယ်။

ဗိုလ်ကိတ်ကြီး ။ ။ ဆင်းရဲသားဆိုတော့ ဇွန်း၊ ခက်ရင်းနဲ့

စားရသကွယ့်။ သူဌေးတွေသာ လက်နဲ့စားတာ။

ကိုအောင်မြင့်၊ ။ ။ ဆရာကြီး ပြောလိုက်မှဖြင့် ခွချည်းပဲ။ လင်းစမ်းပါဦး။

ဗိုလ်ကိတ်ကြီး ။ ။လက်နဲ့ စားတယ်ဆိုတော့ လက်ကို ဆပ်ပြာနဲ့ စင်စင်ကြယ်ကြယ် ဆေးရသကွယ့်။ ရေများများ လိုလိမ့်မယ်။ ဇလုံကြီးကြီး လိုလိမ့်မယ်။ ဆပ်ပြာကလည်း ကောင်းဦးမှ။ မကောင်းရင် လက်ဆေးပြီး အမြဲ ဆီစော်နံနေဦးမယ်။ မစားခင် တစ်ခါ၊ စားပြီး တစ်ခါဆေးရမှာမို့ အလုပ်က မနည်းဘူး။ အချိန်လည်း အတော်ကုန်တယ်။ ဒါကြောင့် သူဌေးတွေနဲ့မှ တန်တဲ့ အလုပ်မျိုးဖြစ်တယ်။ ရှေးတုန်းက အင်္ဂလိပ်ဘုရင်တွေ သည်လိုပဲ။ လက်နဲ့ စားကြတယ်လို့ ကြားဖူးတာပဲ။ ဆင်းရဲသား ဘာ့ကြောင့် ဇွန်း၊ ခက်ရင်းနဲ့ စားရမလဲဆိုတော့ ဇွန်းနဲ့ ခက်ရင်းတွေက ဆေးရလွယ်တယ်။ ရေနွေးဆူဆူထဲ လှုပ်ပြီး ဆေးလိုက်ရင် ပြီးတာပဲ။ လက်သုတ်ပဝါကလေးနဲ့ ပတ်ထား။ စားခါနီး ချက်ချင်းသုံးနိုင်တယ်။ ထမင်းတစ်ခါစားမှ တစ်ခါပဲ ဆေးရတယ်။ ဆေးတော့လည်း ဘယ်အခါဆေးဆေး၊ ဘယ်သူဆေးဆေး ဆေးနိုင်တယ်။ အချိန်ကိုလုပြီး အလုပ်လုပ်ရတဲ့ အလုပ်သမားဟာ ဇွန်း၊ ခက်ရင်းနဲ့ စားခြင်းအားဖြင့် ဟဲ...ဟဲ...မိဿလင်အားဖြင့်လည်း ဆိုချင်ဆိုပေါ့ကွာ။ အချိန်ကုန် လူပန်း၊ အများကြီး သက်သာနိုင်တယ်။ ဒါ အမှန်ကို ပြောရတာပါ။ ဒေဝဒတ်လောင်းရဲ့ အာဘော်မျိုး မဟုတ်ပါဘူး။

ကိုအောင်မြင့် ။ ။ အင်း...ဆရာကြီးကတော့ အဖုံးအပိတ်တယ်စေ့တာပဲ။ ကဲ...သုံးဆောင်ပါဦး ဆရာရယ်။ ဟင်းတွေ အေးကုန်ပါ့မယ်။ ဟင်းတော့ တယ်မကောင်းလှဘူး ဆရာရေ့။ ရရာ ချက်ရတော့တာပဲ။

ဗိုလ်ကိတ်ကြီး ။ ။ မှသားတစ်လုံး ထိုးလိုက်ပြန်ပြီကွယ့်၊

မောင်အောင်မြင့်က မင်းက မင့်ဆရာ ကျွေးဖို့ဆိုပြီး ဆီဆီဆိုင်ဆိုင် အသေအချာ ချက်ထားလျက်နဲ့များ၊ တယ်...မကောင်းလှဘူးလေး၊ ဘာလေးနဲ့ တွန့်နေရသေးသလား။

ကိုအောင်မြင့် ။ ။ ဆရာကြီး ကြိုက်လှတဲ့ မြေပုံသီး (ခရမ်းချဉ်သီး) စွပ်ပြုတ်ချက်မလို့ လိုက်ရှာတာ၊ မြေပုံသီးအမှည့်ကို မရနိုင်ဘူး ဆရာရေ့။ ဒါ့ကြောင့် ဆရာကြီးရဲ့အကြိုက် နံပါတ် ၂ ဖြစ်တဲ့ ချဉ်ပေါင် ရေတည်ပဲ ချက်လိုက်ရတယ်။

ဗိုလ်ကိတ် ။ ။ ချဉ်ပေါင်ဆို၊ နိပ်ပေါ့ကွာ၊ ရာသီကိုချိန်မလုပြီဘု၊ ဘယ်ရတုမဆို၊ ခါမလင့်၊ ပုံဆင့်ကာစီရရှိနှင့်၊ ရိုးနီညာတံနွဲ့မှာ၊ ဆူးလှည့်လို့ခို၊ သန္တာနွယ် ပတ်လည်ယှက်ပါလို့၊ မြရွက် ကယ်လဲ့လဲ့ညို၊ ပင်ပျိုမြင့်ညွန့်ရူး၊ အောင်တိုးငယ်ခေါ်၊ ဝက်သားကြော်ဆယ်ပြန်ပဲ လိုက်စေတော့၊ မထိုက်တယ်၊ ဆိုရင်ခံရမယ်၊ နရကန် ချဉ်ပေါင်ချက်ကယ်နှင့် လဲရက်ပါဘူး။................အဲသလို ရှေးဗမာလူမျိုးတွေဟာ ချဉ်ပေါင်ကို ဝက်သားထက်မက်ကြောင်း၊ အမည်မသိ ပညာရှိတစ်ဦးက စပ်ဆိုထားခဲ့တယ်။ ကျုပ်တော့ ချဉ်ပေါင်ဟင်းစားတိုင်း ဒီလေးဆစ်ကလေး အမြဲသတိရတယ်။ သတိရတိုင်း ချဉ်ပေါင်ဟင်းဟာ အင်မတန် ခံတွင်းလိုက်လာတာပဲ။

ကိုအောင်မြင့် ။ ။ အင်း...တော်တော်ကြာ (ရွှေချဉ်ပေါင်တုံးခါမှ ဘာဘုန်းပြန်ခဲ့မလေ)ဆိုပြီး ကျောင်းစွန့်ပြေးတဲ့ ဘုန်းကြီးလိုလည်း ဖြစ်နေဦးမယ်။

ဗိုလ်ကိတ် ။ ။ ဒါတော့ စွန့်သင့်လည်း စွန့်ပြေးရမလေ။ ဘုန်းတော်ကြီးကို ဘာမှ အပြစ်တင်စရာ မရှိဘူး။ လူ့ကိုယ်ခန္ဓာထဲမှာ အာဟာရဓာတ်တွေ အမျိုးမျိုးလိုတယ်။ ဗမာလိုတော့ အစုံအစေ့ မပြောတတ်ဘူးကွယ့်။ လူတစ်ကိုယ်မှာ ကာဗိုဟိုက်ဒရိတ်ဆိုတဲ့ မီးတောက်နဲ့

တူတဲ့ တေဇောဓာတ်၊ မီးတောက်ကို အားပေးတဲ့ ထောပတ်ဆီဥလို တေဇောဓာတ်၊ ပရိုတိန်းခေါ်တဲ့ သားငါး၊ ဥ၊ အုန်း၊ အဆိမ့်၊ အအိမ့်တို့လို ပထဝီဓာတ်။ သတ္တုအမျိုးမျိုး၊ ဆားအမျိုးမျိုး ပါဝင်တဲ့ ကျောက်ပွင့်၊ တမာ အစရှိတဲ့ ဟင်းသီးဟင်းရွက်တို့လို ဝါယောဓာတ်၊ ရေအများအပြား ပါတဲ့ ဘူး၊ ဖရုံ၊ သခွားသီးတို့လို အာပေါဓာတ်၊ အဲသလို ဓာတ်အမျိုးမျိုး လိုတယ်။ ဘယ်အစာမှ ပထဝီဓာတ်သက်သက်ပဲ၊ တေဇောဓာတ်သက်သက်ပဲ၊ အာပေါဓာတ်သက်သက်ပဲ၊ ဝါယောဓာတ်သက်သက်ပဲလို့ မဆိုနိုင်ဘူး။ အစာတိုင်းမှာ ဓာတ်အမျိုးမျိုးပါတာပဲ။ အချိုးအစားတော့ မတူဘူးပေါ့။ ပမာဆိုရင် မြေပဲနဲ့ဆန် နှစ်ခုစလုံးမှာ ကာဗိုဟိုက်ဒရိတ်နဲ့ ပရိုတိန်း ပါကြတာပဲ။ သို့သော်လည်း မြေပဲမှာ ပရိုတိန်းများပြီး ကာဗိုဟိုက်ဒရိတ် နည်းတယ်။ ဆန်မှာ ကာဗိုဟိုက်ဒရိတ်များပြီး ပရိုတိန်းအငွေ့လောက်ပဲ ပါတယ်။ အဲသလို များရာဓာတ်ကို အစွဲပြုပြီး ဓာတ်လေးပါး အမျိုးအစား ခွဲကြရတော့တာပဲ။

ကိုအောင်မြင့် ။ ။ ဒါဖြင့် ဆရာတို့လို အမေရိကန်လူမျိုးနဲ့ ကျွန်တော်တို့ ဗမာလူမျိုး ကွဲပြားတာ အစားအစာကြောင့် ဆိုရမှာပေါ့။

ဗိုလ်ကိတ် ။ ။ ဒီလိုလည်း မဆိုနိုင်ဘူး၊ အသား၊ အရေ၊ ဆံပင်၊ မျက်လုံး၊ အရောင်အဆင်းကတော့ မျိုးရိုး၊ ဒေသ၊ ရာသီဥတုတွေကို မှီနေတာပဲ။ ကျန်းမာသန်စွမ်း ထွားကျိုင်းမှုကတော့ အာဟာရညီမျှမှု လုံလောက်တဲ့အစားအစာပေါ်မှာ မှီနေတယ်။ အရင်းစစ်လိုက်ရင် အင်္ဂလိပ်တွေ စားတဲ့အစာနဲ့ ဗမာတွေစားတဲ့အစာ မကွာလှဘူး။ ဓာတ်သဘာဝမှာ တူရဲ့။ အချိုးအစားမှာသာ ကွာတယ်။ အင်္ဂလိပ်အစာနဲ့ ဗမာအစာ ယှဉ်လိုက်ရင် ပေါင်မုန့်နဲ့ ထမင်း၊ အဲဒါတွေက ကာဗိုဟိုက်ဒရိတ်၊ အသား၊ ငါး၊ ဥ၊ အမျိုးမျိုးက ပရိုတိန်း၊ ထောပတ်၊ ဝက်ဆီ၊ နှမ်းဆီ၊ ပဲဆီ အဲဒါတွေက အိုလီယံဓာတ်၊ ဟင်းသီးဟင်းရွက်မှာတော့

ဗမာက သာပြီးပဲ။ အင်္ဂလိပ်က သကြားနဲ့ ပျားရည်ကို အချိုတည်း ရတယ်။ ဗမာမှာ ထန်းလျက်၊ ကြံသကာ၊ ပျားရည်၊ သကာရည်၊ သကြား စားချင်ရာစားရော့ပဲ။ အစားချင်းစာရင် ဗမာက သာပြီးပဲ။ အချိုးကျအောင် မစားတတ်လို့သာ၊ ဗမာအစာက ညံ့တယ်ထင်ရတာ။ ဗမာပြည်က အစား အသောက် ပေါတယ်ဆိုတာ၊ ဆန်စပါး များများကြီးထွက်တာ ပြောရုံ မဟုတ်ဘူး။ အသီးအနှံ၊ ဟင်းသီးဟင်းရွက်၊ အချို၊ အချဉ်၊ အဖန်၊ အခါး အမျိုးအစား များပြားတာကိုလည်း သတိပြုရမယ်။ သည်လောက် အစားအစာပေါလျက်နဲ့ ဗမာလူမျိုးတွေ အရုပ်အခံမောင်း မထွားမကျိုင်း ရင် လူမျိုးတကာ ကြားလို့မှ မတင့်တယ်ပေဘူး။

ကိုအောင်မြင့် ။ ။ ဒါကတော့ ကျွန်တော်တို့ ဗမာလူမျိုးကို တော်တော်နဲ့ သင်လို့ နားလည်နိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့က 'ဗီတာမင်'တွေ၊ 'ကာလိုရီ'တွေ၊ တွက်ချက်စားတာ မဟုတ်ဘူး။ ခံတွင်း တွေ့တာ စားလိုက်ကြတာပဲ။ ဒီလို စားခါနီးတိုင်း တွက်ချက်နေကြရင် အစာမကြေဘဲ ဝမ်းပျက်ကုန်မှာ စိုးရသေးတယ်။

ဗိုလ်ကိတ်ကြီး ။ ။ သည်လို စားခါနီးမှ တွက်ချက်နေဖို့ ဟာမျိုး မဟုတ်ဘူးကွယ့်။ စားခါနီးဆိုတော့ ဆာဆာနဲ့ တွေ့ရာ၊ ရရာကို စားကြတော့မှာပေါ့။ 'မျက်စိအကျင့်၊ ဝမ်းအချင့်'ဆိုသလို ငယ်ငယ်က တည်းက အစားအစာရော၊ စားပုံသောက်ပုံရော၊ စားချိန် သောက်ချိန်ရော၊ အကျင့်ကောင်း၊ ဓလေ့မှန် လုပ်လာကြရင် တိုးတက်နိုင်ပါတယ်။ နား လည်ဖို့ရာက အရေးမကြီးဘူး။ စရိုက်မှန်၊ ဓလေ့မှန် ရဖို့ရာသာ အရေး ကြီးတယ်။ သားသည်မအေကလေးတွေကို အကျင့်ကောင်းရဖို့ အရေး ကြီးတယ်။ အခုတော့ ကလေးနို့ဆာတယ်၊ မဆာတယ် မဆင်ခြင်နိုင် ဘူး။ 'အင့်' ခနဲကလေး ညည်းလိုက်ရင် နို့ဖမ်းတိုက်လိုက်တာပဲ။ ကလေး နည်းနည်းကြီးလာပြန်ရင် အချိန်မရွေး ပူဆာတိုင်း သရေစာ ကျွေးနေ

တော့၊ သည့်ကလေးမျိုးဟာ ဘယ်စည်းကမ်းရှိတော့မှာလဲ။ ခံတွင်းပျက်ကြီးနဲ့ ကြီးလာရတာပေါ့။ ကြီးတော့လည်း သင့်တာ၊ တော်တာ၊ မရွေးတတ်ဘူး။ ခံတွင်းတွေ့တာ ကြုံဖန် စားတော့တာပဲ။ ဒါ့ကြောင့် ဗမာလူမျိုးရဲ့ အာဟာရ သုံးဆောင်ရေးကို ပြုပြင်ချင်ရင် သားသည်မအေတွေ၊ အိမ်ထောင်သည်တွေ၊ မိန်းကလေးတွေက ကြိုးကြပ်ပြီး ဗမာ့သားကောင်း၊ သမီးကောင်းပေါက်စကလေးတွေကို လေ့ကျင့်ပေးရမယ်။ မင်းတို့အရွယ်၊ ငါတို့ အရွယ် ကိုးထမ်းပိုးကျနေတဲ့ နွားအိုကြီးတွေလိုဟာကို အရွသင်နေလို့ ရတော့မှာ မဟုတ်ဘူး။ ဗီတာမင် အင်မတန်များပြီး ခွန်အားဖြစ်တဲ့ လုံးတီးဆန်ကို ပေါင်းစားကြပါဆိုရင် ဘယ်သူမှ မစားချင်ကြဘူး။ စားလည်း မစားနိုင်ကြဘူး။ စားလေ့စားထမှ မရှိဘဲကိုး။ 'မျက်စိ အကျင့်၊ ဝမ်းအချင့်' လူဆိုတာ အဲဒါမျိုးကို ပြောတာပေါ့။ အနာဂတ် ဗမာမျိုးကောင်း စားချင်ရင် အခု မွေးစကလေးတွေ၊ နောင်မွေးမယ့် ကလေးတွေကနေပြီး ဂရုတစိုက် စရိုက်ကောင်း၊ ဓလေ့ကောင်း၊ အစားကောင်း၊ အစားမှန်ကို အချိန်မှန်လေ့ကျင့်ပေးရကြလိမ့်မကွယ့်။

ကိုအောင်မြင့် ။ ။ အင်း...ကျွန်တော်တော့ ကျောင်းဆရာလုပ်ရတာ၊ တစ်ခါတစ်ခါ အတော်စိတ်ပျက်သား။ ဆရာကြီးတို့ ပြောပုံကြားရတဲ့အခါမှာပဲ သြော်...ကျောင်းဆရာ၊ ဆရာမများရဲ့ လုပ်ငန်းဟာလည်း တိုင်းပြည်သစ် တည်ထောင်မှုမှာ တယ်လည်း အရေးကြီးတဲ့လုပ်ငန်းပါလားလို့ အားရှိလာတယ်။ မစားရတာ စားရတာက ပဓာနမဟုတ်ဘူး ဆရာကြီးရဲ့။ ကိုယ့်အလုပ်ဟာ အရာမရောက်ဘူး၊ အသုံးမကျဘူး ထင်လာမှဖြင့် တယ်...အားယုတ်တယ်။ အလုပ်လုပ်ဖို့ တယ်...စိတ်ပျက်တယ်။

ဗိုလ်ကိတ်ကြီး ။ ။ မပျက်နဲ့ကွယ့်၊ နောက် ၁၅ နှစ်၊ အနှစ် ၂၀ လောက်မှာ ပေါ်လာမယ့် မြန်မာပြည်ရဲ့သဏ္ဍာန်ကြီးကို အခု မင်းတို့

ကျောင်းဆရာ၊ ဆရာမတွေက ဖန်တီးနေကြတယ်။ မင်းတို့လက်ထဲမှာ အနာဂတ် မြန်မာပြည်ကြီးရှိတယ်။ မင်းတို့ ပြုပြင်ဖန်တီးသလို အဆင်း သဏ္ဌာန် ပေါ်လာမှာပဲ။ အခု 'ငခွေး'တို့၊ 'ဆွဲမိ'တို့ဟာ နောက် ၁၀ နှစ် လောက်နေရင် 'မောင်ဗမာ'၊ 'မယ်ဗမာ' တွေ ဖြစ်လာကြမှာ။ နောက် ၁၅ နှစ်၊ အနှစ် ၂၀ လောက်ဆိုရင် ယောကျ်ား အာဇာနည်၊ မိန်းမ အာဇာနည်၊ တိုင်းပြည်ခေါင်းဆောင်ကောင်းတွေ၊ နောက်လိုက်ကောင်း တွေ ဖြစ်လာကြရမှာ။ မင်းတို့ တာ'ဝန်'က အတော်'ကြီး'သကွယ့်။ ဒါကြောင့် မင်းတို့ဟာ မသိမသာ 'ဝန်ကြီး'တွေ ဖြစ်နေတာ။

ကိုအောင်မြင့် ။ ။ အင်း...ဟုတ်ပါ့ ဆရာကြီးရယ်၊ ကျွန် တော်တို့ အငတ်အပြတ်ခံပြီး ဒီတာဝန်ကို ထမ်းနေကြသလို တိုင်းပြည် အုပ်ချုပ်တဲ့ တကယ့် 'ဝန်ကြီး' အမည်ခံတွေလည်း ကိုယ့်စီးပွား မရှာဘဲ အငတ်အပြတ်ခံပြီး တိုင်းပြည်ရဲ့ဝန်ကို လေးလေးစားစား ထမ်းရွက်ကြ မယ်ဆိုရင် ကျွန်တော်တို့ ညည်းညူစရာအကြောင်း မရှိပါဘူး။

❑

## ၁၀။ ဝက်တာရား ကြက်တာရား

နေမွန်းတည့်ချိန်ရှိပြီ၊ ကြို့ပင်သာရွာ သူကြီးအိမ်က မောင်းသံလည်း တဒူဒူ အသံလှိုင်းဆင့်၍ သူကြီးမင်း အာဏာသံကို ရွာတစ်ဝိုက် အနှံ့အပြား ပဲ့တင်ထပ်စေသည်။ ဆယ်အိမ်ခေါင်းတွေကလည်း "ကလေးလူကြီး၊ ယောကျ်ားမိန်းမ ကြားကြားသမျှဗျို့၊ ပျဉ်းမနားမြို့ အမေရိကန်ဆရာကြီး ဟောကြားမယ့် လယ်သမားတရားကို နာကြရအောင် ကိုအောင်မြင့် လောကဓာတ်ကျောင်းကို အားလုံး လာကြပါတဲ့ဗျို့ "ဟူ၍ မောင်းသံကို ဘာသာပြန်၍ ကြေညာနေကြသည်။

ရွာရှိလူကြီး လူငယ်တို့မှာ ဘိုကိတ်ကြီးတရားဆိုလျှင် နာချင်ကြသူများသည်။ မျက်နှာဖြူ အမေရိကန်လူမျိုးတစ်ယောက်က ဗမာစကားကို ဗမာများထက် ဌာန်ကရိုဏ်းကျကျ၊ ဒေသန္တရဆန်ဆန်၊ ဟာသဉာဏ်ဖက်ပြီး လေးလေးနက်နက်ပြောတတ်ပုံကို နားအရသာ ခံချင်ကြသည်။ လူကြီးပိုင်းကလည်း ဗိုလ်ကိတ်ကြီး စကားပြောတိုင်း ငြင်းဖွယ်ခုံဖွယ်၊ စဉ်းစားဖွယ်၊ ဓာဒကတက်ဖွယ် တရားတွေ အမြဲ ပါလာတတ်သောကြောင့် နာချင်ကြသည်။

ပိဋကတ်ကျမ်းဂန်တွင် ကျေပွန်လှသော ဦးဖိုးဘနှင့် ငြင်းဖော်

ငြင်းဖက်ဖြစ်သော ပရမတ်သမားကြီး ဦးဘိုးညဏ်တို့မှာ ဗိုလ်ကိတ်ကြီး လာတိုင်း တရားနာလေ့ရှိသည်။ ဦးဖိုးဘမှာ ဗိုလ်ကိတ်ကြီး၏ တရားကို အလွန်မုန်း၏။ မုန်းသောကြောင့် အပေါက်ရှာ၍ အပြစ်ဆိုရအောင် အမြဲနာလေ့ရှိ၏။ ဦးဘိုးညဏ်ကား ငှက်တွင်းဆရာတော်၏ တပည့်ရင်း ဖြစ်၍ ပရမတ်သမားကြီး ဖြစ်နေသည်။ ဆင်းတုကိုးကွယ်မှု၊ ပန်း၊ ဖယောင်းမီးပူဇော်မှုကို ရှောင်ကြဉ်ရာ၌ ခရစ်ယာန်များနှင့် သဘောချင်း တူသော်လည်း တခြားဝါဒများ၌ အလွန် ကွဲပြားနေသည်။ ဤသို့သော လူကြီးများက ဗိုလ်ကိတ်ကြီးတရားကို နာရတိုင်း စိတ်ထဲ၌ ရှုံးရှုံးရှရှဖြစ်၍ ချေပချင် လှသော်လည်း မချေပတတ်အောင် ရှိနေကြသည်။

ဦးဖိုးဘက ဦးဘိုးညဏ်နှင့် တရားနာလာကြရင်း ... “ဗိုလ်ကိတ်ကြီး ပြောလိုက်သမျှ တစ်လုံးမှ တရားစကား မပါဘူး။ လောကမျက်မြင် ဒိဋ္ဌ ဖြစ်ပျက်ပုံတွေကို ပြောနေပြန်တော့လည်း သူ ပြောတာတွေ ဟုတ်နေ သလိုလို ဖြစ်နေသဗျ။ အဲဒါ ခံရအခက်ဆုံးပဲ။

ဦးဘိုးညဏ် ။ ။ ခင်ဗျားတို့၊ ကျုပ်တို့က ‘စာတွေ့’ တရား တွေကို ပြောနေကြတာ။ သူက ‘ငါတွေ့’ တရားတွေကို ပြောနေတာ။ ‘စာတွေ့’နဲ့ ‘ငါတွေ့’ဆိုတော့ လေးနက်ပုံ မတူဘူးပေါ့ဗျာ။

ဦးဖိုးဘ ။ ။ လောကုတ္တရာ တရားဆိုတာ လောကီ တရားနဲ့ ဖီလာကြီး ဖြစ်နေသဗျ။ ကျုပ်တို့က ဘဝရဲ့ ဒုက္ခကိုမြင်ပြီး ဘဝကို ပယ်ချင်လို့ နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှာကြတာ။ ဒီ ခရစ်ယာန် ဆရာကြီးက ဘဝကို အမွှမ်းတင်ပြီး လူ့ဘဝမှာပဲ ပျော်ပိုက် လောက်အောင် တိုးတက်ကြီးပွားဖို့ ဟောပြောနေတယ်။ အဲသည်တော့ ကျုပ်တို့တရားနဲ့ ဆန့်ကျင်ဘက်ကြီး ဖြစ်မနေဘူးလား။ ဆန့်ကျင်ဘက် ကြီးဖြစ်လျက်နဲ့ သူ့တရားကိုလည်း မဟုတ်ဘူးဆိုဖို့ အခက်သားပဲ။ ဝိရောဓိသင့်လျက်နဲ့ ဒေါသကို ရှာမရတာ ခက်တယ်။

ဦးဘိုးညဏ် ။ ။ ကျုပ်တို့ စဉ်းစားဖို့ အချက်ရှိတာကတော့ တရားရှိလို့ လူရှိလာရတာ။ လူရှိလို့ တရားရှိလာရတာလား။ ငါးပါး၊ ရှစ်ပါး၊ ၁၀ ပါးသီလတွေ၊ ရဟန်းသိက္ခာပုဒ်တွေဟာ လူရှိလို့ ပေါ်လာရတဲ့ တရားတွေဖြစ်ကြောင်း ထင်ရှားပြန်သဗျ။ ပရမတ္ထ တရားတွေကျပြန်တော့လည်း လူမရှိဘဲ ရှိနိုင်တဲ့ တရားတွေ ဖြစ်နေပြန်တော့ အတွေးရခက်သဗျာ။ ကျုပ်တော့ ကြာလေ နားမလည်လေ။ နက်နက်နဲနဲ တွေးလေလေ ရှုးချင်လေလေ ဖြစ်နေတော့။ ကလေးများလို ဘာမှ နားမလည်ဘဲ မိဘအားကိုးနေသွားတာလည်း ဟုတ်တုတ်တုတ် ရှိနေသေးသဗျာ။

ဦးဖိုးဘ။ ။ဘာပဲပြောပြောလေ ဗိုလ်ကိတ်ကြီးရဲ့ ဝက်တရား၊ ကြက်တရားတော့ ကျုပ် မကြိုက်နိုင်ဘူး။ ဒီတစ်ခါတော့ ချုပ်ပြီး နှောင်ပြီး ဖြစ်အောင် မေးဦးမှပဲ။

ဦးဘိုးညဏ် ။ ။ သူ့ဖမ်းရင် ကိုယ် မိနေဦးမဗျ။

* * *

ကိုအောင်မြင့် လောကဓာတ်ကျောင်းကား လေးပင်သုံးခန်း ဆင်ဝင်နှင့်၊ နှစ်ထပ်အိမ်ပုံစံမျိုးဖြစ်သည်။ ထိုနေ့ တရားပွဲအတွက် အောက်ထပ်ကို ရှင်းလင်းထားသဖြင့် ရွာသားတစ်ရာကျော်လောက် ချောင်ချောင်ချိချိ ထိုင်၍ တရားနာနိုင်သည်။ ဦးဖိုးဘနှင့် ဦးဘိုးညဏ်တို့မှာ ပရိသတ်ရှေ့နား၊ အပြစ်ခြောက်ပါးကင်းရာ နေရာ၌ ထိုင်လျက် တရားကို စစ်စစ်ဆေးဆေး၊ အသေးစိတ် ဝေဖန်ရန် နားစွင့်နေကြသည်။ ဗိုလ်ကိတ်ကြီး၊ သူကြီးမင်းနှင့် ကျောင်းဆရာ ကိုအောင်မြင့်တို့မှာ စင်မြင့်ပေါ်ရှိ စားပွဲခုံတစ်ခုတွင် ထိုင်လျက်နေကြ၏။ ဗိုလ်ကိတ်ကြီး ခြေရင်း၌ ဝက်တစ်ကောင်၊ ကြက်လေးငါးကောင်၊ အသီးအနှံမျိုးစုံတို့မှာ ဆိုင်ရာ

ဆိုင်ရာ ခြင်းတောင်းတစ်ခုစီနှင့် အသင့်ရှိနေကြသည်။

အစည်းအဝေးသဘာပတိဖြစ်သော သူကြီးမင်းပြော၊ တရားနာ လာရောက်တဲ့ ရွာသူရွာသားတွေတော့ ဗိုလ်ကိတ်ကြီးကို အများအားဖြင့် မြင်ဖူး၊ ကြားဖူးကြမှာပဲ။ မမြင်ဖူး၊ မကြားဖူးသေးတဲ့လူတွေ အခု မြင်ဖူး ကြားဖူးကြမှာပေါ့လေ။ ဟောဒါ ပျဉ်းမနား အမေရိကန် သာသနာ စိုက်ပျိုးရေး ကျောင်းအုပ်ကြီး ဗိုလ်ကိတ်ကြီးဆိုတာပါပဲ။ အခု ကျုပ်တို့ လယ်သမား၊ ယာသမားနဲ့သက်ဆိုင်တဲ့ တရားကို ဟောကြားပါလိမ့်မယ်။

ပရိသတ် အသင့်ရှိပါပြီ။ ဗိုလ်ကိတ်ကြီး ခင်ဗျား။

ဗိုလ်ကိတ်ကြီး။ ။ ကျုပ် ဟောမယ့်တရားက လယ်သမားတရား။ လယ်သမားတွေ သက်သာချောင်ချိရေး၊ ဝမ်းဝဝ စားရအောင်၊ ခါးလုလု ဝတ်ရအောင်၊ ဘယ်လိုလုပ်ကြ ကိုင်ကြရမယ်ဆိုတာ အညွှန်းကလေးတွေပေးမယ့် တရားပါပဲ။ လောကီတရား သက်သက်ဖြစ်လို့ (ဗိုက်)တရားလို့ ခေါ်မယ်ဆိုရင်လည်း ခေါ်နိုင်ပါတယ်။ ဒါကြောင့် ဟောဟို လက်ယာထောင့်ကနေပြီး ကျုပ်ကို အငိုက်စောင့် ရိုက်မယ် ကြံနေတဲ့ ဦးဖိုးဘနဲ့ ငှက်တွင်းဆရာတော်ကြီးရဲ့ သာဝကရင်း ဦးဘိုးညဏ်တို့က တစ်ဆိတ်ကလေး သည်းခံပြီး လောကုတ္တရာ ပြဿနာတွေ စောဒကမထိုးဖို့ တောင်းပန်ချင်ပါတယ်။ ကျွန်တော့် တရားကို ပုဆစ်တုပ်ပြီး နာဖို့ မလိုပါဘူး။ အီသာသလို ထိုင်ပြီး နားထောင်ကြပါ။ မရှင်းလင်းတာရှိရင် မေးနိုင်ကြပါတယ်။ ဘယ်သူ့ကို ဖြေရမှန်း မသိအောင်တော့ တစ်ပြုံလုံး ဝိုင်းပြီးမမေးကြပါနဲ့။ တစ်ယောက်ပြီးမှ တစ်ယောက် မေးကြမှ ဖြေနိုင်မှာပါ။

ကျုပ်တို့ လယ်သမားတွေဟာ နေပူမိုးရွာမရှောင်၊ ကျွဲနွားနဲ့ တတွဲတွဲ သွားနေကြရတယ်။ လယ်ထွန်၊ ပျိုးနုတ်၊ ကောက်စိုက်ဟာ

တစ်နှစ်မှာ တစ်လတည်း လုပ်ကြရလို့ ခံသာကြတာ။ သည်လောက် ပင်ပန်းခံလျက်နဲ့ အချိန်တန် စပါးဈေး မကောင်းတာနဲ့ နောက်နှစ် ဝမ်းစာကို အနိုင်နိုင် ထည့်ရကြတယ်။ တိုတိုပြောရရင် လယ်သမား တွေဟာ ပင်ပန်းခံပေမဲ့ မစားလောက်ဘူး။ သည်လိုနဲ့ တစ်နှစ်ပြီး တစ်နှစ် သွားကြရင်း ရှိတဲ့လယ်ကလေး ပြုတ်ပြီး လယ်ကူလီဘဝ ရောက်ကြရ တော့တာပဲ။ လယ်သမားတိုင်း ဝင်ငွေအပိုရှိရမယ့် ဘဝ ရောက်နေကြပြီ။ ရွာထဲမှာလည်း ကြည့်လိုက်ဦးမလား။ စာဖတ်ခန်း၊ မီးသတ်အဖွဲ့၊ ကိုယ် လက်ကြံ့ခိုင်ရေးအဖွဲ့၊ တူရိယာအဖွဲ့၊ ဇာတ်သဘင်အဖွဲ့၊ ကလေးတွေ ကစားကွင်း၊ လူကြီးတွေ ဘောလုံးကွင်း၊ ခြင်းဝိုင်း၊ အဲသလို ရွာသူရွာသား တိုးတက်ရေးအတွက်လည်း ငွေလိုလိမ့်မယ်။ ထမင်းနှစ်နပ်စားရရုံနဲ့ လူမဖြစ်နိုင်သေးဘူး။ လူတိုင်းမှာ ဝတ်ဖို့ စားဖို့အပြင် ငွေပိုငွေလျှံ ကျန်အောင် လုပ်နိုင်ရမယ်။ ဒါကြောင့် လယ်သမား ချောင်ချိရေးဆိုတာ အဲဒီငွေပိုငွေလျှံကျန်ရေးကို ဆိုလို တာပဲ။ ဝင်ငွေတွေ ဘယ်လောက် ပိုလာအောင် လုပ်နိုင်ပေမဲ့ ဝင်သလောက် အသုံးပိုလာရင် ဘယ့်နှယ်မှ မချောင်ချိနိုင်ဘူး။ ရှေးလူကြီးတွေမှာ တစ်လငွေ ငါးကျပ်ဝင်ရင် သုံးလို့ မကုန်နိုင်ဘူး။ အခုလူတွေမှာတော့ တစ်လ ၅၀ လည်း မလောက်နိုင်ဘူး။ လူတွေဟာ ချမ်းသာဖို့နည်းတွေ အမျိုးမျိုး ရှာကြတယ်။ တရားတဲ့ နည်းလမ်းကတော့ တစ်နည်းတည်းရှိတယ်။ ဝင်ငွေ ၅၀၊ သုံးငွေ ၄၉ ကျပ်ဆိုရင် ဟော ငွေတစ်ကျပ် ရတယ်။ ဝင်ငွေ ၅,၀၀၀ သုံးငွေ၊ ၅,၀၀၀ ဆိုရင် ငမွဲ...ငမွဲပဲ။ တစ်ပြားမှ မချမ်းသာဘူး။ ဝင်ငွေ ၁၀၀၊ သုံးငွေ ၁၀၁ ဆိုရင် အကြွေး တစ်ကျပ်တင်တယ်။ **အကြွေးဆိုတာ လောက ငရဲပဲ။ အသုံးကြီးတဲ့လူဟာ ကိုယ့်ကိုယ်ကိုယ် ငရဲထဲ ဆွဲချနေ တာနဲ့ အတူတူပဲ။**

သို့သော်လည်း ဘာပဲပြောပြော လူအတန်းအစားလိုက်လို့

အနည်းဆုံး သုံးငွေ Minimum cost of Living ဆိုတာ ခန့်မှန်းပြီး ရှိရမယ်။ လယ်သမားက စာရေးကြီး အသုံးမျိုး သုံးလို့ မဖြစ်ဘူး။ လယ်သမား အသုံးမျိုး သုံးတာတောင်မှ မလောက်နိုင်လို့။ အခု ကျုပ်က ဝက်တရား၊ ကြက်တရား လာဟောရတာ။

လယ်သမားတိုင်း တောလက်ကျေးရွာမှာနေတဲ့ လူတိုင်း ဝက်နဲ့ ကြက်ကို မွေးထိုက်တယ်။

ဦးဖိုးဘ ။ ။ ဘယ့်နှယ့် မွေးထိုက်ရမလဲ ဆရာကြီးရဲ့၊ သမ္မာဇီဝပဲ မဟုတ်ဘဲ ဒုဇ္ဇီဝပဲ။

ဗိုလ်ကိတ်ကြီး။ ။ ဘာကြောင့် ဒုဇ္ဇီဝလဲ ဆိုစမ်းပါဦး။

ဦးဖိုးဘ ။ ။ သူ့အသက်သတ်တဲ့ လုပ်ငန်းကြီးပဲ။

ဗိုလ်ကိတ်ကြီး။ ။ ခင်ဗျာ့ကို သတ်ခိုင်းတာပဲ မဟုတ်ဘဲ မွေးခိုင်းတာပဲ။

ဦးဖိုးဘ ။ ။ ဝက်မွေးတယ်ဆိုတာ ဘာလုပ်ဖို့ မွေးတာလဲဗျ၊ နောက်ပိတ်ဆုံး သတ်စားဖို့ပဲ မဟုတ်လား။

ဗိုလ်ကိတ်ကြီး။ ။ သတ်စားဖို့ မလိုပေါင်ဗျာ၊ ရောင်းလိုက်ရင်ကော မရဘူးလား။ ငွေရတာ ပဓာန မဟုတ်လား။

ဦးဖိုးဘ ။ ။ ရောင်းလိုက်တော့ ဝယ်တဲ့လူက သတ်ဖို့ ဝယ်တာ မဟုတ်လား။ အလှကြည့်နေဖို့တော့ မဟုတ်ဘူးပေါ့။ ဆရာကြီးကလည်း အကျိုးနဲ့ အကြောင်း သိလျက်နဲ့ ဇွတ်တိုးနေပြန်ပြီ။ (ဦးဘိုးညဏ်ကို လက်တို့၍ မျက်ရိပ်ပြလိုက်သည်)။

ဗိုလ်ကိတ်ကြီး။ ။ ဟဲ...ဟဲ...ကျွန်တော်က ဇွတ်တိုးတာ မဟုတ်ပါဘူး။ ဗမာတစ်ပိုင်း ဖြစ်နေလို့ ဗမာလို ပြေဆိုနေတာပါ။ ကဲ...ကဲ...ပါဏာတိပါတကံရဲ့ လက်သည်အစစ်ကို ရှာကြရအောင်။ ဝက်မွေးတာ ဘာကြောင့် မွေးကြသလဲ။ အလှမွေးတာလား၊ စီးပွား

ဖြစ်မွေးတာလား၊ စီးပွားဖြစ်ပေါ့။ ဝယ်သူရှိလို့ မွေးတာပဲ။ ဝယ်သူက ဘာကြောင့် ဝယ်သလဲ။ အရင်းငွေရော အမြတ်ရောပေါ်အောင် သတ် ရောင်းဖို့ပေါ့။ ဘာကြောင့် ဝက်ကိုသတ်ပြီး အသားပေါ်ရင် အမြတ် ရမယ်လို့ သိသလဲ။ စားသူတွေ ရှိလို့ပေါ့။ မစားရင် မသတ်၊ မသတ်ရင် မမွေး၊ စားလို့သတ်၊ သတ်လို့မွေး၊ ပါဏာတိပါတ စက်ရဟတ်ကြီးကို လှည့်အားပေးနေတဲ့ လက်သည်အစစ်ကတော့ စားတဲ့လူပဲ။ ဒါတွေကို လည်း ဗမာများက သိပါတယ်။ အသားမစားဘဲ မနေနိုင်ကြလို့ ဝိနည်း ရှောင်ပြီး တောင်လွှဲမြောက်လွှဲပြီး အပြစ်ဆိုနေကြတာပါ။ လူစားသမျှကို လူက သတ်ကြရမှာပဲ။ မစားတဲ့ အသားတွေတော့ ဘယ်သူမှ သတ်မှာ မဟုတ်ဘူး။ ဦးဖိုးဘကြီးကော ခင်ဗျား သားငါးများ ရှောင်ရဲ့လား။

ဦးဖိုးဘ ။ ။ နွားသားတစ်ခုတော့ လယ်တီဆရာတော် ဘုရားကြီးကို လှူထားလို့ ရှောင်နိုင်ပါရဲ့။ တခြားသားငါးတော့ ရှောင် တယ်လို့ မဟုတ်ပါဘူး ဆရာကြီးရယ်။ အာသာငမ်းငမ်းလည်း မရှိလှပါ ဘူး။ တွေ့လည်းစား၊ မတွေ့လည်း ရှောင်လိုက်ရတော့တာပဲ။

ဗိုလ်ကိတ်ကြီး။ ။ အသက်ဆိုတဲ့စကားဟာ တော်တော် နက်နဲသဗျာ့။ တိရစ္ဆာန်မှ မဟုတ်ဘူး။ ကောက်ပဲသီးနှံ၊ သစ်သီးဝလံ တို့၊ သစ်ဥသစ်မြစ်၊ သစ်စေ့တို့မှာလည်း အသက်ရှိကြောင်း လောက ဓာတ်ကျမ်းတွေက အထင်အရှားပြနေသဗျ။ ဒါတွေကို ကျွန်တော်တို့ လိုက်စစ်ဆေးလို့ ဆုံးတော့မှာ မဟုတ်ဘူး။ လူတွေ ငါးစားသမျှ ကာလ ပတ်လုံး ငါးသတ်ရမှာပဲ။ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် စားသမျှ ကာလပတ် လုံး ဒီအကောင်တွေကို သတ်နေရမှာပဲ။ ဒီပြဿနာကြီးကို လွှဲရှောင်လို့ တော့ မဖြစ်ဘူး။ လောကသဘာဝနဲ့ တည့်တည့်ကြီး မျက်နှာမူကြမှာပဲ။ ကျုပ် အခုဟောမယ့်တရားက လောကီတရား၊ ကြက်တရား၊ ဝက်တရား ဖြစ်တယ်။ ကျုပ် ပြောချင်တဲ့ စကားအချုပ်ကတော့ ဟောဒီ ဝက်ကလေး

ကို ကြည့်ဗျ။ (ခြင်းနှင့်ထည့်လာသည့် အစာကောက်စ၊ နို့ခွဲဝက်ကလေး တစ်ကောင်ကို နောက်ခြေနှစ်ချောင်းက ကိုင်၍ မထားစေ)။ အော်သံကိုလည်း နားထောင်၊ ဘယ့်လောက် ရင်အုပ်ကောင်းပြီး လည်ချောင်းသန်သလဲ။ သူ့အသက်က အရက် ၄၀ ကျော်ရှိသေးတယ်။ ခင်ဗျားတို့ အခါလည်း ဝက်တွေ နီးပါးရှိနေပြီ။ သူ့အဖေက တကယ့် ဝက်ဆိုမှဝက်၊ အာဇာနည်ဝက်၊ ဆင်ပေါက်ကလေးလောက် ရှိတဲ့ဝက်။ သူ့အမေကလည်း ဧရာမဝက်မကြီး၊ ဘိလပ်မှာ ပွဲတိုးပြီး ရွှေတံဆိပ်ရလာတဲ့ ချန်ပီယံဝက်မကြီး၊ ဟောဒီဝက်ကလေးကို အသေအချာကြည့်စမ်း၊ ဒါ ဗတ်ခရှိုင်းယားမျိုး ခေါ်တယ်။ ဘိလပ်က တင်လာလို့၊ အင်္ဂလန်မျိုးလို့လည်း ခေါ်တယ်။ တောသားတွေကတော့ ကျုပ်ကို အစွဲပြုပြီး ဗိုလ်ကိတ်မျိုးလို့ အခေါ်များကြတယ်။ ကျောလျားရှည်တယ်၊ ကျောပြင် ကျယ်တယ်၊ ခေါင်းလုံးတယ်၊ နှုတ်သီးတိုတယ်၊ နှုတ်ခမ်းကော့တယ်၊ အမြီးကလည်း၊ ‘ဇခွဲ’ကလေးကျအောင် ပြန်လိပ်နေတာပဲ။ အဲဒါ အင်္ဂလန်မျိုးစစ်တဲ့၊ ကြန်အင်လက္ခဏာတွေပဲ။ သည်မျိုးကို ဘာကြောင့် မွေးထိုက်သလဲလို့ ဆိုရင် အနေအထိုင် သန့်တယ်၊ အစာကုန် သက်သာတယ်၊ အစာကို အစိမ်းစားတတ်လို့ ထင်းကုန်၊ မီးကုန်၊ အချိန်ကုန်၊ လုပင်ပန်း သက်သာတယ်။ တခြား ဝက်မျိုးက အချိန် ငါးဆယ်ထွက်ရင် ဒီဝက်မျိုးက အချိန် နှစ်ရာထွက်တယ်။ စီးပွားရေးသက်သက်မှာ ဒီဝက်မျိုးမွေးမှ တွက်ခြေကိုက်တယ်။

## ကြက်တရား

ဟောဒီကြက်မျိုးက ဝှိုက်၊ လေ့(ဂ်)ဟွန်း၊ ဟောဒါက ဘား(ရ်)(ဒ်)၊ ပလိုင်းမော(သ်)၊ ရော့(ခ်)။ ။ လျှာကြွက်တက်အောင် ခက်တဲ့ နာမည်တွေပဲ။ အမေရိကန် ကြက်ဖြူမျိုးနဲ့ အမေရိကန် ရစ်မျိုး

လို့ပဲ ခေါ်ကြပါစို့ဗျာ။ ဟောဒီ ကြက်ဖြူမျိုးကတော့ ဥနေပြီ။ ဒီရစ်မျိုးကတော့ နှစ်လသမီး ရှိသေးတယ်။ ခြောက်လသမီးဆိုရင် အင်မတန်ကြီးမယ့်အကောင်ပေါ့၊ ဟောဒါက ကြက်ဖြူမျိုးရဲ့ဥ၊ ဟောဒါက ရစ်မျိုးရဲ့ဥ၊ ခင်ဗျားတို့ရွာက ဗမာကြက်ဥနဲ့ ဘယ်လို နေသတုံးဗျ။

သူကြီး ။ ။ အင်း…ကျုပ်တို့ရွာက မဒရပ်ကြက်ဥနဲ့စာရင်တော့ သုံးလုံးစာလောက် ရှိတာပေါ့ဗျာ။

ဗိုလ်ကိတ် ။ ။ ဒါဖြင့် ခင်ဗျားတို့ ကြက်ဥကို တစ်ပဲနဲ့ဝယ်မယ့်အစား ဒီကြက်ဥကို တစ်မူးနဲ့ ဝယ်တာက ပိုပြီး တွက်ခြေရှိမှာပေါ့။ ကြက်ဥချင်း ယှဉ်လိုက်ရင် သုံးဆရှိတဲ့ ကြက်ဥကို အဖိုးနှစ်ဆနဲ့ရောင်းတော့ သွက်သွက်ကြီး ရောင်းရတာပေါ့။ ခင်ဗျားတို့ ကြက်မတစ်ကောင်ဆိုရင် တစ်နှစ်ကို ဘယ်နှလုံး ဥသလဲ။

သူကြီး ။ ။ အဲဒါတော့ ဘယ်ပြောတတ်မလဲ ဆရာကြီးရဲ့။ နှစ်လတစ်ခါလောက် ပြန်ဥတာပဲ။ တစ်ခါတလေ ၁၂ လုံး၊ တစ်ခါတလေ ၁၄ လုံး၊ ၁၅ လုံး၊ အသေအချာလည်း ရေတွက်မနေပါဘူးဆရာကြီးရယ်။

ဗိုလ်ကိတ် ။ ။ အေးလေ…တစ်နှစ်မှာ ဥ အလုံး ၉၀လောက်ပဲ ဥတယ် ဆိုပါတော့။ ဥတစ်လုံးကလည်း အလေးချိန် သုံးလေးကျပ်သားပဲ ရှိတယ်။ တစ်လုံး တစ်ပဲနှုန်းနဲ့ပဲ တွက်ပါဦး။ တစ်နှစ်မှာဥဖိုး ငါးကျပ်၊ ခြောက်ကျပ်လောက်ပဲ ရတယ်။ ဟောဒီ အမေရိကန်ကြက်ဖြူမျိုးက တစ်နှစ်ကို အဖျင်းဆုံး ဥ ၁၈၀၊ ၂၀၀ ဥတယ်၊ ဥတစ်လုံးကိုတစ်ဆယ်သားလောက်ရှိတော့ တစ်လုံး တစ်မူးနဲ့ တွင်တွင်ကြီး ထွက်တယ်။ ဥဖိုးတင် တစ်နှစ်ကို ငွေ အစိတ်လောက် ကိုက်နေပြီ။ မျိုးကောင်းထွန်းလာတဲ့ ကြက်မကျတော့ ဥ ၂၅၀၊ ၂၈၀ အထိတောင် ဥသေးတယ်။

ကိုဘိုးထူး ။ ။ အားပါး၊ လွန်လှချေလား ဆရာကြီးရ။ ဒီ

ကြက်မတွေက ဝပ်ကို မဝပ်တော့ဘူးလား။

ဗိုလ်ကိတ် ။ ။ ဥတဲ့ ကြက်မျိုးကို ဝပ်ခိုင်းနေလို့ အချိန်ကုန်ရုံ ရှိမှာပေါ့။ ဥစားကြက်မဆိုရင် မပြတ် ဥနိုင်လေလေ ကောင်းလေပေါ့။

ကိုဘိုးထူး ။ ။ နို့...ကြက်ကလေးတွေ ဘယ်လိုများ ပွားပါ့မလဲ။ ဝပ်တဲ့ကြက် မရှိရင်...

ဗိုလ်ကိတ် ။ ။ ကျုပ်တို့ အမေရိကန်ပြည်မှာတော့ ဥဖောက်ဖို့ ဘယ်တော့မှ ကြက်မကြီးကို အဝပ်မခိုင်းဘူး။ စက်နဲ့ပဲ ဖောက်တာပဲ။

ကိုဘိုးထူး ။ ။ ဟာ...စက်နဲ့ဖောက်လို့ ဖြစ်နိုင်ပါ့မလား။ ဥတွေ ပုပ်မကုန်ဘူးလား။ ပေါက်လာတဲ့ ကြက်ကလေးတွေဟာ မအေ့ရင်ငွေ့ မခံရလို့ ရှင် ပါဦးမလား။

ဗိုလ်ကိတ် ။ ။ မအေ့ရင်ငွေ့ အပူချိန်အတိုင်း ဥတွေကို မအေကြီး ဝပ်သလို ၂၁ ရက်တိတိ စက်နဲ့ ရင်ငွေ့ပေးလိုက်တော့ အချိန်တန်ရင် ဥပုပ်ဥလည်မရှိဘဲ အကုန်ပေါက်ကြတယ်။ အဆံချောင်မယ့် ဥတို့၊ လေဥတို့ကို စက်ထဲမထည့်ခင်က စမ်းသပ်ပြီး ပယ်ချလိုက်တော့ ကြက်မကိုယ်တိုင် ဝပ်တာထက် အဖတ်တင်သေးတယ်။ ပြီးတော့ ကြက်တစ်မကို ဥ ဆယ့်လေးငါးလုံးသာ ဝပ်နိုင်တယ်။ စက်နဲ့ဆိုတော့ တစ်ခါဖောက်ရင် ဥငါးထောင်၊ တစ်သောင်း တစ်ကြိမ်တည်း ဖောက်နိုင်တယ်။

ကိုဘိုးထူး ။ ။ အာ...ပါး၊ ကြက်ကလေး တစ်သောင်း ဘာလုပ်ဖို့များ ဖောက်ပါလိမ့်။

ဗိုလ်ကိတ် ။ ။ စားဖို့၊ ရောင်းဖို့၊ စီးပွားရှာဖို့ပေါ့။ ကြက်အကောင်များလေ ပိုက်ဆံပိုရလေပေါ့။ သို့ပေမဲ့ ခင်ဗျားတို့အဖို့တော့ ကြက်ဆယ်ကောင်တောင် ထိန်းမနိုင်တာ၊ သည်လောက်ဖောက်ဖို့ မလိုပါ

ဘူး။ ဒါပေမဲ့ အမေရိကန်ကြက်မျိုးတွေက ဝပ်လေ့ဝပ်ထ မရှိတော့ ဆက်တိုက်ဉတဲ့ အလေ့အထ ဖြစ်လာကြတယ်။ ဒါကြောင့် တစ်နှစ်မှာ ဉနှစ်ရာ၊ နှစ်ရာ့ငါးဆယ် ဉနိုင်တာပေါ့။ ဉထွက်များမှလည်း စီးပွားဖြစ် နိုင်မှာကိုး။

ကိုဘိုးထူး ။ ။ အဲဒီကြက်မျိုး လိုချင်လိုက်တာ ဆရာကြီး ရာ၊ ရနိုင်ပါ့မလား။

ဗိုလ်ကီတ် ။ ။ ရနိုင်ပါသဗျာ၊ အခုတော့ နမူနာ သုံးလေး စုံပဲ ပါလာတယ်။ ဟောဟို ကြက်ဖြူ ဉကြက်မနဲ့ အဖတစ်စုံ၊ ငွေ ၁၅ ကျပ်ကျတယ်။ ခင်ဗျားတို့ရွာကို လာပြီး အရောက်ပို့ရတဲ့အတွက် တစ်စုံ တစ်ဆယ်နဲ့ ပေးမယ်ဗျာ။

ကိုဘိုးထူး ။ ။ ဟား...ဟား၊ ဆရာကြီးက ဒုက္ခခံပြီး ရွာကို အရောက်လာပို့ရတဲ့အတွက် ငါးကျပ် လျှော့ယူတာပေါ့လေ။

ဗိုလ်ကီတ် ။ ။ ကုသိုလ်ပေါ့ဗျာ၊ ကြုံတဲ့အခါကလေး ဒါန ပြုရတာပဲ။ ။ ဟောဒီ အမေရိကန် ရစ်မျိုးက တယ်ပြီး ထွားကျိုင်း သဗျ။ အသားများတယ်၊ အရိုးနုတယ်၊ ခင်ဗျားတို့ စစ်တကောင်း ကြက်မျိုးလို အသားက ပေါ့တော့တော့နဲ့၊ အရိုးက မာခေါက်ခေါက် မနေဘူး။ အသားကလည်း လေးလေးပင်ပင် အရသာရှိတယ်။ အရိုး ကလည်း နူးညံ့လို့၊ အရိုးပါ ဝါးစားလို့ ရတယ်။ ဉကျတော့လည်း အလုံးလှတယ်။ ခက်တာက ဒီကြက်မျိုး အိမ်မွေးထားမိရင် လှတာနဲ့ ဘယ်သူမှ မစားရက်ဘူး။ ဒါပေမဲ့ ကျုပ် အထူးပြောချင်တာကတော့ ကြက်မွေး၊ ဝက်မွေးရင် မျိုးကောင်းမျိုးသန့်ကို ရွေးချယ်ပြီး မွေးတတ် မှ စီးပွားဖြစ်နိုင်တယ်။ ကျုပ်တို့ ဗမာလူမျိုးဟာ အာဟာရ စုံစုံလင်လင် မစားရလို့ ပုညက်ညက်ကလေးတွေ ဖြစ်နေတယ်။ လူတိုင်း ဝဝလင်လင် စားနိုင်ဖို့ အစာရှိရမယ်။ အစာရှိဖို့ ကျုပ်တို့ တောင်သူလယ်သမား

တာဝန်ဖြစ်တယ်။ ကြက်ဥ၊ နွားနို့၊ ဘဲ၊ ဝက်၊ ကြက်၊ ထောပတ်၊ သကြား အစရှိတဲ့ အစာတွေဟာ ဗမာလူမျိုး တစ်မျိုးလုံးအတွက် လိုနေတယ်။ လိုသမျှကို ကျုပ်တို့ တောင်သူလယ်သမားတွေက ထွက်အောင် လုပ်ရကြလိမ့်မယ်။

ဒီကိစ္စဟာ သေးသိမ်တဲ့ကိစ္စမဟုတ်ဘူး။ တိုင်းပြည်ရဲ့ အင်အား၊ တိုင်းပြည်ရဲ့ ကျန်းမာရေး၊ တိုင်းပြည်ရဲ့ စီးပွားကို တိုးတက်စေတဲ့ လုပ်ငန်းပဲ။ ဒီလုပ်ငန်းကို ဗမာတွေ မလုပ်ရင် ဘယ်သူလာလုပ်ပေးမလဲ။ ကက်ဝိုင်းတို့၊ ထန်းရည်ဆိုင်တို့မှာ ထိုင်ပြီး အချိန်ဖြုန်းမယ့်အစား ဒီစီးပွားရေးမှာ လုံးပန်းနိုင်ကြရင် တောင်သူလယ်သမားတွေ အသက်ရှုချောင်လာဖို့ လမ်းရှိရဲ့။ ကိုယ့်လူတန်းစား တိုးတက်ချင်ရင် ကိုယ့်ငွေနဲ့ကိုယ် တိုးတက်မှုတွေဖန်တီးကြရလိမ့်မယ်။ လက်ဝါးဖြန့်ခံနေလို့ ဘယ်သူကမှ ပေးလာမှာမဟုတ်ဘူး။ အစိုးရကလည်း ဘယ့်နှယ်မှတတ်နိုင်မှာမဟုတ်ဘူး။

ခင်ဗျားတို့ရွာမှာ ကျောင်းအဆောက်အအုံလိုတယ်၊ ဆေးပေးခန်းကလေးလိုတယ်၊ စာဖတ်ခန်းလိုတယ်၊ မီးသတ်စက်လိုတယ်၊ ကစားကွင်းလိုတယ်၊ သောက်ရေတွင်းကောင်းကောင်း လိုတယ်။ ဟာ... လိုတာတွေတော့ အများကြီးပဲ။ ဒီဟာတွေကို ခင်ဗျားတို့ ကိုယ်တိုင် ခင်ဗျားတို့ ချွေးနဲ့စာနဲ့ စုဆောင်းပြီး ထူထောင်မှ ရမှာ။ ဘယ်သူကများ လာလုပ်ပေးဦးမယ် ထင်သေးသလဲ။ စီးပွားရှာကြပါ။ ချွေတာစုဆောင်းကြပါ။ ငွေပိုကို အများကျေးဇူးရှိအောင် သုံးစွဲကြပါ။ အဲဒီနည်းနဲ့သာ ခင်ဗျားတို့အဆင့်အတန်းဟာ တိုးတက်လာနိုင်မယ်။ ဘယ်အစိုးရမှ ခင်ဗျားတို့ တိုးတက်ကြီးပွားအောင် မေတ္တာရိ လုပ်မပေးနိုင်ဘူး။ ခင်ဗျားတို့ အခွန်တော် တစ်ကျပ်ပိုပေးနိုင်လို့ ငါးမူးဖိုး ပိုပြီး အစိုးရက ဆောင်ရွက်ပေးနိုင်ရင်ပဲ ကံကောင်းလှပြီ။ အစိုးရကို ပေးတဲ့ အခွန်သဘောနဲ့ ကိုယ့်ရွာမှာ ကိုယ်စုပြီး ကြီးပွားတိုးတက်ရေးကို ကိုယ့်ဟာကိုယ် စီစဉ်ရင်

သာပြီး မသက်သာပါလား။

ဒါကြောင့် လယ်သမားကြီးပွားမှ တိုင်းပြည်ကြီးပွားမယ်။ လယ်သမားချောင်လည်မှ တိုင်းပြည် ချောင်လည်မယ်၊ လယ်သမား ချောင်လည်အောင်ဟာ လယ်သမားကိုယ်တိုင်ထပြီး အလုပ်နိုင်မှ လယ်သမားကိုယ်တိုင် ငွေပိုရှာနိုင်မှ ချောင်လည်နိုင်မှာ။ တခြားလမ်းတိုတော့ မရှိဘူး။

ကျုပ် ဟောတဲ့တရားက လယ်သမား ချောင်ချိရေးတရားပဲ။ ကျုပ် တရားနာလို့ရှိရင် ခင်ဗျားတို့ အလုပ်ပိုလုပ်ရလိမ့်မယ်၊ ဝီရိယ ပိုစိုက်ရလိမ့်မယ်၊ သတိပိုရှိရလိမ့်မယ်၊ ပိုပြီး မြော်မြင်ဆင်ခြင်ရလိမ့်မယ်၊ ပိုပြီး ချွေတာစုဆောင်းရလိမ့်မယ်။ အရာရာမှာ ပြုပြင် ပြောင်းလဲရလိမ့်မယ်။ အရာရာမှာ အကျိုးအကြောင်း ဆင်ခြင်စဉ်းစားပြီး နည်းလမ်းမကျရင် ရှေးထုံးပင်ဖြစ်သော်လည်း ပယ်ဖျက်ရလိမ့်မယ်။

ဝက်မျိုး၊ ကြက်မျိုး ရွေးတဲ့နေရာမှာသာ မျိုးသန့်မျိုးကောင်းကို ရှာရမှာ မဟုတ်ဘူး။ ဆန်စပါး၊ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်ကအစ စိုက်ပျိုးသမျှမှာ မျိုးကောင်းမျိုးသန့်ကို ရှာကြံစိုက်နိုင်မှ တွက်ခြေကိုက်တာ။ ကျုပ်တို့ ပျဉ်းမနားမြို့မှာရှိတဲ့ စိုက်ပျိုးရေးကျောင်းကြီးမှာ အသီးအနှံအမျိုးမျိုး၊ ဆန်စပါးအမျိုးမျိုး၊ ကြံအမျိုးမျိုး စမ်းသပ်ပြီး ကောင်းပေ့ဆိုတဲ့ မျိုးတွေကို သိမ်းဆည်းပြီး ဖြန့်ဖြူးရပါတယ်။ အခုတော့ ကျုပ်နဲ့အတူ စပါးမျိုး၊ ပဲမျိုး၊ ပြောင်းမျိုးနဲ့ သစ်စေ့မျိုး နမူနာ နည်းနည်းလောက်သာ ပါပါတယ်။ ပျဉ်းမနားကျောင်းမှာဆိုရင်တော့ ဒီလို မျိုးသန့်သန့်တွေကို လိုသလောက်ပေးနိုင်ပါတယ်။ ဟောဒီရွာက ဆရာကိုအောင်မြင့်ကို စုပြီး မှာလိုက်ကြရင်လည်း ခင်ဗျားတို့ရွာကို အရောက်ပို့နိုင်ပါတယ်။ ကဲ...အခု လယ်သမားတရားသလောက်နဲ့ပဲ ရပ်ပါရစေဦး သူကြီးမင်းရဲ့။ ညနေ ၆ နာရီမှာ ဟောဒီနေရာမှာပဲ လောကီတရားမဟုတ်

ဘဲ လောကုတ္တရာတရား ဟောပြောပါလိမ့်မယ်။ ဦးဖိုးဘတို့၊ ဦးဘိုးညဏ်တို့ ကြွကြပါ။ သို့ပေမဲ့ ကျုပ်က လောကုတ္တရာတရားကို ကလေးတွေကိုသာ ဟောချင်တယ်။ လူကြီးတွေနဲ့ လောကုတ္တရာနဲ့ တယ်မတန်ဘူး။ လောကီတရားနဲ့ပဲ တန်တယ်။

သူကြီးမင်း ။ ။ ဆရာကြီးကလည်း ပြောင်းပြန်ပြောနေပြန်ပါပြီ။ လူကြီးတွေကို လောကုတ္တရာ တရားဟော၊ ကလေးတွေကို လောကီတရား ဟောမှပေါ့ဗျ။ သေခါနီးတွေကို လောကီတရား ဟောနေရမှဖြင့် အားလုံး ငရဲထဲ ဆွဲချသလို ဖြစ်မှာပေါ့။

ဗိုလ်ကိတ် ။ ။ မဟုတ်ဘူး သူကြီးမင်းရ၊ လောကုတ္တရာတရားဆိုတာ နတ်တွေ၊ ဗြဟ္မာတွေ ဘယ်လိုနေတယ်၊ ဘယ်လောက်အသက်ရှည်တယ်၊ ဘဝအဆင့်ဆင့် ဘယ်လိုကူးတယ်၊ အဲဒါမျိုးတွေကို အကြောင်းပြုတာ မဟုတ်ဘူး။ ဒါတွေ သိနေလို့လည်း အကြောင်းမထူးဘူး။ ကျုပ်အမြင်အတိုင်းဆိုရင် လောကုတ္တရာတရားဆိုတာ စရိုက်မြင့်တင်ရေး တရားပဲ။ စရိုက်ပြုပြင်တယ်ဆိုတာလည်း စရိုက်မခိုင်မြဲခင်သာ ပြုပြင်လို့ ရတယ်။ နွားမှာ ကိုးထမ်းပိုးကျမှ အရှသင်လို့ မရနိုင်သလိုပဲ လူမှာလည်း ငယ်တုန်းရွယ်တုန်းသာ စရိုက် ပြုပြင်လို့ ရတယ်။ အသက်အရွယ်ကြီးလေလေ၊ စရိုက်မြဲလေဖြစ်တော့ တရားဟောလည်း ဟောရရုံ၊ နာရရုံရှိတာပဲ။ တယ်...အကြောင်းမထူးလှဘူး။ အရေးကြီးတာက စရိုက်မလေ့ အစိုင်အခဲမတည်ခင် လူငယ်ကိုယူပြီး လောကုတ္တရာတရားနဲ့ ကျပ်ကျပ်လေ့လာပေးလိုက်ရင် စရိုက်ကောင်း စရိုက်မြတ်ရလွယ်နိုင်လိမ့်မယ်။ ဒါကြောင့် လောကုတ္တရာတရားဟာ ကလေးတွေနဲ့သာပြီး တန်တယ်လို့ ဆိုလိုတာပါ။ လူကြီးတွေလည်း ပြောင်းလဲမယ်ဆိုရင် ပြောင်းလဲနိုင်ပါတယ်။ ကဲဗျာ... ခဏနားကြဦးစို့ရဲ့။ လက်ဖက်ရည်ကြမ်းဝိုင်းလည်း ရောက်လာပါပြီ။

# နွေရာသီ အားလပ်ချိန် ဇဝံဂေလိလုပ်ငန်း

## (၁) တောင်ပေါ်သားတွေ သီးဦးပူဇော်ပွဲ

၁၉၄၀ ပြည့်နှစ် ဩဂုတ်လဆုတ်တွင် ဆရာကြီးကိတ်နှင့် တပည့်တစ်စုတို့ ပျဉ်းမနားအရှေ့ ဟယ်ဘလောင်ချင်းရွာသို့ တရားဟောထွက်ကြသည်။ ဟယ်ဘလောင်ရွာ အသင်းတော်မှာ ဆင်းရဲလွန်း၍ သင်းအုပ်ဆရာကိုပင် မထောက်ပံ့နိုင်ကြ။ အသင်းတော်ပိုင် မြေမှထွက်သည့် လယ်ထောက်ခ စပါး ၂၀၀ ကိုသာ သင်းအုပ်ဆရာကို တစ်နှစ်တွက် ဝမ်းစာနှင့် စရိတ်အဖြစ် ပေးနိုင်ကြသည်။ လွန်ခဲ့သည့် ဝါဆိုလက အထူး ဥပုသ်နေ့ ကျင်းပ၍ စပါးမျိုးစေ့တို့ကို ကောင်းချီးပေးရန် ဆုတောင်းခဲ့ကြသည်။ ယခု တပို့တွဲလ၌ ကျေးဇူးတော် ချီးမွမ်းစည်းဝေး အတွက် အထူး ဥပုသ်နေ့ ကျင်းပကြပြန်သည်။ ဆင်းရဲသား၊ တောင်ယာ သမားများက အသင်းတော်ကို မည်သို့ ထောက်ပင့်ကြရန် လက်တွေ့ပြရတော့မည်။

သူကြီး ကိုအောင်ဒွန်းနှင့် သင်းထောက်တို့က ခရစ်ယာန်လယ်သမားစာရင်းကို အသေအချာ ယူရသည်။ လယ်လုပ်ကပေါင်းမည်မျှ၊ အိမ်သားအတွက် ဝမ်းစာက ဘယ်လောက်၊ စပါးထွက်ဘယ်လောက်၊ ကြွေးမြီဆပ်ဖို့ ဘယ်လောက်၊ လက်ကျန် ဘယ်လောက် စသဖြင့် ခန့်မှန်းကြသည်။ စပါးများမှာ တလင်းတွင် နယ်တုန်း၊ လှေ့တုန်းရှိသေးသည်။ ဥပုသ်နေ့ နံနက်စောစော ဆန်းဒေးစကူးမဖွင့်မီ ရောင်စုံစက္ကူဖြင့် လှပစွာ ဆင်ယင်ထားသော လှည်းသုံးစင်းကို ရိုင်ပတ်နှင့်အသင့်ပြင်သည်။ တစ်အိမ်ထောင်လျှင် လူနှစ်ယောက်ကျ၊ တောင်းလွတ်တစ်လုံး၊ သိုင်းကြိုးတစ်စုံ လျှို၍ထမ်းရန် ဝါးလုံးတစ်လုံး အသင့်ထား

ရကြသည်။ စိုက်ပျိုးရေးကျောင်း ဘင်ခရာအသင်းကြီးက ရှေ့ဆုံးက တီးမှုတ်၍ စီတန်းလမ်းလျှောက်ပြီးလျှင် နောက်ဆုံးက လှည်းသုံးစင်း လိုက်ရသည်။ ရွာပြင်ရှိ တလင်းတစ်ခုသို့ရောက်လျှင် ဓမ္မသီချင်းတစ်ပုဒ် ဆို ကျမ်းစာတစ်ပိုဒ်ဖတ်၍ သီးဦးကို ပူဇော်ရန် နှိုးဆော်သည်။ သီးဦး ပူဇော်မှုကို တစ်ကောလျှင် တစ်ခွဲကျခန့် မှန်းသော်လည်း တချို့က နှစ်တင်း၊ သုံးတင်း လှူကြသည်။ ဤသီးဦးပူဇော်ပွဲ၌ စပါး အတင်း ၅၀ ကောက်ခံ၍ ရသည်။ သင်းအုပ်ဆရာကို ချက်ချင်းပင် အတင်း ၂၀ ပေးလိုက်၍ ကျန် ၃၀ ကို အသင်းတော် အထွေထွေစရိတ်အတွက် လျာထားသည်။ ကျေးလက်အသင်းတော်များ၌ ငွေဖြင့်မဟုတ်ဘဲ ဤကဲ့သို့ သီးဦးပူဇော်ခြင်းဖြင့် အသင်းတော်ကို ထောက်ပင့်နိုင်ကြသည်။ လှူဒါန်းသူလည်း ပျော်ပျော်ရွှင်ရွှင်ကြီး လှူနိုင်ကြသည်။

## (၂) တောင်တန်းသာသနာ

၁၉၄၀ ပြည့် ဧပြီလတွင် ဘိုကိတ်ကြီးသည် ရှမ်းပြည်နယ် မြောက်ပိုင်း မိုင်းလုံနယ်၊ ပန်းယိုင်ရွာသို့ ရောက်သွားသည်။ ဤအရပ်၌ မြင်းစီး၍ ခရီးသွားရသဖြင့် လှပသော လောကသဘာဝကြီးကို ဆေးဆေး လေးလေး ရှုစားနိုင်သည်။ ထိုအရပ်၌ ရှမ်းလူမျိုးအပြင် လီစူးနှင့် ဝ လူမျိုးများလည်း ရှိသည်။ ပူအိုက်သောဒေသ၌ ပေါ့ပါး၍ မချွတ်ရ၊ မလျှော်ရဘဲ အမြဲ လှပနေသည့် ဆေးမင်ကြောင် ရုပ်အင်္ကျီများကို ကြည့်၍ အားကျမိသည်။ (ရှမ်းလူမျိုးမှာ လက်ကောက်ဝတ်၊ ခြေချင်းဝတ်အထိ တစ်ကိုယ်လုံး မင်ကြောင်ထိုးထားလေ့ ရှိသည်)။

ဥပုသ်နေ့၌ ဗိုလ်ကိတ်ကြီးက အင်္ဂလိပ်လို ဩဝါဒပေးသည့် စကားကို မစ္စတာ ဗင်စင့်ယမ်းက လားဟူဘာသာ ပြန်ရသည်။ ၎င်းညီ မစ္စတာ ဟောရိ(လ်)ယမ်းက ဝလူမျိုးနှင့် ကချင်များ နားလည်အောင်

ရှမ်းဘာသာပြန်ရသည်။ ဤဒေသရှိ တောင်ပေါ်သားတို့သည် ဘိန်းခင်းများစိုက်၍ ဘိန်းလုပ်ငန်းနှင့် အသက်မွေးကြသည်။ ဘိန်းစွဲနေသူသာများသည်။ ၎င်းဘိန်းပင်အစား တခြားငွေဖြစ် ကောက်ပဲသီးနှံ စိုက်လေ့စိုက်ထမရှိ။ ခရစ်ယာန်မဖြစ်မီ ဘိန်းကို လက်ဦးဖြတ်ကြရသဖြင့် သာသနာ့တာဝန် မည်မျှလေးကြောင်း သိသာသည်။ သာသနာဝင်းထဲရှိ ဆေးတိုက်၌ ဘိန်းဖြတ်ဆေးဌာနတစ်ခု သတ်သတ် ဖွင့်ထားရသည်။ ယခုနှစ် လူပေါင်း ၁၈၀ ဘိန်းပြတ်အောင် ကုလိုက်ရသည်။ ဤဒေသ၌ ပြောင်းလဲရန်လိုသော အချက်ကြီးတစ်ခုမှာ ဘိန်းပင်အစား တခြား အဖိုးတန် ကောက်ပဲသီးနှံများ ချထားပေးရန်ပင် ဖြစ်သည်။ ဤလုပ်ငန်း၌ အစိုးရများကလည်း ကူညီရပေမည်။ ပျဉ်းမနား စိုက်ပျိုးရေးကျောင်း၌ ပညာသင်ကြားနေကြသော ရှမ်း၊ ကချင်၊ လားဟူ ကျောင်းသားတို့မှာ ကျောင်းမှထွက်လျှင် ဤဒေသမျိုးသို့ လာ၍ ပြောင်းလဲမှုကို ခေါင်းဆောင်နိုင်ကြသည်။ ဘိန်းပင် စိုက်ပျိုးသော အိမ်ထောင်စုတစ်စုမှာ တစ်နှစ်လျှင် ဘိန်းဆီ ငါးဆယ်သားသာ ထုတ်နိုင်ကြသည်။ တောင်ပေါ် ပေါက်ဈေးမှာ ဘိန်းဆီတစ်ပိဿာလျှင် ငွေ ၂၅ ကျပ်သာရှိ၍ တစ်နှစ်လုံးလုပ်မှ ငွေအဝက်ဖိုးသာ ရသည်။ သို့သော် များသောအားဖြင့် ဘိန်းကုန်သည်များထံမှ ငွေတင်ကူးယူလေ့ ရှိကြသဖြင့် ဤသို့ 'ဘိန်းပေး' ငွေချေးသမားများမှာ ဘိန်းတစ်ပိဿာလျှင် ငွေတစ်ဆယ်နှုန်းနှင့် ချေးလေ့ရှိကြသောကြောင့် တစ်နှစ်လျှင် ငွေငါးကျပ်လောက်သာ သုံးရကြသည်။ ထို့ကြောင့် ငွေကြေးအရင်းရှင်များသာ ကျေးဇူးခံစားရ၍ ဘိန်းစိုက်ပျိုးသူတို့မှာ ကျေးဇူးမရှိရုံသာမက ဘိန်းရှူသည့်စရိုက်သာ အဖတ်တင်သဖြင့် ဤဘိန်းစိုက်သည့်ဓလေ့ကို လုံးဝဖျက်ပယ်မှ ဤအရပ်ရှိ တောင်သူလယ်သမားတို့ ချမ်းသာနိုင်မည်။ ပြည်ပိုင် အစိုးရသည် ရှမ်းပြည်နယ်မှ မြန်မာပြည်သို့ ဘိန်းခိုးထုတ်သူတို့ကို ဖမ်းဆီးရန် ငွေကုန်ကြေးကျများစွာ

ခံမည့်အစား ဘိန်းပင်ကို စိုက်ခွင့်မပြုဘဲ တခြား စားကောင်းသောက်ဖွယ် အပင်မျိုးကို စိုက်စေလျှင် အစိုးရရော၊ တောင်သူလူထုပါ သာ၍ ကျေးဇူးရှိမည်။

ထိုကြောင့် ဘိုကိတ်ကြီးသည် ကျိုင်းတုံနယ်၊ တောင်တန်းဝန် ကပ္ပတိန် ရောဘတ်နှင့် တွေ့ဆုံ၍ ဤပြဿနာကိုဖြေရှင်းရန် ဆွေးနွေးကြသည်။ ကျိုင်းတုံနယ်တွင် ဆရာကြီး ရေဗွန်ဗျူးကားနှင့် ကပ္ပတိန် ရောဘတ်တို့ကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေး စံပြအခင်းများကို ခုနစ်ဒေသ၌ ခွဲ၍ ထူထောင်ကြသည်။ ဗဟို စိုက်ပျိုးရေး စံပြအခင်းကို ကျိုင်းတုံမြို့နှင့် ၁၇ မိုင်ကွာ ပန်းဝယ်ရွာရှိ အမေရိကန် နှစ်ခြင်းသာသနာကျောင်း၌ ထားသည်။ ပန်းဝယ်ရွာရှိ စိုက်ပျိုးရေးကျောင်းဆရာ၏ လခကို နှစ်ခြင်းသာသနာက ပေးရသည်။ ကျန်ခြောက်ဒေသအနက် လေးဒေသ၌ ပျဉ်းမနားကျောင်းမှထွက်သော စိုက်ပျိုးရေး ဆရာများကို ခန့်၍ လခကို ဘိုကိတ်ကြီးက ပေးရသည်။ ကျန်နှစ်ဒေသရှိ ဆရာများကို ကျိုင်းတုံနယ်က လစာပေးရသည်။ ဤခုနစ်ဌာနရှိ လုပ်ငန်းအစီအစဉ်ကို ဘိုကိတ်ကြီးကိုယ်တိုင် ကြီးမှူးရသည်။ မျိုးကောင်းမျိုးသန့်ကို ပျဉ်းမနား စိုက်ပျိုးရေးကျောင်းမှ ပို့ရသည်။ ဒေသအလိုက် သင့်တော်သော မျိုးစေ့များကိုမူ ကျိုင်းတုံမြို့မှ ရွေးချယ်၍ ပို့ရကြသည်။

တောင်ယာခုတ်၍ စိုက်ပျိုးသည့် ဓလေ့ကြီးမှာ တောင်စောင်းရှိ သစ်တောကို ခုတ်ထွင်မီးရှို့၍ တစ်မိုးသာ စိုက်ပြီးလျှင် နောက်နှစ်အဖို့ နေရာပြောင်း၍ အသစ်တစ်ဖန် ခုတ်ထွင် မီးရှို့ကြပြန်သည်။ ဤသို့ နှစ်စဉ်နှစ်တိုင်း ခုတ်ထွင်ခြင်းဖြင့် သစ်တောဝါးတော ပြုန်းတီးရုံသာမက ဘဲ မိုးရေ ဒလဟောစီးခြင်း၊ အပေါ်မြေလွှာကို ရေစား၍ ကျောက်အတိ ကျန်ရစ်ခြင်း၊ အောက်အရပ်ရှိ မြေကောင်းကို သဲဖုံးခြင်း၊ မိုးရွာတိုင်း ရေစီးသန်သဖြင့် မြေဆီမြေနှစ် ကုန်ခန်းခြင်း စသော ပျက်စီးမှုများ

ထင်ရှားသည်။ တောင်ပေါ်သားတို့ ယာခုတ်မှုကြောင့် တောင်အောက်သားတို့ပါ စိုက်ပျိုးရေး ပျက်စီးရသဖြင့် တောင်ယာလုပ်ငန်းအစား တောင်စောင်း၌ အလိုက်သင့်၊ အနိမ့်အမြင့် ကန်သင်းထူ၍ နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးနိုင်လျှင် သာ၍ကောင်းမည်။ လူပေါများ၍ မြေရှားပါးသော တရုတ်ပြည်ကြီး၌ ဤသို့ပင် စိုက်ပျိုးကြရသည်။

ဘိုကိတ်ကြီးသည် ကျိုင်းတုံအနောက်ဘက် ဝီဘောရွာသို့ ရောက်စဉ် ဤကုန်းတန်း ကန်သင်းစိုက်ပျိုးနည်းကို ကိုယ်တိုင် တူးဆွ၍ ပြခဲ့သည်။ ဤရွာမှာ ကျိုင်းတုံထက် ပေပေါင်း ၂,၀၀၀ ကျော်မြင့်၍ ရွာသူရွာသားများမှာ များသောအားဖြင့် ခရစ်ယာန် လားဟူလူမျိုးများ ဖြစ်ကြသည်။ တောင်ခြေ၌ စပါးစိုက်၍ ၎င်းအထက်ဆင့်မှာ ပဲပုပ်၊ ၎င်းအထက် ဝါနှင့် ပဲ၊ ၎င်းအထက် ပြောင်းဖူး၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ၎င်းအထက် ကျိုင်းတုံ ပဲ၊ ၎င်းအထက်၌ အေးသောဒေသရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးပင်များကို စိုက်ကြရသည်။ ဤသို့ တောင်ခါးပန်း၌ အဆင့်လိုက် ကန်သင်းထူ၍ စိုက်ပျိုးခြင်းဖြင့် ရွာသူရွာသားတို့မှာ နှစ်စဉ် ရွှေ့ပြောင်းရန်မလို။ အိုးခြေအိမ်ခြေ တည်တည်တံ့တံ့ နေနိုင်သောကြောင့် ယဉ်ကျေးမှုမှာလည်း တိုးတက်လာကြသည်။ ဤရွာ၌ စိုက်ပျိုးရေးလုပ်ငန်းတွင် အကြံပေးခေါင်းဆောင်မှာ ပျဉ်းမနား စိုက်ပျိုးရေးကျောင်းထွက် လားဟူလူမျိုး ချာကူဆိုသူပင် ဖြစ်သည်။

ဤရွာမှတစ်ဆင့် နောက်ထပ် ပေ ၁,၀၀၀ ခန့်မြင့်သော လားဟူရွာသို့သွားသော် တောင်ယာခုတ်ရိုးလုပ်ငန်းဖြင့် အသက်မွေးကြသော လူများကို တွေ့ရပြန်သည်။ တောင်ယာစပါးနှင့် ငရုတ်သာ စိုက်နိုင်ကြ၍ ရွာသားတို့မှာ အလွန်ဆင်းရဲ နွမ်းပါးကြသည်။ ငှက်ဖျားရောဂါက ဖိစီးပြန်သဖြင့် ကြုံလှီချည့်နဲ့သူ များကြသည်။ အစားအသောက် ဆင်းရဲ၊ ဆီဟူ၍ မမြင်ဖူးကြ၊ သစ်သီးဝလံ ရှားပါးသောကြောင့် ဤလူများမှာ လူဖြစ်ကျိုး

မနှပ် ရှိနေကြရှာသည်။ အတိတ်ဘဝ၏ ကုသိုလ်ကြောင့် မဟုတ်ဘဲ ယခု ပစ္စုပ္ပန်ဘဝမှာပင် ဉာဏ်အမြော်အမြင် မရှိ၊ နည်းပေးလမ်းပြ မရှိ၍ သာ ဤမျှ ဆင်းရဲရကြသည်။ ဤဆင်းရဲသားတောင်သူများကို မြင်လေ လေ ဆရာကြီးကိတ်၌ စိုက်ပျိုးရေးပညာကို အနှံ့အပြား ပြန့်ပွားချင် လေလေ ဖြစ်လာသည်။

❑

## ၁၁။ ဗိုလ်ကိတ်ဆိုမှပဲ

ဗိုလ်ကိတ်ကြီးသည် ပျဉ်းမနားစိုက်ပျိုးရေးကျောင်းကို မအားမလပ် စေ့စပ်သေချာအောင် ဖိဖိစီးစီး စီစဉ်ဆောင်ရွက်ရသည့်အထဲမှ အားလပ်ချိန်ရှာ၍ အခွင့်သာတိုင်း အနီးအနားရှိ တောလက်ကျေးရွာတို့ကို တရားဟော ထွက်လေ့ရှိသည်။

ဒေသစာရီ အစဉ်အစဉ်ကား စနေနေ့ နံနက်စောစောထ၍ တပည့်တစ်ကျိပ်ကျော်ခန့်ကို စုရုံးသည်။ မိမိ 'ဖို့(ဒ်)'ကားနှင့် နောက်တွဲ 'ထရေလာ'ကို အသင့်ပြင်ထားသည်။ လိုက်ပါသော တပည့်တို့တွင် စိုက်ပျိုးရေးကျောင်း ဘင်ခရာအဖွဲ့သားများ၊ သီချင်းဆိုတတ်သူများ၊ တရားဟောတတ်သူများ၊ စိုက်ပျိုးရေးနှင့် ကြက်၊ ဝက် မွေးမြူရေး၊ လက်တွေ့ ကျွမ်းကျင်သော တပည့်များ၊ ကျောင်းရှိ သူနာပြုဆရာမ အနည်းဆုံးတစ်ယောက် အမြဲပါတတ်သည်။ မော်တော်ကား 'ထရေလာ' ထဲ၌ ပါနေကျပစ္စည်းများမှာ ပဲမျိုး၊ ပြောင်း မျိုး၊ သစ်သီးမျိုး၊ ပန်းဥ၊ ပန်းစေ့အမျိုးမျိုး၊ ပျိုးပြီးစ သစ်ပင်မျိုးနှင့် သူနာပြု ဆေးအမျိုးမျိုးနှင့် စာအုပ်၊ ဝေစာများကို ယူဆောင်တတ်သည်။ တွင်းတူးစက်တစ်ခုလည်း အမြဲလိုလို ဆောင်သွားလေ့ရှိသည်။

ရွာတစ်ရွာသို့ဝင်မိလျှင် သူကြီးအိမ် သို့မဟုတ် အသိမိတ်ဆွေ၊ တပည့်ဟောင်းတစ်ဦးဦး၏အိမ်တွင် စခန်းချ၍ ဦးစွာ ဘင်ခရာဝိုင်းက တီးမှုတ်ရသည်။ ဘင်ခရာသံကြားလျှင် ရွာသားကြီးငယ်တို့ စုရုံးလာကြသည်။ ထိုအခါ သူနာပြုဆရာမက ကလေးများကို ခေါ်၍ ပွေး၊ ယားနာ၊ ဝဲ၊ နှင်းခူ၊ အဖုအပိမ့်၊ အနာစိမ်း၊ အနာယဉ်များကို စစ်ဆေး၍ ဆေးဝါး ထည့်ပြီးလျှင် အဝတ်နှင့် ပတ်စည်းပေးရသည်။ လူကြီးမိဘတို့ကိုလည်း အနာကို ရေနွေးနှင့်ဆေးရန် အဝတ်အစားကို ပြုတ်၍ ဖွပ်လျှော်ရန် သတိပေးရသည်။ ထည့်ရန် ဆေးဝါးနှင့် ဂွမ်း၊ ပတ်တီးတို့ကိုလည်း ဝေငှရသည်။ ဤကား မေတ္တာရိလုပ်ငန်းပင်။

ပြီးလျှင် ၎င်းဆရာမကပင် မိန်းကလေးများ၊ သားသည်မအေများကို စု၍ အချုပ်အလုပ် အဖာအထေး၊ အိမ်တွင်းသိမ်းဆည်းပုံ၊ ဟင်းသီးဟင်းရွက်ကို အာဟာရမပျက်အောင် ချက်ပြုတ်ပုံတို့ကို ပြသရပြန်သည်။

ပြီးလျှင် ကလေးများကိုစု၍ သီချင်းသင်ပေးရပြန်သည်။

လူလတ်ကလေးများကို စု၍ ဗိုလ်ကိတ်ကြီး၏တပည့်တို့က ကစားခုန်စား အမျိုးမျိုး သင်ပေးကြရသည်။ အင်္ဂလိပ် ထုတ်ဆီး၊ ကုလား ထုတ်ဆီး၊ ဝိုင်းဖွဲ့ကစားပုံအမျိုးမျိုး၊ နှစ်သင်းခွဲ၍ ပြိုင်ဆိုင်ကစားပုံ အမျိုးမျိုးကို ပြသကြသည်။ ဤကစားပွဲများ၌ ဗိုလ်ကိတ်ကြီးကိုယ်တိုင် ဝင်၍ ကစားတတ်သည်။ ဘင်ခရာတီးဝိုင်းကလည်း များစွာ အထောက် အပင့်ရသည်။

ကျေးရွာများ၌ အိမ်သာမရှိတတ်။ ရွာပြင်ကွက်လပ်၌ လည်း ကောင်း၊ ရွာတွင်း ချုံပုတ်ကွယ်ရာ၌လည်းကောင်း အခင်းကြီး သွားလေ့ ရှိသည်။ ဤနည်းဖြင့် ရောဂါအမျိုးမျိုး ပြန့်ပွား၍ ရွာ၏ ကျန်းမာရေးကို များစွာ ထိခိုက်သဖြင့် ဗိုလ်ကိတ်ကြီးက သွားသမျှ ရွာတိုင်းကို အိမ်သာ



ဗိုလ်ကိတ်ကြီး တောထွက်ပုံ။



ဗိုလ်ကိတ်ကျောင်း ဘင်ခရာတူရီယာအဖွဲ့ တရားဟောထွက်ကြပုံ။

ကျင်းတူး၍ ပေးရသည်။ အိမ်သာကျင်းကို ဖုံးဖိထားပုံကိုလည်း လက်ပူး လက်ကြပ် သင်ပေးရသည်။

လူကြီးပိုင်းကို ဗိုလ်ကိတ်ကြီးနှင့် တပည့်တချို့တို့က တရား ဟောရသည်။ များသောအားဖြင့် စိုက်ပျိုးရေးတရားက အစ ကြက်၊ ဝက် တရားအလယ် ပရမတ္ထတရားနှင့် ယေရှုခရစ်၏ အကြောင်းနှင့် အဆုံးသတ်လေ့ရှိသည်။ ရွာအနီးအနားရှိ လယ်ယာများ၊ ခြံများထဲသို့ ဗိုလ်ကိတ်ကြီးကိုယ်တိုင် လိုက်၍ စိုက်ပျိုးပုံ၊ မျိုးချပုံ၊ ပေါင်းထိုးပုံ၊ မြေတောင်မြှောက်ပုံ၊ ရေလောင်းပုံများကိုပါ စစ်ဆေးမေးမြန်း၍ နည်း မှန်လမ်းမှန် လက်တွေ့ ပြသလေ့ရှိသည်။

ညနေစောင်းလျှင် ရွာသူရွာသားအားလုံးကို ရသမျှစု၍ ဝတ်ပြု စည်းဝေးလုပ်ကြသည်။ ကလေးများ သင်ပြီးသော သီချင်းတို့ကို ဆိုကြ ပြန်သည်။ ကျမ်းစာတစ်ပိုဒ် ဖတ်၍ တရားတိုတို ဟောသည်။ ဟောနေ ကျတရားမှာ ဘုရားသခင်သည် မေတ္တာရှင်ဖြစ်ကြောင်း၊ လူအပေါင်း တို့၏ ဖခင်ဖြစ်ကြောင်း၊ လူတို့၏ဒုစရိုက်အတွက် နှလုံးတော် ကြေကွဲ တော်မူကြောင်း၊ လူအချင်းချင်း ချစ်ခင်အပ်ကြောင်း၊ သူတစ်ပါးအတွက် အဆင်းရဲခံရခြင်းသည် မင်္ဂလာကြီးဖြစ်ကြောင်း၊ ဤသို့ဖြင့် မဖွဲ့မနွဲ့၊ ဋီကာမချဲ့ဘဲ တိုတိုတုတ်တုတ် ဟောကြားလေ့ ရှိသည်။ အစည်းအဝေး ၏ အဆုံး၌ ရွာသူရွာသားတို့အတွက် ဆုမွန်တောင်း၍ ပျဉ်းမနားသို့ ပြန်ကြသည်။ အလွန်မောပန်းကြ၏။ ထို့ကြောင့် အလွန်အိပ်ပျော်ကြ၏။

* * *

စနေ တစ်နေ့၌ ဗိုလ်ကိတ်တို့လူစု ပျဉ်းမနားမြောက်ဘက် မိုင် ၂၅ ခန့်ဝေး၍ ဆင်သေချောင်း ကမ်းပါးရှိ ဝဲကြီးရွာသို့ သွားကြသည်။ ဆရာမ မစောခင်က ရွာကျောင်းကလေး ဖွင့်ထားသည်။ သူကြီး

ဦးရာဆိုင်လည်း ပျဉ်းမနားစိုက်ပျိုးရေးကျောင်းသို့ ရောက်ဖူးသော မိတ်ဟောင်းတစ်ယောက် ဖြစ်သည်။ ရွာသို့ရောက်လျှင် ရွာသူရွာသား များမှာ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြူဖပ်ဖြူရော်နှင့် အားအင်ရှိပုံ မရသည်နှင့် ဦးရာဆိုင်ကို မေးလျှင်...

ဦးရာဆိုင် ။ ။ ဆရာကြီးရာ မပြောချင်ပါဘူး၊ တစ်ရွာလုံး တုန်ဖျား ဖျားပြီး နေလိုက်ကြတာ ကောက်ရိတ်တောင် ခါတိုင်းလို မဆင်း နိုင်ကြဘူး။ ကြည့်ပါလား ဆရာကြီးရဲ၊ ခါတိုင်းဆို ဒီအချိန် လယ်တွေ အကုန်ပြတ်ကုန်ပကော။ အခုတော့ မရိတ်ရတာ တစ်ဝက်ကျော်ကျော် ကျန်သေးတယ်။ အသုဘကိစ္စနှင့် အချိန်ကုန်နေတာပဲ ဆရာကြီးရာ။ စောခင်တို့ ကျောင်းကတောင် ကလေးလေးငါးယောက် ဖိတ်စဉ်သွား သေးတယ်။

ဗိုလ်ကိတ် ။ ။ ဟာ...အသုဘကိစ္စနဲ့ အချိန်ကုန်နေလို့ ဘယ် ဖြစ်မတုံး သူကြီးမင်းရ။ ကဲ...သူကြီးမင်းရဲ့ရွာကို စစ်ဆေးရအောင် မြေနိမ့် ပိုင်း ရေဝပ်တဲ့ နေရာရှိရင် လိုက်ပြစမ်းဗျာ။

သူကြီး ဦးရာဆိုင်လည်း ရွာပြင် ချောင်းကမ်းနားရှိ ကျွဲလူးအိုင် အစရှိသည့် ရေအိုင်ကလေးများကို လိုက်၍ပြသည်။ ဗိုလ် ကိတ်ကြီး သည် ဆောင်လာသော ဖန်ခွက်နှင့် ရေကိုခပ်၍ စစ်ဆေးရာ ပိုးတုံးလုံး ကလေးများကိုတွေ့လျှင် သူကြီးမင်းကို ညွှန်ပြလျက်...

ဗိုလ်ကိတ် ။ ။ ဟောဒီ ပိုးလောက်လောင်းကလေးတွေ မြင်ရဲ့ မဟုတ်လား။ အဲဒါ ခြင်ဖြစ်မယ့် ပိုးလောင်းကလေးတွေပဲ။ ခြင် နှစ်မျိုးရှိ တယ်ခင်ဗျာ၊ ငှက်ဖျားရောဂါပိုးကို သယ်တဲ့ခြင်မျိုးက 'အာနိုဖီလစ္စ' ခြင်မျိုးလို့ ခေါ်တယ်။ ဟောဒီပိုးလောင်းတွေဟာ 'အာနိုဖီလစ္စ' ခြင်လောင်းတွေချည်းပဲ။ သေမင်းတမန်တွေပေါ့ဗျာ။ ငှက်ဖျားရောဂါ ရှိတဲ့လူကို ကိုက်ပြီး ရောဂါပိုးကို သယ်တဲ့ရန်သူတွေပဲ။ လူကောင်းကို

ကိုက်မိရင် လူကောင်းလည်း ငှက်ဖျားရောဂါ ရပြန်တာပဲ။ ကမ္ဘာ့စစ်ကြီး အသီးသီးမှာ သေနတ်၊ အမြောက်၊ ဗုံးဆန်၊ လက်နက်မျိုးစုံနဲ့ သေတဲ့ လူဦးရေထက်ကို ဟောဒီ 'အာနိုဖီလစ္စ' ခြင်ကောင်လက်ချက်နဲ့ သေတာက သာပြီး များသေးသဗျ။ သူတို့တစ်တွေကို ကိစ္စတုံးစီရင်မှ ခင်ဗျားရွာမှာ အသုဘကိစ္စ ရပ်စဲမှာ။

ဦးရာဆိုင် ။ ။ ဩော်...ဟုတ်ကဲ့လား ဆရာကြီးရ၊ ကျွန်တော်တို့တော့ နတ်ပွဲတွေလည်း ပေးပြီးပြီ။ ရွာလုံးကျွတ် ကမ္မဝါလည်း ဖတ်ပြီးပြီ။ အသုဘဆိုင်း တခြိမ့်ခြိမ့်ဟာ စဲတယ်ပဲမရှိသေးဘူးဗျ။ ဒီလိုဆို ဘယ့်နှယ်လုပ်ရမှာတုံး။

ဗိုလ်ကိတ် ။ ။ ခင်ဗျား ရွာသားတွေကိုခေါ်၊ ရေအိုင်ဆိုလို့ တစ်လက်ခုပ်ပေါ်မှ ရေဝပ်တဲ့နေရာ မရှိစေနဲ့။ ရေဝပ်တဲ့နေရာမှာ ခြင်ဥပြီး ခြင်ပွားတာပဲ။ အိမ်တွေမှာလည်း သောက်အိုး၊ သုံးအိုးတွေကို လုံအောင် ဖုံးထားကြပစေ။ ငှက်ဖျားဝင်ပြီးလူရော၊ မဝင်သေးတဲ့လူရော ခြင်ထောင်နဲ့ အိပ်ပစေ။ ခြင်ထောင်မရှိရင် စောင်လုံအောင်ခြုံ အိပ်ပစေ။ အဖျားဖြတ်ဆေးကိုတော့ ကျွန်တော် ပေးနိုင်တယ်။ မဖြစ်အောင် ကာကွယ်တာကတော့ ခင်ဗျားတို့တာဝန်ပဲ။ ရွာသားတွေ နားလည်အောင်ဟာ ကျွန်တော်က ငှက်ဖျားတရား ဟောရဦးမပေါ့ဗျာ။

ဦးရာဆိုင် ။ ။ လုပ်ပါဦး ဆရာကြီးရာ၊ ဆရာကြီး ပြောပြမှပဲ နားလည်ကြမှာပဲ။ ကျွန်တော်တော့ ပြောလည်း မပြောတတ်ဘူး။ ပြောလို့လည်း ဩဇာရှိမှာ မဟုတ်ဘူး။

ဗိုလ်ကိတ် ။ ။ ကဲ...ရွာကိုသာ မောင်းဆင့်ပေတော့ သူကြီးရာ၊ ဒီကိစ္စက ဆိုင်းသင့်တဲ့ကိစ္စ မဟုတ်ဘူး။ ကျုပ်လည်း ပါလာတဲ့ ကွီနိုင်ဆေးထုပ်တွေ ယူချေဦးမယ်။ အဖျားကြီးနေတဲ့ လူနာတွေကို သူနာပြုဆရာမကို အကြည့်ခိုင်းဗျ။ ပြီးတော့လည်း လူမမာတွေ

အနေအထိုင် အစားအသောက်ကိုလည်း ဆရာမ ပြောတဲ့အတိုင်း လိုက်ကြပစေနော်။ သူကြီးမင်းက အဲဒီလောက်ကိုတော့ ဂရုစိုက်ကြည့်ဗျ။ ရွာရဲ့ အမိလည်း ခင်ဗျားပဲ။ ရွာရဲ့ အဘလည်း ခင်ဗျားပဲ။ ရွာရဲ့ ဆရာလည်း ခင်ဗျားပဲ။ ရွာရဲ့အကျိုးကို သယ်ပိုးရင် ခင်ဗျားကို အလိုလိုကြည်ညိုလာကြမှာပဲ။ ဆင်းရဲဒုက္ခဆိုတာ ဘယ်တော့မှ အလဟဿ မဖြစ်စေရဘူး။ အခွင့်ထူး ဖော်ပေးတာလို့ပဲ မှတ်ရမဗျ။

မိုလ်ကိတ်ကြီး နောက်ဆုံးပြောလိုက်သည့် စကားကို သူကြီးကိုရာဆိုင် နားလည်ပုံမရ။ ရွာ့မိရွာ့ဖ ရာထူးကို ရမှန်းသိလာ၍ ပျာပျာသလဲ တွေ့သမျှ ရွာသားကို ဆော်ဩ၍ မောင်းကြီးကို နားအူလောက်အောင် တဒူဒူဆင့်၍ ခတ်လေသည်။

ရွာသားများ စုမိလျှင် မိုလ်ကိတ်ကြီးသည် ငှက်ဖျားတရားကို အကျယ်ချဲ့၍ ဟောရသည်။ ခြင်ကောင်၏အတ္ထုပ္ပတ္တိ၊ အဖို အမ၊ အဥချသည်ကစ၍ ပေါက်ဖွားကြီးပြင်းပုံ၊ ခြင်ကောင်ဖြစ်ပုံ၊ သွေးစုပ်ပုံ၊ ရောဂါပိုးသယ်ယူပုံ၊ ငှက်ဖျားရောဂါပိုး၏ ပုံသဏ္ဌာန်အနေအထား၊ ငှက်ဖျားရောဂါရလျှင် နေထိုင်စားသောက်ပုံ၊ ဆေးကုပုံ၊ ကာကွယ်ပုံ၊ အစုံအလင်ကို ပါလာသောရုပ်ပုံ ကတ်ပြားကြီးများ၌ အကြီးချဲ့ထားသော ပုံစံတို့နှင့် သရုပ်ပေါ်အောင်ပြလျက် ဟောပြောလေသည်။

တရားပွဲပြီးလျှင် လူနာရှင်တို့က ဆရာမထံ ဆေးတောင်းသူကတောင်း၊ အိမ်သို့ ပင့်သူက ပင့်ကြသည်။ ကျန်လူစုမှာ မည်သူမျှ ဆော်ဩတိုက်တွန်းခြင်းမရှိဘဲ စိတ်ပါကိုယ်ရောက် ညီညာဖြဖြ၊ ချောင်းဘက်သို့သွားကြ၍ ချောင်းထဲက သဲများကို သယ်ယူကြပြီးလျှင် ရေအိုင်ရွံ့ဗွက်တို့ကို ပိတ်ဆို့ဖုံးအုပ်ကြလေသည်။

* * *

ဤနည်းနှင်နှင် ရွာ၏အခြေအနေကိုလိုက်၍ တစ်ရွာတွင် ဝမ်းရောဂါတရား၊ တစ်ရွာတွင် အဆုတ်ရောဂါတရား၊ တစ်ရွာတွင် ပလိပ်ရောဂါတရား၊ တစ်ရွာတွင် အူရောင်ဖျား၊ (Typhoid) ရောဂါတရား၊ တစ်ရွာတွင် ကျောက်ရောဂါတရား၊ လူရောဂါမဟုတ်လျှင် တီရစ္ဆာန်ရောဂါ၊ ကောက်ပင်၊ သီးပင်၊ ပန်းပင်ရောဂါတရားတို့ကို အလျဉ်းသင့်သလို အမြဲဟောကြားရသည်။ ဤတရားများ၏ အဆုံး၌ ဘုရားသခင်၏ မေတ္တာတရား၊ လူအချင်းချင်း ထားအပ်သည့် မေတ္တာတရား၊ သူတစ်ပါးအတွက် ဆင်းရဲခံခြင်းသည် မေတ္တာ၏ အထိမ်းအမှတ်ဖြစ်ကြောင်း ကားတိုင်တရားနှင့် အမြဲ နိဂုံးချုပ်၍ ဟောကြားလေ့ရှိသည်။

ဗိုလ်ကိတ်ကြီးသည် အမေရိကန်ပြည်မှ ပဲမျိုး အမြောက်အမြားမှာယူ၍ စမ်းသပ်စိုက်ပျိုးကြည့်ရာ မြန်မာပြည်နှင့် အသင့်တော်ဆုံးပဲတစ်မျိုးကို တွေ့မိ၏။

၎င်းကား နယူး၊ အီရား၊ ကောင်း၊ ပီး၊ New Era Cow Pea ဖြစ်သည်။ ဤပဲမျိုးကို သွားလေရာရာ ရွာတိုင်းသို့ယူ၍ ရွာသားတို့အား စိုက်ပျိုးစေသည်။ တစ်နေ့သ၌ ပျဉ်းမနားမြောက်ဘက် ဝင်းခြံရွာသို့ ပဲမျိုးပေးဖူးသည်နှင့် နောက်တစ်ကြိမ် ရောက်သွားသည့်အခါ ၎င်းပဲပင်မျိုး မမြင်မိသဖြင့် ခြံရှင်ကို မေးရာ...

ခြံရှင် ။ ။ ဟာ...ဆရာကြီး ပဲမျိုးက အရွက်ရော၊ အသီးရော စားကောင်းလွန်းလို့ တစ်ရွာလုံး ခူးစားလိုက်ကြတာမျိုးတောင် မရလိုက်တော့ဘူး။ ဆရာကြီးရဲ့။

ဗိုလ်ကိတ် ။ ။ ဟင်...တယ်ဟုတ်တဲ့ လူတွေပဲ၊ ချစ်လွန်းလို့ ကလိလိုက်ကြတာ၊ မျိုးတောင် တုံးရောဆိုတာပေါ့။ ဒီလိုဆို ကျောင်းကို ဘာကြောင့် လာပြီး မယူကြသလဲ။

ခြံရှင် ။ ။ လမ်းကလည်း မကြုံနဲ့၊ အဆင်သင့်ရတဲ့

ပဲမျိုးပဲ အလွယ်စိုက်လိုက်တာပါပဲ ဆရာကြီးရာ။ ဆရာကြီး ပဲမျိုးလိုတော့ ဘယ်ကောင်းမလဲ။ ရွာသားတွေ လက်ချက်တော့ နည်းနည်းသက်သာ သွားသဗျ။

ဗိုလ်ကီတ် ။ ။ ဖြစ်မှဖြစ်ရလေဗျာ၊ ကောင်းကောင်းစားချင် ရင် နည်းနည်းတော့ ဒုက္ခခံရမှာပေါ့။ ရွာသားတွေ ဝိုင်းမညှဉ်းအောင် ဟာ ပဲမျိုးကို လူတိုင်းစိုက်နိုင်အောင် ဝေငှပေးပါလားဗျ။ ကဲ... ဒီတစ်ခါ တော့ ပဲမျိုးနဲ့အောင် ခွဲပေးခဲ့မှပဲ။ များများလိုချင်ရင် ကျောင်းကို လူကြုံတဲ့ အခါ မှာလိုက်ဗျာ။

၎င်းပဲမျိုးမှာ ယခုအခါ အထက်အောက် မြန်မာပြည်တွင် အနှံ့ အပြား စိုက်ပျိုးကြသဖြင့် နိုင်ငံခြားသို့ ပို့လောက်အောင်ပင် တွင်ကျယ် သည့် ထွက်ကုန်တစ်ခုဖြစ်ပေပြီ။ ယခုထက်တိုင် ၎င်းပဲကို ကုန်သည်၊ ပွဲစားမှအစ တောင်သူလယ်သမားများက ဗိုလ်ကီတ်ပဲဟူ၍သာ ခေါ်ကြ လေသည်။

❑

## ၁၂။ ဆရာမကြီး ကိတ်

ပျဉ်းမနားစိုက်ပျိုးရေးကျောင်းကို စီစဉ်အုပ်ချုပ်မှု၌ ဗိုလ်ကိတ်ကြီးနှင့် မပြတ်တစေ ဒိုးတူပေါင်ဖက် ဆောင်ရွက်သူမှာ ဗိုလ်ကိတ်ကတော်ကြီးပင် ဖြစ်သည်။ အချက်အပြုတ် ကြီးကြပ်မှု၊ လူနာပြုစုမှုကို ဆရာမကြီးကိတ်သာ ဆောင်ရွက်ရသည်။ ကြက်မွေးမြူရေးဌာန၏ အတွင်းရေးမှူးလည်း ဖြစ်သည်။ စိုက်ပျိုးရေးကျောင်းမှ ထွက်သမျှသော ဟင်းသီးဟင်းရွက်၊ ကြက်ဥ ဘဲဥကို ကျောင်းတွင် ဆိုင်ဖွင့်၍ ဆရာမကြီးပင် ကုန်စိမ်းသည် လုပ်ရသည်။ စာရင်းအင်းများကို တွက်ချက်ရှင်းလင်းရသည်။

ဤမျှနှင့် မကျေနပ်ဘဲ မြန်မာတောင်သူလယ်သမား တိုးတက်ရေးတွင် မိန်းမများ၏ အနေအထိုင် အဆင့်အတန်း တိုးတက်အောင် ကြိုးပမ်းပြန်သည်။ အိမ်ထောင်ထိန်းသိမ်းမှု၊ ကျန်းမာအောင် နေထိုင်မှု၊ ချွေတာမှုနှင့် အိမ်တွင်းလုပ်ငန်းများမှာ လယ်သမား၏ ချမ်းသာကို မည်မျှဆောင်နိုင်ကြောင်း လက်တွေ့ပြချင်လှသည်။

၁၉၃၇ ခုနှစ်တွင် ဆရာကြီး၊ ဆရာမကြီးတို့သည် အမေရိကန်ပြည်၌ ခေတ္တအလည်အပတ် အနားအနေ သွားရာမှအပြန် ဥရောပတိုက်

အရှေ့စွန်း၊ ဂရိပြည်သို့ ဝင်ခဲ့ကြသည်။ ၎င်းပြည်၌ အမေရိကန် ဒါနရှင်တို့က တည်ထောင်ထားသည့် N.E.F. (Near East Foundation) ခေါ် ဆင်းရဲသား အောက်တန်းစားတို့၏ နေမှု၊ ထိုင်မှု မြှင့်တင်ရေး အသင်းကြီး၏ လုပ်ငန်းကို ခရေစေ့တွင်းကျ မိမိရရ ကြည့်ရှုမှတ်သားခဲ့ကြသည်။

ပျဉ်းမနားသို့ ပြန်ရောက်လျှင်ရောက်ချင်း ဆရာမကြီးသည် မော်လမြိုင်မြို့ အယ်လင်၊ မစ်ချ(လ်)ဆေးရုံမှ လက်မှတ်ရပြီး ဆရာမ မလှစိန်ကို ခေါ်ယူ၍ ပျဉ်းမနားနှင့် ၁၄ မိုင်ကွာ ကန်သာရွာတွင် ကျန်းမာရေးဌာနတစ်ခု ဖွင့်စေသည်။ ဆေးပေးခန်း ဖွင့်ထားရုံမကဘဲ ရွာနီးချုပ်စပ် ဆင်းရဲသားအိမ်များသို့ ဆရာမကို လှည့်လည်၍ မစ စေသည်။ မိဘတို့ အမှုမထားသော်လည်း အိမ်ထောင်၏ ဆင်းရဲကို များစွာ ပြုတတ်သည့် ရောဂါ အသေးအဖွဲ့ဖြစ်သော ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ နှာစေး၊ ချောင်းဆိုး၊ သံ၊ မျက်စိနာ၊ သွားပိုး၊ လျှာခင်ရောင် အစရှိသည့် အိမ်ထောင်သုခကို လောင်ကျွမ်းစေတတ်သော အမှိုက်မီးစတို့ကို သုတ်သင်ရှင်းလင်းရသည်။ သားဖွားရာ၌ ကူညီရသည်။ မျက်မမြင် ဒုက္ခိတတို့ကို ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ ပို့ပေးရသည်။ ကုဋ္ဌနာ ဒုက္ခိတတို့ကို မန္တလေး လူနူရုံ၊ မော်လမြိုင် လူနူရုံများသို့ ပို့ပေးရသည်။ ဤကန်သာရွာ ကျန်းမာရေးဌာနကို ဆရာမကြီးကိတ်ကိုယ်တိုင် ခုနစ်ရက်တစ်ကြိမ် သွား၍ ကြီးကြပ်ရသည်။

ပျဉ်းမနားစိုက်ပျိုးရေးကျောင်းတွင် ဆရာကြီးကိတ်သည် မောင်ဗမာတို့ကို စိုက်ပျိုးရေးနှင့် စီးပွားရေးကို သင်ကြားပေးသကဲ့သို့ မယ်ဗမာတို့ကိုလည်း အိမ်တွင်းလုပ်ငန်းအမျိုးမျိုး၊ ကျန်းမာရေးနှင့် သန့်ရှင်းသော ပျော်ရွှင်မှုအမျိုးမျိုးကို သင်ပေးရန် ဆရာမကြီး စီစဉ်လေသည်။ ပျဉ်းမနားစိုက်ပျိုးရေးကျောင်း၌ မယ်ဗမာဌာနခွဲတစ်ခုကို ဖွင့်တော့

မည်။ ကျွမ်းကျင်သော အမျိုးသမီး ပညာတတ်တို့ကို နည်းပြခန့်၍ အိမ်တွင်းမှုသင်တန်းကျောင်းတစ်ကျောင်းကို ဖွင့်တော့မည်။

ဤသို့ စီစဉ်နေခိုက်...

၁၉၃၉ ခုနှစ်တွင် ဆရာမကြီး၌ အူမကြီးတွင် ဝမ်းတွင်း အသားမာရောဂါ စွဲကပ်လာ၍ ဆရာဝန်များနှင့် ကုသပါသော်လည်း သက်သာရာ မရသဖြင့် ၎င်းနှစ် မေလ ၄ ရက်နေ့ ရန်ကုန်မှ လေယာဉ်ပျံနှင့် ဘိလပ်သို့ ပို့လိုက်သည်။ ဘိလပ်မှ မေလ ၉ ရက်နေ့တွင် 'နော်မန်ဒီ' သင်္ဘောကြီးနှင့် အမေရိကန်သို့သွားရာ နယူးယောက်မြို့သို့ မေလ ၁၅ ရက်နေ့ ဆိုက်ရောက်သွားသည်။ ဗိုလ်ကိတ်ကြီး၏ တစ်ယောက်တည်း သောသား ကလာ(ရ်) တီး(လ်) မင်း၊ ကေ(စ်)သည် အမေရိကန်ပြည်၌ ဆရာဝန်အတတ်ကိုသင်၍ ဒေါက်တာဘွဲ့ရလုဆဲပင် ဖြစ်သည်။

သားငယ်ကိတ်လည်း မိခင်ကို သမားကြီး သမားကောင်း လက်ဝယ်အပ်၍ ခွဲစိတ်ကုသမှ သင့်မည် ဆုံးဖြတ်ကြသောကြောင့် ခွဲစိတ်ရန် ပြင်ဆင်ကြသည်။ သွေးလှူမည့် ပုဂ္ဂိုလ်များလည်း အသင့်ရောက်နေကြသည်။ ခွဲမည့်ဆဲဆဲ ဆရာဝန်ကြီးက စမ်းသပ်၍ မခွဲရန် ဆုံးဖြတ်ပြန်သည်။ ဆရာဝန်ကြီးက စမ်းသပ်၍ အကျိုးမရှိကြောင်း၊ မခွဲလျှင် လလောက်နေရမည်ကို ခွဲလိုက်လျှင် ရက်လောက်သာ နေရတော့မည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။

ဆရာမကြီးကိတ်သည် မိမိရောဂါအခြေအနေကို သိလျှင် စိတ်ပျက်အားလျော့ခြင်း မရှိ။ မျက်နှာပိုးမျှမပျက်ဘဲ ဘုရားသခင် အလိုတော်ကို တပည့်တော်မပီပီ ကျေးဇူးတော်ကို ရေတွက်လျက် ဝန်ခံရှာလေသည်။ ဆရာကြီးကိတ်သည် မိမိဇနီးထံ မေတ္တာစာရေးသားရာ၌ ရှင်ယောဟန်ကျမ်း ၁၆း၃၃ နှင့် ရောမ ဩဝါဒစာ ၈း၂၈ ကို အကိုးအကား ပြု၍ ရေးရှာလေသည်။

"တစ်နေ့က ကျုပ်တို့ ရွှေမြို့နားက ဦးဘိုးသောင်းရဲ့ခြံကို သွားကြတယ်။ ဦးဘိုးသောင်းရဲ့မိန်းမ ဖျားနေလို့ ဆေးသွားပေးကြတယ်။ ကျုပ်တို့ ရောက်သွားသွားချင်း လူမမာက ငုတ်တုတ်ထပြီး မမကိတ် ဘယ်လိုနေသတုံး ပြောစမ်းပါဦး ဆရာကြီးရဲ့"လို ဆီးပြီး မေးရှာတယ်။ ဩော်...မမကိတ်ရဲ့ မေတ္တာကြိုးဟာ အနောက်ကမ္ဘာ လုံးခြမ်းတောင် နှောင်ဖွဲ့ပြီး ရှိနေပါသေးသလား။ အရှင်ယေရှုရဲ့ မေတ္တာ တန်ခိုးဟာ မင်းတို့၊ ကျုပ်တို့ရဲ့ စရိုယမှာ ပေါ်လာပြီး ဒီက လူတွေကို ကူးစက်ပေပြီ။ ဘုရားကိုသာ စိတ်နှလုံးတုံးတုံးချပြီး ယုံကြည်အားထားကြ ရတော့မှာပဲ။

၁၉၃၉ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဗိုလ်ကိတ်ကြီး သည် မိမိဇနီးထံ ခရစ္စမတ် နှုတ်ဆက်စကားဖြင့် မေတ္တာစာ ရေးသား လိုက်ရာတွင် ဆာလံ၊ ၄၆ နှင့် ဂလာတိ ဩဝါဒစာ ၂း၂၀ ကို ရေးသား ၍ ပို့လိုက်သည်။ ဤစာကား မမကိတ်ကြီး နောက်ဆုံးဖတ်လိုက်ရ သောစာ ဖြစ်ပေတော့သည်။ ၁၉၃၉ ခုနှစ်ဆုံးတွင် ဘုရားသခင် ခြေရင်း တော်သို့ ဝင်ရှာလေသည်။

❑

## ၁၃။ ဂျပန်တွေ လာပြီ

၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ဘိုကိတ်ကြီးသည် ရှမ်းပြည်အရှေ့ဘက် လားဟူနယ်သို့ လှည့်လည်စဉ် ဝါးပင်တိုင်းလိုပင် အသီးထွက်နေသည်ကို မြင်ရသဖြင့် ရောက်သမျှ ရွာတိုင်းကို သတိပေးလေသည်။ ဝါးသုဉ်းလျှင် လူများ သရောကြီးခိုင်းတတ်သည်ဟူ၍ ရှေးလူကြီးများ ဆိုထုံးရှိသည်။ သရောကြီးခိုင်းဆိုသည်မှာ ဝေမ်မွတ်ခေါင်းပါးသည့် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်ခြင်းကို ဆိုသည်။ ရွာသားတွေကို သတိပေးပုံမှာ...

ဘိုကိတ်။ ။ မောင်တို့ ဝါးတောတွေ အသီးအနှံ ဝေဝေဆာဆာထွက်နေတာ မြင်ကြရဲ့ မဟုတ်လား။ အဲဒါ ဝါးသုဉ်းတယ် ခေါ်တယ်။ ဝါးပင်များလည်း မြက်ပင်၊ စပါးပင်များလို အနှံထွက်ပြီး အသီးချကြတာပဲ။ ဝါးက အသက်ရှည်တော့ စပါးလို တစ်နှစ် တစ်ကြိမ် မသီးဘဲ ခုနစ်တစ်ကြိမ်၊ ရှစ်နှစ်တစ်ကြိမ်၊ တစ်ခါတလေ ဝါးမျိုးလိုက်လို့ ၁၀ နှစ်၊ ၁၅ နှစ်တစ်ကြိမ် သီးတယ်။ ဒီလို သီးပြီးတဲ့အခါ အပင်ဟာ ကျရော၊ ကျတယ်ဆိုတာ သေတာပေါ့ကွယ်။ ဝါးပင်ကြီးတွေ အကုန်ပြုန်းကုန်တာ၊ သေကုန်တာ၊ ဘာမှ မကျန်တာကို သုဉ်းတယ်လို့ ခေါ်ကြတာ

ပဲ။ ဝါးများ အသီးချတဲ့နှစ်မျိုးမှာ ကြွက်တွေ အဆမတန် ပေါသကွယ့်။ တောထဲမှာ ဝါးသီးတွေ စားရတော့ အစာအလွန်ပေါတာနဲ့ ကြွက်တွေလည်း အလွန့်အလွန် များလာတာပေါ့။ အဲဒီပွားလာတဲ့ ကြွက်တွေဟာ တောက ဝါးသီးတွေ စားလို့ကုန်တော့ လူတွေ တပင်တပန်း စိုက်ထားတဲ့ စပါးတွေကို လာစားကြတယ်။ တစ်ခါတလေ ကြွက်တွေ ပေါလွန်းလို့ လယ်တွေကို တံစဉ်လွတ်ကရော ရိတ်စရာ စပါးနှံကို မကျန်အောင် ကိုက်ဖြတ်စားသောက်ကြတာပဲ။ သက္ကရာဇ် ၉၀၀ ကျော် (၉၄၃–၉၆၁) လောက်က ဟံသာဝတီပြည်ရှင်၊ ငါးဆူ ဒါယကာ နန္ဒဘုရင်လက်ထက် ယိုးဒယားရန်၊ ကုလား ဇေင်ကာရန်၊ ရခိုင်ရန်၊ တောင်ငူရန်တွေ ဝိုင်းနေတဲ့အထဲမှာ ကြွက်တွေက လယ်တွေကို ဖျက်ဆီးကြသတဲ့။ ဟံသာဝတီတိုင်းသူပြည်သားတွေလည်း ငတ်မွတ်ခေါင်းပါးလို့ အိမ်ရာစွန့်ပြီး ရန်သူဘက်ကို ဆည်းကပ်ကြတာကြောင့် ဟံသာဝတီပြည်ကြီး ပျက်စီးရတယ်။ အဲဒါ ဝါးသုဉ်းတဲ့နှစ်နဲ့ ကြုံကြိုက်လို့ပဲ။ ဒါကြောင့် ဝါးသုဉ်းရင် လူတွေ သရောကြီးခိုင်း တတ်တယ်လို့ ရှေးလူကြီးများ စကားပုံ ထားရစ်ခဲ့တယ်။

ဒါကြောင့် မောင်တို့ အခု ဘယ်လိုလုပ်ကြမတုံး။ ဆရာ အကြံပေးချင်တာကတော့ တောကဝါးသီးကို မင်းတို့ တတ်နိုင်သမျှ စုဆောင်းပြီး ပုတ်နဲ့၊ ဇွဲနဲ့ လှောင်ထားကြ။ ဝါးသီးကို ထောင်းဖွပ်ပြီး စားရင်ဆန်ထက် လေးလေးပင်ပင် အရသာရှိတယ်။ ဒါက ကြွက်အပွားသက်သာအောင် လုပ်ကြရမှာ။ ဒါလောက်နဲ့လည်း ကြွက်ရန် ကာကွယ်လို့ မရသေးဘူး။ လာမယ့်မိုးတွင်း မောင်တို့ စပါးချတဲ့ အခါ စပါးထဲမှာ နှံစားပြောင်း ခပ်ကျဲကျဲ ချပေး။ ကြွက်စားလို့ စပါးမကျန်တောင် လူစားဖို့ နှံစားပြောင်း ကျန်နိုင်သေးတယ်။ ကြွက်တွေ အစိမ်းမစားနိုင်တဲ့ ပဲမြစ်တို့၊ ပိန်းဥတို့ကိုလည်း များများ ချပေး။ ဝါးသုဉ်းတယ်ဆိုတာ နှယ်နှယ်မထင်ကြနဲ့ကွယ့်။ လူတွေ ငတ်မွတ်ဆင်းရဲ တိုင်းပြည်တောင် ပျက်တတ်

တဲ့။ နိမိတ်ဆိုးကြီးကွယ့်။ ဇမ္ဗူဒီပ၊ နိမိတ္တာဆိုသလို နိမိတ်ထွန်းပြီး ဖြစ်ပေါ်လာရတဲ့ ဒီဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းကြီးမှာ ဆိုးဆိုးကောင်းကောင်း၊ အကြောင်းကြီးတစ်ခုခု မပေါ်ခင်၊ ရှေ့ပြေးနိမိတ် ထင်လာတတ်သကွယ့်။ သတိနဲ့ နေ၊ ချွေချွေတာတာ စုဆောင်းကြနော်။ မောင်တို့တစ်တွေ သရောကြီးခိုင်းမှာစိုးလို့ ဆရာက သတိပေးရတာ။

(*ဂျပန်ခေတ်၌ ဤဒေသတွင် ဆန်စပါး အလွန်ရှားပါးလှ၍ လူအများ ငတ်မွတ်ခေါင်းပါးကြသည်)။

ဤကဲ့သို့ ရှမ်းပြည် တောင်ရိုးတစ်လျှောက် တောင်ပေါ်သားတို့ကို ဘိုကိတ်ကြီး သတိပေးစကား ဟောကြား၍ တရားသံ မမေ့မပျောက်မီပင် ဂျပန်တို့ 'ပါး(လ်)ဟာဗား' ကျွန်းဆိပ်ရှိ အမေရိကန်ရေတပ်ကို ဗုံးကြဲဖျက်ဆီးကြသဖြင့် ဒုတိယစစ်ကြီး၏ တိုက်တွင်းသို့ အမေရိကန်တို့ ဝင်နွှဲရတော့သည်။ ပျဉ်းမနားမြို့ကို ပထမအကြိမ် ၁၉၄၂ ဖေဖော်ဝါရီလ ၁၉ ရက်နေ့၌ ဂျပန်လေယာဉ်ပျံများ ဗုံးကြဲချသည်။ မြို့သူမြို့သားများ၊ အနီးအနားရှိ ရွာများသို့ တိမ်းရှောင် ပြေးလွှားကြသည်။ ရုံး၊ ဈေး စသည့် မြို့၏အသက်လက္ခဏာတို့မှာ ရုတ်ခြည်းပျောက်၍ တစ်မြို့လုံး ဆိတ်ငြိမ်နေသည်။ ကြမ်းပိုးတောလေတို့မှာ အိမ်များကို မီးတိုက်၍ ဖောက်ထွင်းလုယက်ကြသည်။ ဂျပန်၏ ပဉ္စမံတပ်သားများပင်လော။

ပျဉ်းမနားစိုက်ပျိုးရေးကျောင်းမှာလည်း ရန်ကုန်က ပြေးလာကြသော ဒုက္ခသည်တို့၏ စခန်းကြီး ဖြစ်လာသည်။ မတ်လ ၂၉ ရက်နေ့၌ ဒုတိယအကြိမ် ဗုံးကြဲခံရပြန်သည်။ ဧပြီလ ၂ ရက်နေ့၌ ပျဉ်းမနားဘူတာရုံကြီး၊ ဗုံးထိ၍ ပြိုသွားသည်။ ဧပြီ ၃ ရက်နေ့၌ မီးရထား တံတားပတ်လည် ဗုံးကြဲခံရပြန်သည်။ ဤအတောအတွင်း ရမည်းသင်း၊ သာစည်၊ မန္တလေးမြို့များကိုလည်း ရန်သူဗုံးကြဲကြောင်း ကြားသိရသည်။

တရုတ်စစ်တပ်ကြီး ဝင်လာသောအခါ ပျဉ်းမနားတစ်ဝိုက်ရှိ လယ်သမားတို့မှာ ကြောက်လန့်တကြား ပြေးလွှားတော့မည်ဖြစ်ရာ ဘိုကိတ်ကြီးက "ခင်ဗျားတို့ ပြေးဖို့သာ ကြံနေကြတယ်။ ဘယ်ကို ပြေးလို့ ဘာကို စားနေကြမလဲ။ မပြေးကြနဲ့၊ ဤနေ့မပျက်သာနေ။ လူများလေ အစာလိုလေပဲ။ ခင်ဗျားတို့ ခြံတွေကို ပြုပြင်မြဲပြုပြင်၊ ကြက်၊ ဝက်တွေကို မွေးမြဲမွေး၊ ကျုပ် တတ်နိုင်သလောက်တော့ ကူညီပါမယ်" ဤသို့ နှစ်သိမ့်စကား ပြောကြား၍ တရုတ်စစ်ဗိုလ်ကြီးထံသွား၍ စကားဆိုပြီးလျှင် စစ်တပ်ကို ရိက္ခာဆက်သွင်းရေး အဖွဲ့တစ်ခု ဖွဲ့စည်းလိုက်သည်။ ဤသို့ဖြင့် တရုတ်စစ်သားများဝင်စက စနစ်တကျ စီစဉ်ခြင်းဖြင့် လယ်သမား၊ ခြံသမားတို့မှာ မိမိတို့ ဆန်စပါး၊ ဟင်းသီးဟင်းရွက်၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်အတွက် ဈေးကောင်းရလိုက်ကြသည်။ တရုတ်စစ်ဗိုလ်ချုပ်ကြီးက ဘိုကိတ်ကြီးကို စစ်သားလေးသောင်းအတွက် စားနပ်ရိက္ခာ အဝယ်တော်လုပ်ငန်းကို ခန့်အပ်လိုက်သည်။ သို့သော် ဂျပန်စစ်မီးကို တားဆီး၍ မနိုင်သဖြင့် ဧပြီလ ၁၃ ရက် (သင်္ကြန်အကျနေ့ကြီး)တွင် ပျဉ်းမနားမှ တပ်ကုန်း၊ ကူမဲ၊ စစ်ကိုင်း၊ ရွှေဘို၊ ဝန်းသိုအထိ ဆင့်ကဲဆင့်ကဲ အင်္ဂလိပ်စစ်တပ်နှင့်အတူ ဆုတ်ခွာသွားရသည်။ ရွှေဘိုသို့ ရောက်လျှင်ပင် တရုတ်စစ်တပ်၏ ရိက္ခာအဝယ်တော် လုပ်ငန်းမရှိသဖြင့် ဂျင်နရယ် စတီဝဲ(လ်) ကခေါ်၍ အင်္ဂလိပ်စစ်တပ်အတွက် ရိက္ခာအဝယ်တော် ခန့်ပြန်သည်။

ဝန်းသိုသို့ရောက်လျှင် ဂျပန်စစ်သည်တို့က မုံရွာ၊ လားရှိုးနှင့် ဗန်းမော်မြို့တို့ကို ဖြတ်၍ သိမ်းဆည်းလိုက်ပြီ သတင်းရသဖြင့် မဆိုင်းငံ့ဝံ့တော့ဘဲ မြောက်ဘက်သို့ အဆောတလျင် ချီတက်ကြရသည်။ ကသာအထက် အင်းတော်ရွာသို့ရောက်လျှင် ဂျပန်စစ်တပ်တို့ နောက်က ထက်ကြပ်လိုက်လာသည့် သတင်းရပြန်၍ မြောက်ဘက် မိုးကောင်း၊ ကေမိုင်းလမ်းက မဆုတ်တော့ဘဲ အနောက်ဘက်သို့ ရှိသမျှ မော်တော်

ကား၊ ထရပ်(ခ်)ကားများနှင့် အပြင်းစိုင်းကြသည်။ ချင်းတွင်းမြစ်ကမ်းသို့ရောက်လျှင် မော်တော်ကားများကို ဖျက်ဆီး၍ မသယ်နိုင်သည့် ပစ္စည်းများကို ဝေငှပြီးလျှင် တစ်ဖက်ကမ်းသို့ ဖောင်နှင့်ကူးကြသည်။ ဂျင်နရယ်စတီးဝဲ(လ်)တို့လူသိုက်မှာ အလွန်ငတ်ပြတ်ဆာလောင်နေခိုက် အမေရိကန့်လေယာဉ်ပျံတစ်စင်းက လေထီးများဖြင့် ရိက္ခာသေတ္တာများကို ချင်းတွင်းမြစ် သောင်ကမ်းပေါ်သို့ ချပေးကြသောကြောင့် သေကံမရောက်ဖြစ်ကြသည်။ ၎င်းကမ်းခြေမှ ဤရိက္ခာ သေတ္တာနှင့် အထုပ်အပိုးတို့ကို ထမ်းရန် ကူလီခြောက်ဆယ်ကျော်ကို ဘိုကိတ်ကြီးက စုဆောင်း၍ ဂျင်နရယ်စတီး(လ်)နှင့် ပေါင်းလူတစ်ရာ ပခုံးထမ်း ကူလီခြောက်ဆယ်ကျော်ကို ကူလီခေါင်းပြု၍ မဏိပူရနယ်ဘက်သို့ မိုင် ၂၀၀ ကျော် တစ်တောင်တက်၊ တစ်တောင်ဆင်း ခရီးပြင်းကြီး နှင်ရလေသည်။ မဏိပူရဘက်သို့ရောက်မှ အိန္ဒိယပြည်မှ အကူလွှတ်လိုက်သော ရိက္ခာတပ်နှင့်ကြုံ၍ ဘိုကိတ်ကြီးမှာ တာဝန်အေးသွားသည်။ ထိုနေ့ အစာငတ်ငတ်နှင့် ဘီစကစ်မုန့်တွေကို အရမ်းစားမိ၍ ဝမ်းဖောဝမ်းရောင် ဖြစ်သွားကြောင်း ဘိုကိတ်ကြီး၏ မေတ္တာစာများ၌ ဖတ်ရသည်။

❑

# ၁၄။ ငါ့သား

(ဗိုလ်ကိတ်ကြီးက သားထံပေး မေတ္တာစာ)
(အမေရိကန် စစ်ဌာန)

ဖေဖော်ဝါရီလ ၄ ရက်၊ ၁၉၄၄။

ဖေဖေ့အချစ်ဆုံး ကလား(ခ်)

ဒီကနေ့ မင့်မွေးနေ့ပဲ၊ မင်း အသက် ၂၆ နှစ် ရှိပြီ။ ပျဉ်းမနားမြို့၊ သာသနာအိမ် အပေါ်ထပ် အိမ်ရှေ့ အိပ်ရာခန်းထဲမှာ မင်းမွေးဖွားပုံ၊ ဖေဖေ မြင်ယောင်နေတယ်။ မင်းကို မေမေ့ဝမ်းက ချွတ်လို့ တောင်ငူမြို့ မီးရထားဆရာဝန်က မင်းကို လက်ထဲ မြှောက်ပြီး လည်ပင်းကိုပတ်နေတဲ့ ချက်ကြိုးကို ဖြေနေတာ ဖေဖေ မြင်မိတယ်။ မင်းက အသာ ကလေး ငြိမ်ခံနေတော့ ဆရာဝန်က မင့်တင်ပါးကို ဖတ်ခနဲရိုက်ပြီး ဘယ်လက် ညာလက်ပြောင်းပြီး ပလာတာလုပ်လိုက်တော့မှ မင်းက ဗမာသံပီပီနဲ့

'အမေ'လို့ အော်လိုက်သကွယ့်။ မင်း မွေးခါစတုန်းက တော့ နီနီရဲရဲကလေး၊ အရေတွေ တွန့်လိမ်နေလို့ အဘိုးကြီးအိုကလေးလိုပဲ။ မင့်ဆံပင်က ညိုတိုတို၊ ကိုယ်အလေးချိန်က ခုနစ်ပေါင်ခွဲ ရှိတယ်။ မင့် လည်ပင်းကလေးကို ဆုပ်ကြည့်တော့ ဖေဖေ့ လက် တစ်ဆုပ်ပဲ ရှိတယ်။ မင်းကိုယ်လုံးကလည်း ဖေဖေ့ တစ်လက်ဝါးစာပဲရှိတယ်။ အသံကတော့ မခေလှ ဘူးကွ။ ဆာတဲ့အခါများ သာပြီး အသံကောင်းဟစ် နိုင်သေးတယ်။ အစားလည်း မညံ့လှဘူးကွယ့်။ ဒါပေမဲ့ မင်း နို့စို့သလောက် အသားမတိုးဘူး။ ညည ကျရင် မင်း ငိုလွန်းလို့ ဖေဖေ ကုန်းပိုးပြီး ချော့ရတာ မနည်းဘဲ။

မင်းလည်း ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးတော့ တောင်ကြီးမြို့က ဒေါက်တာအပုန်ဆီသွားပြီး ဆေး ကျွေးရတယ်။ အင်္ဂလိပ်ဆရာဝန်ကြီးကတော့ မင့်ကို သက်ဆိုးရှည်မယ်ကို မထင်ဘူး။ မင့်မေမေကိုတော့ ကိစ္စမရှိပါဘူး။ ပျဉ်းမနားကိုသာ ပြန်သွားပါလို့ဆိုပြီး လွှတ်လိုက်သကွယ့်။ ဆရာဝန်များက ကိစ္စမရှိဘူးလို့ ပေါ့ပေါ့ပြောလိုက်ရင် ကိစ္စရှိတတ်သကွယ့်။ ဒါနဲ့ ရန်ကုန်မြို့က ဆရာမကြီး ဒေါက်တာ ကင်းစလီဟာ ကလေးကုအင်မတန်ကောင်းတယ် ကျော်လို့ သူ့ဆီ ခေါ်သွားတော့ ဒေါက်တာကင်းစလီက မအေနို့ကို ဖြတ်ပြီး နို့မှုန့်တိုက်ရမယ် ဆိုသကွယ့်။ နို့မှုန့်တိုက် တော့မှ မင်းလည်း အသားတိုးပြီး ဝဝဖြိုးဖြိုး ဖြစ်လာ

တာပဲ။ မင်းဟာ အယ်လင်ဘာရီ နို့ဘူးပေါ် ခွပြီး ကြီးလာတဲ့လူပဲ။ မင်း အခါလည်သားကျတော့ လူကြီးဝိုင်းထဲဝင်ပြီး နို့ထမင်းတို့၊ ဟင်းသီးဟင်းရွက်တို့ စားရပြီ။ မင်းတော့ ကျွေးသမျှ စားတာပဲ။ မုန်လာဥဝါ ပြုတ်ကျတော့မှ မစားဘဲ ငြင်းနေတယ်။ ဖေဖေက အတင်းစားခိုင်းနေတော့ နာရီဝက်လောက် ငြင်းပြီး ငေးနေရာက ဘာစိတ်ရတယ် မသိဘူး။ ဇွန်းနဲ့ကော်ပြီး ပလုတ်ပလောင်း စားလိုက်တာ၊ အဲဒီကစပြီး ဥဝါကို မင်း အမြဲကြိုက်တော့တာပဲ။

မင်း သိတတ်တဲ့ အရွယ်ရောက်တော့ ဒေါက်တာကင်းစလီဟာ မင့် အသက်သခင် ကျေးဇူးရှင်ပဲလို့ ဖေဖေတို့က ပြောပြတဲ့အခါ မင်းက ဖေဖေ၊ ကျွန်တော်ကြီးရင် ဆရာဝန် လုပ်မယ်။ တခြားကလေးတွေကို ကယ်ချင်တယ်လို့ မင်းပြောလေ့ရှိတယ်။ အခု မင်းလည်း ဆရာဝန် အရင့်မာကြီး အတန်းကို ရောက်ပြီ။ မင်း ငယ်ငယ်က ကတိအတိုင်း ကလေးသူငယ်တွေကို ကယ်ဆယ်ဖို့ အခွင့်ထူးကြီးရပြီ။ တို့ ဗမာစကားပုံလို ဆန်ကုန်မြေလေးတော့ မဖြစ်စေနဲ့ မောင်။ လောကကြီးရဲ့ ကျေးဇူးကြွေး မင့်အပေါ် မတင်စေနဲ့။ မင့်ကျေးဇူးသာ လောကကြီးပေါ် တင်ပစေ။ မင်း အသက်ရှင်တဲ့ လောကမှာ မင်း အသက်မရှင်ခင်တုန်းက လောကထက် ပိုပြီး ကောင်းလာရမကွယ့်။ မင့်ရည်ရွယ်ချက် ရှိသမျှမှာ လက်ညှိုးတည့်တည့် ထိုးသလို သူများအကျိုးသာ

ဖြစ်စေရမကွယ့်။ မင့်လက်ညှိုးက ကွေးပြီး ကိုယ့်ဘက် ကိုယ်ထိုး၊ ကိုယ်ကျိုးရှာလာမှဖြင့် ဘယ်တော့မှ ကိုယ်စိတ်နှစ်ဖြာ မချမ်းသာနိုင်ဘူး။ ဒါကြောင့် တို့ဗမာစကားပုံက ကောက်သော် မစားလောက်၊ ဖြောင့်သော် စားမကုန်လို့ ဆိုရိုးရှိတာ။ သူတစ်ပါး အကျိုးဆောင်ရင် အိုတောင် မဆင်းရဲဘူးအဲ့။

မင့် ဖေဖေ မျိုးရိုးက နယူးအင်္ဂလန် ပြူရီတန် မျိုးရိုးကွယ့်၊ မင့်မေမေမျိုးရိုးက ပြန့်သစ်ပြည် ဟူးဂေနော့ မျိုးရိုးကွယ့်။ ဘုရားအတွက်ဆို အသက်ကို စွန့်စားတဲ့ မျိုးရိုးချည့်ပဲ။ မင်းလည်း မျိုးရိုးဂုဏ်ကို ထောက်ပြီး ဘုရားကို ကျိုးကျိုးနွံနွံနဲ့၊ သူတစ်ပါး အကျိုးကို ကြပ်ကြပ်ဆောင်ရင် ဖေဖေတော့ သားတစ်ယောက် ဖွားမြောက်ကျိုး နပ်လှပေပြီလို့ အောက်မေ့တာပဲ။

အမေရိကန်ပြည်မှာရှိတဲ့ ဖခင်တွေကတော့ စားတွေ စစ်မက်ရေးရာနဲ့ တိုင်းခြား နယ်ဝေးသွားနေရတဲ့အတွက် ဆုမွန်တောင်းရကြတယ်။ တို့မှာတော့ သားက အမေရိကန်ပြည်မှာ၊ ဖေဖေက တိုင်းခြားနယ်ဝေး စစ်မြေပြင်ရောက်နေရတဲ့အတွက် ထူးခြားတယ် ဆိုရပေမယ်။ ဖေဖေ့အတွက် ကြပ်ကြပ် ဆုတောင်းပေးကွယ့်။

မင့်မေမေ တို့ဆီက ခွဲသွားတာ လေးနှစ် ရှိပြီကွယ့်။ စစ်ကြီးဖြစ်နေတာ နှစ်နှစ်ရှိပြီ။ လောကရေးရာတွေလည်း ကပြောင်းကပြန် ပြောင်းလဲ

တော့မယ်ဆိုတာ ဖေဖေ မြင်ယောင်နေတယ်။ ဘာပဲဖြစ်ဖြစ် ဘုရားကိုသာ မပစ်ရင် ဖြစ်သမျှ အကြောင်းအကောင်းချည့်ပဲဆိုတာ ဖေဖေ ယုံကြည်တယ်။

ဖေဖေလည်း မြန်မာပြည်ကို လွမ်းဆွတ်လှပြီ။ ဗမာလူမျိုးရဲ့ မေတ္တာကြွေးတွေ၊ ဖေဖေ့အပေါ်မှာ ဆပ်မကုန်အောင် တင်နေတာ၊ ကွက်ကွက်ကွင်းကွင်း မြင်လှာတယ်။ ဖေဖေ့တပည့်တွေ ဘယ်လိုနေလို့ ဘယ်လိုထိုင်တယ်ဆိုတာ သိချင်လှပြီ။ ဖေဖေ့လက်ငုတ်လက်ရင်းဖြစ်တဲ့ စိုက်ပျိုးရေးကျောင်းကိုလည်း ပြန်လည် ထူထောင်ချင်လှပြီ။ အကြံသစ်၊ ဉာဏ်သစ်တွေ ဖေဖေ့ ဝမ်းထဲ ပြည့်နေတာပဲ။ ဖေဖေ့ခြေနေရာကို လိုက်နိုင်မယ့် ဗမာအမျိုးသား အမှုတော်ဆောင်တွေ မြင်ချင်လှပြီ။ ဖေဖေ သေတာတောင် ဖေဖေ့လုပ်ငန်းကို တိုးတက်ကြီးပွားပြီး မြန်မာပြည်ရဲ့ အကျိုးကို များများကြီး ဖြစ်ထွန်းစေချင်တယ်။ သို့သော်လည်း ဘယ်ကိစ္စမှ လူကြံလို့ မပြီး။ ဘုရားဖန်တီးမှ ဖြစ်မြောက်မှာမို့ ဘုရားသခင်ကိုပဲ ယုံကြည်အားထားရတော့တာပဲ။

ဖခင်၏ အနန္တမေတ္တာနှင့်

**ဘရေတန်၊ စီ၊ ကော့(စ်)**

❑

## ၁၅။ ပြည်တော်ပြန်

ဂျင်နရယ် စတီး(လ်) ဝဲ(လ်)နှင့် ဘိုကိတ်ကြီးတို့လူစုသည် မဏိပူရ မီးရထားဘူတာရုံမှ ဂေါဟာတီမြို့သို့စီး၍ ဂေါဟာတီမြို့မှ ကာလကတ္တားမြို့သို့ ဆိုက်ရောက်ကြသည်။ ကာလကတ္တားမြို့၌ နားနားနေနေ စားစားသောက်သောက်နှင့် အသားအရေ ဖြည့်တင်းရသည်။

ကာလကတ္တားတွင် ဂျင်နရယ် စတီး(လ်)ဝဲ(လ်)က ဘိုကိတ်ကြီးကိုခေါ်၍ ခင်ဗျားဟာ အမေရိကန် သာသနာပြုဆရာတစ်ပါး ဖြစ်ကြောင်း သိပါတယ်။ သို့သော်လည်း ခေတ္တခဏ စစ်ကြီးပြီးအထိ အမေရိကန် စစ်တပ်ကိုပြောင်းပြီး အမှုထမ်းစမ်းပါ။ ခင်ဗျား မြန်မာပြည်ကိုလည်း ချစ်တယ်၊ မြန်မာစကားလည်း တတ်တယ်၊ ခင်ဗျားကို ကျွန်တော်တို့ လိုနေတယ်၊ လူချင်းခင်လို့လည်း ခင်ဗျားကို ခေါ်တာပါ။

ဘိုကိတ် ။ ။ ကျုပ်က စစ်မတိုက်တတ်ဘူး၊ ဝါသနာလည်း မရှိဘူး။ သာသနာပြုဆရာကို စစ်ထဲ ဆွဲထည့်လို့ ဘယ်ဖြစ်မတုံးဗျ။

ဂျင်နရယ် စတီး(လ်)ဝဲ(လ်) ။ ။ မဟုတ်ပါဘူး၊ မစ္စတာကော့(ခ်)ရဲ့၊ ခင်ဗျားကို လက်နက်ကိုင်တပ်ထဲ ဝင်တိုက်ခိုင်းဖို့ မဟုတ်

ပါဘူး။ ခင်ဗျားလို ပုဂ္ဂိုလ်မျိုး ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတွေ၊ အနမတဂ္ဂ ရှိပါတယ်။ စစ်သားတွေကို တရားဟောကြားဖို့၊ မြန်မာပြည်ထဲ ဝင်တဲ့ အခါ မြန်မာတွေနဲ့ နားလည်မှုရှိအောင် မိတ်ဆက်ပေးဖို့၊ အစာရိက္ခာကို ရှာဖွေစုဆောင်းဖို့ အစရှိတဲ့လုပ်ငန်းတွေ အများကြီးရှိပါတယ်။ လက် မလည်အောင် လုပ်စရာတွေ များပါတယ်။

ဘိုကိတ် ။ ။ ဒီလို အလုပ်မျိုးတော့ လုပ်ချင်ပါရဲ့။ သို့သော် လည်း ကျုပ်ကိုယ်ကို ကျုပ်ပိုင်တာ မဟုတ်ဘူး။ သာသနာပြု အသင်း ကြီးကို ပဋိညာဉ် ပေးပြီးဖြစ်လို့ သူတို့က ခွင့်ပြုမှ စစ်မှုဘက်ကို ကူးနိုင်မယ် ဗျ။

ဂျင်နရယ် ။ ။ ဒါတော့ မခဲယဉ်းပါဘူးဗျာ၊ ကျွန်တော်က နယူးဒေလီမြို့ အမေရိကန် စစ်အုပ်ချုပ်ရေး ဗဟိုဌာနကြီးကို စာရေး လိုက်ပါ့မယ်။ သူတို့က လိုချင်တယ်ဆိုရင် ခင်ဗျား မြေလှျိုးမိုးပျံပြီး ပုန်းလို့တောင် လွတ်မှာမဟုတ်ဘူး။ ခင်ဗျားလည်း စဉ်းစားဦးလေ။ ခင်ဗျားကိုလည်း မနှစ်မြို့က်မယ့် အလုပ်ကို အတင်း မလုပ်စေချင်ပါဘူး။ စစ်ဌာနချုပ်ကျတော့ ခင်ဗျား သဘောအလိုကိုလည်း ပြောပြပေါ့ဗျာ။ စဉ်းစားဖို့ အချိန်လည်း ပေးပါဦးမယ်။

ဘိုကိတ်။ ။ကောင်းပါပြီဗျာ၊ သာသနာပြု အသင်းကြီးက သဘောတူရင် ကျွန်တော့်ကို ကောင်းမယ်ထင်သလို အသုံးချနိုင် ပါတယ်။

* * *

ဘိုကိတ်ကြီးကို ၁၉၄၂ ခုနှစ် မေလ ၁ ရက်နေ့ကစ၍ သာသနာပြုအသင်းချုပ်ကြီးက စစ်ဌာနချုပ်သို့ ခေတ္တ ငှားရမ်းလိုက် သည်။ စစ်မှုထမ်းတုန်း မပျော်ပိုက်လျှင်သော် လည်းကောင်း၊ စစ်ပြီးငြိမ်း သည့်အခါ၌ လည်းကောင်း ဘိုကိတ်ကြီးကို သာသနာလုပ်ငန်းသို့

ပြောင်းရွှေ့ပေးစေရမည်ဟူ၍ စီစဉ်ကြသည်။ ဘိုကိတ်ကြီးသည် စစ်မှုထမ်းသည့်အခါ မေဂျာကာနယ်ရာထူးတို့ကို လက်မခံဘဲ စစ်ဝတ်စစ်စားကိုသာ ဝတ်လေသည်။ မည်သည့်ရာထူးအဆောင်အယောင် အထိမ်းအမှတ်ကိုမျှ မတပ်ဆင်၊ အရပ်အမောင်းနှင့် လုပ်ပုံကိုင်ပုံနှင့်ပင် မြင်သူတို့ ရိုသေကိုင်းရှိုင်းကြသည်။

ဘိုကိတ်ကြီးလုပ်ငန်းမှာ မြန်မာပြည် (ကချင်နယ်နှင့် ဟူကောင်းတောင်ကြား)မှ စစ်ပြေးဒုက္ခသည်များကို နေရာချထားရသည်။ အလုပ်အကိုင် ရှာဖွေပေးရသည်။ မြေသစ်၊ ယာသစ် ဝေငှ၍ စိုက်ပျိုးရေးတွင် ထူထောင်ပေးရသည်။ ဖျားနာသည့် စစ်သားများ၊ ဒဏ်ရာရသော စစ်သားများကို ကြည့်ရှုပြုစုသည်။ မြန်မာပြည်တွင်းရှိ ရွာတစ်ရွာကို ပြန်၍ ဝင်မိတိုင်း ရပ်သူရပ်သားများနှင့် စစ်သားများကို မိတ်ဆက်ပေးရသည်။

အမေရိကန် စစ်သားများမှာ ငယ်ရွယ်သူများလည်းဖြစ်၊ မြို့ကြီးပြကြီးများ၌ နေထိုင်ကြီးပြင်းလာသူများလည်းဖြစ်၊ မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့်လည်း ဝေးကွာ၊ အပူလည်း ပြင်းထန်၊ မိုးရေလည်း တရွဲရွဲ၊ မှက်၊ ခြင်၊ ကင်း၊ သန်း ထူထပ်လှသော တောကန္တာရကြီး၌ ရွက်ထည်တဲများနှင့် နေရကြသဖြင့် မိဘရပ်ထံကို လွမ်းဆွတ်တသကြသည်။ စစ်ကြီးကို ငြီးငွေ့လှသည်။ ဂျပန်များကို ကျိန်ဆဲကြသည်။ ဘိုကိတ်ကြီးသည် ရွှင်ရွှင်လန်းလန်း ဖျတ်ဖျတ်လတ်လတ် လုပ်ကိုင်နေကြသည်ကို မြင်ကြလျှင်။ ။ "ကျွန်တော်တို့တော့ မြန်မာပြည်ဆိုရင် ကြောက်လှပါပြီဗျာ။ စစ်ထဲဝင်မိလို့သာ ဒီလိုအရပ်မျိုး လာပြီး ငရဲခံနေရတာ။ ခင်ဗျားတော့ မြန်မာပြည်မှာ လာပြီး တစ်သက်ပတ်လုံး သာသနာပြုနေနိုင်တာများ အံ့ပါရဲ့"

ဘိုကိတ်ကြီး ။ ။ အဲဒါ မောင်တို့ အမြင်လွဲတာ၊ အလုပ်

လုပ်တယ်ဆိုတာ ဒေသဟာ ပဓာနမဟုတ်ဘူးကွယ့်။ အပေါင်းအသင်းသာ ပဓာနဖြစ်တယ်။ အဆွေခင်ပွန်းတွေထဲမှာ အလုပ်လုပ်ရရင် တော်ရုံဆင်းရဲကို ဆင်းရဲမထင်ဘူး။ ကျုပ်မိတ်ဆွေတွေဟာ မြန်မာပြည်မှာရှိတယ်။ သူတို့နဲ့အတူတူနေလို့ သူတို့ကို ကူညီဖော်ရရင် ကျုပ်မှာချမ်းသာတာပဲ။

ဒါနဲ့ မင်းတို့တစ်တွေ မနေ့ညက တစ်ညလုံး လက်နက်ကိုင်ပြီး 'အတင်းရှင်း' လုပ်နေကြလို့ အိပ်ရေးပျက်ကြဆို။ စန္ဒရီတွေကလည်း တောင်ပစ် မြောက်ပစ်နဲ့။ သေနတ်တွေဖောက်လို့၊ ရန်သူလာတယ်အောက်မေ့နေကြ ထင်ပါ့။ ငါတော့ အသိသားပဲကွ။ လူမှားပြီး ပစ်လိုက်မှာစိုးလို့၊ တဲထဲက မထွက်ရဲဘူး။ ရန်သူလာတာ မဟုတ်ဘူးကွ၊ လင်းဆွဲတွေလာပြီး စစ်တပ်နားက သစ်သီးတွေ လာစားနေကြတာ။ မင်းတို့က တောသံကို နားမလည်တော့ အအိပ်ပျက် ခံရကြတာပေါ့ကွာ။ ဟား... ဟား...ဟား၊ မလိမ္မာ တစ်ခါမိုက်စမြဲပဲ။

ဘိုကိတ်ကြီးကို စစ်သားတိုင်း ချစ်ခင်ကြသည်။ သူ ခိုင်းလျှင် မဆိုင်းမတွ လုပ်ကိုင်ကြသည်။ စခန်းချရာ နေရာတိုင်း၌ ခမ္မာရုံတဲတစ်ခုကို ချက်ချင်းထိုးကြသည်။ ဥပုသ်နေ့တစ်နေ့၌ 'အာမီချက်ပလိန်း' (စစ်တပ်ဘုန်းကြီး)ကိုယ်စား ဘိုကိတ်ကြီး တရားဟောရသည်။ ရွေးလိုက်သော ကျမ်းချက်မှာ ဟေရှာယ ၆၁း၃ ဖြစ်သည်။ ၎င်းကျမ်းချက်ကား "စိတ်မသာ ညည်းတွားသော ဇိအုန် မြို့သားတို့အဖို့ စီရင်၍ ပြာနေရာ၌ ဖောင်းသရဖူ ဝမ်းနည်းခြင်းနေရာ၌ ဝမ်းမြောက်ခြင်း နံ့သာဆီ၊ ညှိုးငယ်သော စိတ်သဘော နေရာ၌ ချီးမွမ်းခြင်း အဝတ်တန်ဆာကို သူတို့အားပေးစေခြင်းငှာ လည်းကောင်း ငါ့ကို စေလွှတ်တော်မူပြီ။ ထိုသူတို့သည် ဖြောင့်မတ်ခြင်း သပိတ်ပင်၊ ဘုန်းအသရေတော်ဖို့ ထာဝရဘုရား စိုက်ပျိုးတော်မူသော အပင်ဟူ၍ သမုတ်ခြင်းကို ခံရကြလိမ့်မည်"

ဤကျမ်းချက်ကို အစွဲပြု၍ ဘုရားသခင်၏ အကြံအစည်တော် ဆန်းကြယ်ပုံကို အကျယ်တဝင့် ဖွင့်၍ ဟောကြားလေသည်။ စိတ်ညစ်နေသော စစ်သားတို့မှာ ဝိညာဉ်ခွန်အား၊ ကာယခွန်အား၊ တစ်အားတက်လာကြသည်။ ဒေသနာ၏အဆုံး၌ 'အာမီချက်ပလိန်း' က...

ဒီလူဟာ ကြည့်ကြစမ်း၊ သူ့လုပ်ငန်းဖြစ်တဲ့ သာသနာကျောင်းကြီးဟာ ပြာကျသွားပြီ။ သူလည်း အသက်ကြီးပြီ။ ဒါတောင် စိတ်ပျိုကိုယ်နုနဲ့ ဖွဲ့သန်တုန်းရှိသေးတယ်။ ပြာပုံကနေပြီး ဗောင်းသရဖူ ပေါ်လာအောင် တည်ထောင်ဦးမတဲ့။ သူ့ကို စိုးမိုးနေတဲ့ ဘုရားဟာ တယ်... တန်ခိုးကြီးပါသလား။ ဘယ်တော့မှ အရှုံးမခံတဲ့ ဖွဲ့မျိုးပဲ။ သူ့စေတနာကို မြင်ရတဲ့အခါ တို့...လူငယ်တွေဟာ ရှက်စရာတွေ ဖြစ်နေပါပကော။

စစ်သားများကလည်း ဆရာကြီးရဲ့ကျောင်းကို စစ်ပြီးလို့ ပြန်ထူထောင်တဲ့အခါ ကျွန်တော်တို့ကို အကြောင်းကြားပါ။ ကျွန်တော်တို့လည်း ဝိုင်းဝန်းကူညီပါရစေ။

* * *

အမေရိကန် ဗိုလ်မှူးတစ်ယောက်၏ ဒိုင်ယာရီမှတ်တမ်းတွင် ဤသို့ တွေ့ရသည်။

ဇွန်လ ၂၈။ ။ မစ္စတာကော့(စ်)နှင့် တွေ့သည်။ သူ့တဲသို့ သွား၍ စကားစမြည်ပြောရသည်။ စိုက်ပျိုးရေးသမား တစ်ယောက် ဖြစ်သည်။ မြန်မာပြည် စိုက်ပျိုးရေးကို တိုးတက်အောင် ဆောင်ရွက်ခဲ့သူ တစ်ယောက်ဖြစ်သည်။

ယခု ဟူကောင်းတောင်ကြားဒေသရှိ ရွာများကို ပြန်၍ ထူထောင်ပေးနေသည်။ နောင်အခါ ရွာသားများ အချိန်မီ စိုက်ပျိုးရအောင် ဟင်းသီးဟင်းရွက် ပျိုးခင်းများ ချထားသည်။ စစ်ပြေး

ဒုက္ခသည်များ မိမိတို့ရွာကို ပြန်ရောက်လျှင် မျိုးစေ့အစား ပျိုးပြီး အပင်များကို ဝေငှခြင်းဖြင့် အချိန်ကုန်သက်သာ၍ မြန်မြန် စားရကြမည် ဆိုသည်။ စစ်ပြေးဒုက္ခသည်များ ဝေါ်ပြုတ်နေသည်ကြား၍ သူ သွားရပြန် ပြီ။ စိတ်မြန်လက်မြန် ရှိလှသည်။ အစိုးရအရာရှိတွေ နှေးကွေးပုံကို သူ စိတ်မရှည်။ တောထဲ၌ ကဲ့ဝှက်သိုလှောင်ထားကြသော စပါးများကို ရအောင်ရှာ၍ ဝေါ်ပြုတ်သူတို့ကို ကျွေးမွေးရသည်။ မည်သူ့ကိုမျှ အကြောက်အရွံ့မရှိ။ အကြံအစည် တစ်ခုခုရှိလျှင် စစ်ဘက်အရာရှိတို့ကို မရမချင်း ပူဆာတတ်သည်။ သူ့စေတနာကို သိကြလို့ ဘယ်သူမှ စိတ်မဆိုးနိုင်။ သူ့စိတ်ထဲက ရှိသမျှကို အားမနာတမ်း ဘွင်းဘွင်းကြီး ပြောတတ်သူတစ်ယောက် ဖြစ်သည်။

ဒီလူမှ တကယ့်သာသနာ့ဝန်ထမ်းကြီးပဲ။ တယ်လည်း သဘော ထားမြတ်တဲ့ ပုဂ္ဂိုလ်ပဲ။ သူ့ကိုမြင်ရင် ခရစ်တော်ကို မြင်ရတာနဲ့ အတူတူ ပဲ။ ငွေကိုလည်း မမက်ဘူး။ သူများ ချီးမွမ်းစကားလည်း မမက်ဘူး။ ကာယဗလကလည်း အင်မတန်ကောင်း၊ သတ္တိ ဇွတ္တိ အင်မတန်ကောင်း၊ အသက်လည်းကြီးပြီ၊ အပင်ပန်းလည်း ခံနိုင်တုန်းပဲ။

* * *

ဘိုကိတ်ကြီးသည် ကာမိုင်းနယ်၌ ပျိုးခင်းများအနှံ့အပြား ချပေးရသည်။ ထိုအခါ၌ အထက်အရပ်တွင် ဆန်စပါး လွန်စွာ ရှားပါး၍ မျိုးစပါးပင်ရရန် ခဲယဉ်းလှသည်။ အင်းတော်ကြီး၌ စပါး ရနိုင်သည် ကြား၍ မျိုးစပါးဝယ်ရန် သွားကြသည်။

ကာမိုင်းမြို့ အနောက်တောင် သုံးမိုင်ကွာအရပ်တွင် လက်ပံ ကုံးရွာ ရှိသည်။ ၎င်းရွာအနီး ရေမောင်းရွာကလေး၌ မောင်ဘကျန်ဆိုသူ တစ်ယောက်နှင့် ဘိုကိတ်ကြီးသည် မိတ်ဆက်မိသည်။ မောင်ဘကျန်မှာ

ယခင်က ကာမိုင်းမြို့တွင် လက်ဖက်ရည်ဆိုင် ဖွင့်ဖူးသည်။ မောင်ဘကျန်ကို အဖော်ပြု၍ ဘိုကိတ်ကြီးသည် ဇူလိုင်လ ၁၁ ရက်နေ့တွင် ကာမိုင်းသို့သွားကြသည်။ ကာမိုင်းမှ အင်းတော်ကြီးဘက်သို့ လှေနှင့်သွားကြသည်။ ပိန်းကောမနှစ်စင်းကို ဖောင်တွဲ၍ ပွဲချိတ်စက်နှင့် ခုတ်မောင်းရသည်။ ၎င်း၌ ဦးစီးပွဲကိုင် အင်္ဂလိပ်စစ်သားနှစ်ယောက် ပါသည်။ ဆရာကြီးနှင့် မောင်ဘကျန်တို့ပါ ပေါင်း လေးယောက်သာ ပါသည်။ ဇူလိုင်လ ၁၄ ရက်နေ့ နံနက်ခင်းအချိန် အင်းတော်ကြီးထိပ် ချောင်းဝရွာမှ အထွက် ၁ နာရီခန့် ခုတ်မောင်းပြီးသော် လှေသည် ရုတ်တရက် တစ်ဖက်သို့ တိမ်းစောင်းသွားရာ အပြင်ဘက် ပိန်းကောမထဲသို့ ရေဝင်လာသည်။ လှေပေါ်ရှိ လူများလည်း အတွင်းဘက်သို့ ဖိ၍ ပြောင်းလိုက်ကြလျှင် အတွင်းဘက် ပိန်းကောမထဲသို့ ရေဝင်ပြန်သည်။ ပိန်းကောမတို့မှာ ရေအပြည့်ဝင်သော်လည်း နစ်သည်မရှိ။ ပေါလောပေါ်မြဲသာ နေတတ်သဖြင့် အင်္ဂလိပ်စစ်သားနှစ်ယောက်မှာ လှေနံကိုတွယ်လျက်နေကြသည်။ ဘိုကိတ်ကြီးနှင့် မောင်ဘကျန်တို့မှာကား လှေပေါ်မှ စဉ်၍ ကျသွားကြသည်။ ဘိုကိတ်ကြီးသည် မောင်ဘကျန်အား "ဟေ့...မောင်ဘကျန်၊ လှေနံကိုဖက်ထားနော်။ မလွှတ်စေနဲ့၊ မင်း ရေမကူးတတ်ဘူး" ဟု အော်၍ ပြောလိုက်သေးသည်။

ဘိုကိတ်ကြီးမှာ နဂိုကပင် အရပ်အမောင်းကောင်း၍ ထွားကျိုင်းလေးလံသူတစ်ယောက် ဖြစ်သည်။ ထိုအခါ စစ်ဝတ် စစ်စား၊ စစ်ဖိနပ်၊ သံချပ်ခမောက်၊ ရေဘူး၊ လွယ်အိတ်များတို့ ဝတ်ဆင်ပြီးသား ဖြစ်နေသည်။ ရေကူးလည်း မတတ်၊ မောင်ဘကျန်အား သတိပေးစကား ပြောပြီး၍ မကြာမီပင် ရေထဲသို့ မြုပ်၍သွားသည်။ နောက်ထပ် မပေါ်လာတော့ချေ။ တခြား လှေတစ်စင်းရောက်လာ၍ လှေမှောက်သူတို့ကို ကယ်ဆယ်ရင်း အနီးတစ်ဝိုက်၌ အတန်ကြာအောင် စောင့်ဆိုင်း ကြည့်ရှုနေကြသေး

သည်။ နောက်ဆုံး ပေါ်လာမည့် အရိပ်အယောင်မမြင်မှ ကာမိုင်းဘက်သို့ ခုတ်မောင်းသွားကြသည်။ အင်းတော်ကြီးရေကား လူငုပ်၍ မရအောင် နက်လှ၏။

နောက်ဆုံးစကားကား မှတ်သားဖွယ် ကောင်းလှ၏။

“မောင်ဘကျန်၊ လှေနံကို ဖက်ထားနော်၊ မလွှတ်စေနဲ့၊ မင်း ရေမကူးတတ်ဘူး”

မနုဿတ္တ ဒုလ္လဘရေယဉ်ကြော၌ မောင်ဘကျန်၊ မမယ်ကျန် ဖြစ်သော ယောကျ်ား၊ မိန်းမတို့သည် မည်သူမျှ ရေယဉ်ကြောကို မကူး တတ်။ ကိုးကွယ်ရာ၊ ကယ်ဆယ်ရာဖြစ်သော အရှင်ကို မလွှတ်တမ်း မိမိရရ တွယ်နိုင်မှ ချမ်းသာရကြတော့မည်။

မောင်ယု

❑